အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

[Book.166(2660-2674)

ထာဝရလျှို့ဝှက်နယ်မြေ

.May Be:

.အဆုံးမဲ့ဓားကမ္ဘာ

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၆၆၀ - လက်လွှဲပေးရမလား။

ဒါဆိုတိုက်ခိုက်ရအောင်

ဤအခြေအနေနှင့် ပတ်သက်၍
ယန်ယွဲ့၏သဘောထားက ရှင်းပါသည်။

သူသည် အပေးအယူလုပ်ပြီး
နောက်ပြန်ဆုတ်သွားတတ်သူမဟုတ်ပေ။
ထိုသို့လုပ်လိုက်ရင်လည်း သူ့အတွက်
ပြဿနာရှင်းသွားမှာမဟုတ်ဘဲ
ချက်ချင်းတောင်အသတ်ခံရနိုင်၏။

တစ်စုံတစ်ယောက်ဟာ

သူလိုချင်သည့်အရာမှန်သမျှကို

သင့်ဆီကနေ

တောင်းဆိုလာပါကပေးလိုက်ရမည်လား

။ ထိုလူက သင်၏ဇနီးသည်ကို

လိုချင်ပါကပေးလိုက်မည်လား။

လူတိုင်း၏အမြင်မှာ

မည်သို့ပင်တွေးနေပါစေ

ယန်ယဲ့အတွက်ကတော့

နှိမ့်ချနေရသောဘဝထက်

အသေခံတိုက်ခိုက်တာသာအကောင်းဆုံး

ပင်။

ဟန်ယွမ်စု၏ မျက်နှာက

တော်တော်လေးကို မှိုင်းညို့နေလေသည်။

သူက ယန်ယဲ့ကို

စိုက်ကြည့်ရင်း “ပြောစရာတောင်

မလိုပါဘူး၊ မင်းလိုလူက အခုအချိန်အထိ

အသက်ရှင်နေနိုင်တာ အံ့ဩစရာပဲ။

ကံမကောင်းစွာပဲ၊

မင်းအဲဒီလောက်ကံကောင်းနေတော့မှာမ

ဟုတ်ဘူး။ မင်းက...”

ယန်ယဲ့က နေရာမှာပင် ဖျတ်ခနဲ

ပျောက်ကွယ်သွားသည်။

ဟန်ယွမ်စု၏အမူအရာက

သိသိသာသာပြောင်းလဲသွားသည်။

သူ၏လက်ထဲမှာကိုင်ထားသော

ခေါက်ယပ်တောင်က ရုတ်တရက်

ပွင့်လာသည်။ ထို့နောက် ယပ်တောင်ထဲမှ

အလင်းတန်းတစ်ခု ပြေးထွက်သွားသည်။

အလင်းတန်းထဲတွင်

နဂါးကြီးတစ်ကောင်ရှိနေသည်။

ယန်ယဲ့သည်

ဟန်ယွမ်စု၏အထက်လေထဲ၌

ပေါ်လာခဲ့သည်။ ဤအချိန်တွင်

သူ၏မျက်နှာက

အလွန်ကြောက်စရာကောင်းလာပြီး

တစ်ကိုယ်လုံး ရုတ်တရက်

အသွင်ပြောင်းသွားသည်။

ဓားနယ်မြေကို အသက်သွင်းမယ် ။

ဆူး ....

ယန်ယွဲ့၏ဓားပိုင်းချက်က

ကျဆင်းလာကာ စွမ်းအင်နဂါးကြီးကို

ပိုင်းဖြတ်သွားခဲ့သည်။

ဟန်ယွမ်စု ကိုယ်တိုင်လည်း

မီတာရာချီအထိ လွင့်ထွက်သွားသည်။

သူ့ကိုယ်သူ ရပ်တန့်လိုက်သည်နှင့်

ပါးစပ်ထဲမှ သွေးများ

အန်ထွက်လာသည်။

ဟန်ယွမ်စု က သူ့ပါးစပ်ထောင့်မှ

စီးကျနေသော သွေးများကို

သုတ်လိုက်ပြီး ယန်ယဲ့အား

မော့ကြည့်လိုက်သည်။ ဤအချိန်တွင်

ဓားစွမ်းအင်အလင်းတန်းဟာ

သူ့အမြင်အာရုံထဲ၌ တဖြည်းဖြည်းနှင့်

ကြီးမားသည်ထက်ကြီးမားလာသည်။

ဟန်ယွမ်စုက ထိတ်လန့်သွားပြီး

သူ၏ခေါက်ယပ်တောင်ကို အနည်းငယ်

ဝှေ့ယမ်းလိုက်သည်။

ဘမ်း...

ခေါက်ယပ်တောင်ထဲမှ ဖီးနစ်ပုံရိပ်ကြီး

ထွက်ပေါ်လာသည်။ ဖီးနစ်ပုံရိပ်ကြီးက

လေထုထဲတွင် တဖြည်းဖြည်း

ကြီးထွားလာပြီး ၃

ကီလိုမီတာနီးပါးအထိပင်

ကြီးထွားလာသည်။

ရောမဖီးနစ်ငှက်ကြီးက

မိုးကောင်းကင်အား

ဖုံးကွယ်ထားသလိုပင်။

ဘမ်း...

ဤအချိန်တွင် ယန်ယွဲ့၏ဓားက
ဆင်းလာသည်။ ပေါက်ကွဲသံတစ်ခု
ထွက်ပေါ်လာသည်။

ယန်ယွဲ့၏ဓားက ဖီးနစ်ပုံရိုပ်ကြီးကို
တိုက်ရိုက်ချေမွလိုက်ရာ
ဟန်ယွမ်စု၏မျက်လုံးများသည်
ကျဉ်းမြောင်းသွားသည်။ သို့သော်လည်း
ယန်ယွဲ့သည် မီတာအတော်ဝေးဝေးထိ
လွင့်ထွက်သွားခဲ့သည်။သူ့ကိုယ်သူ

ရုပ်တန့်လိုက်သည်နှင့် တပြိုင်နက်
ယန်ယဲ့သည်
အလင်းတန်းတစ်ခုသဖွယ်ပြောင်းလဲကာ
နေရာမှာပင်ပျောက်သွားခဲ့သည်။

အလင်းတန်းက ဆံချည်မျှင်ကဲ့သို့
ပါးလွှသည်။

အလင်း၏အရှိန်ထက်ပင်
မြန်ဆန်နေသယောင် ထင်ရလေသည်။

ဟန်ယွမ်စု၏ မျက်လုံးများသည်

အနည်းငယ် ကျဉ်းမြောင်းသွားသည်။

သူ၏ခန္ဓာကိုယ်ထဲမှ

ဆန်းကြယ်ချီစွမ်းအင်များ ရှူးသွပ်စွာ

ပြန့်နှံ့လာသည်။ ထို့နောက်

သူ၏ခေါက်ယပ်တောင်ကို ဖြန့်ကာ

ယန်ယွဲ့ဆီသို့ရိုက်ချလိုက်လေသည်။

ဝေါင်း.... ဝေါင်း....

ခေါက်ယပ်တောင်ထဲမှ

နတ်ဘုရားသားရဲ့ကြီးနှစ်ကောင်

ထွက်ပေါ်လာသည်။

ရောမနတ်နဂါးကြီးတစ်ကောင်နှင့်

နတ်ဘုရားဖိုးနစ်ကောင်....။

နတ်ဘုရားသားရဲ့နှစ်ကောင်စလုံးက
ချက်ချင်းပင်
အဆမတန်ကြီးမားလာသည်။
နဂါးကြီးက ၎င်း၏ပါးစပ်ကိုဟကာ
ယန်ယဲ့၏ဓားစွမ်းအင်ကို
မျိုချလိုက်လေသည်။ သို့သော်လည်း
ဓားစွမ်းအင်က နဂါးပါးစပ်ကြီးကို
ဆုတ်ဖြဲ၍ ရှေ့သို့ဆက်တိုးလာသည်။
ဤအချိန်တွင် နတ်ဘုရားဖီးနစ်က

အတောင်ပံများကို တဖြန်းဖြန်းခတ်ကာ

ဓားစွမ်းအင်ကို ရိုက်ထုတ်လိုက်သည်။

ဘမ်း....

ဓားစွမ်းအင်များ

ချက်ချင်းပြန့်ကျဲသွားပြီး ပုံရိပ်တစ်ခုက

အဝေးသို့ လွင့်ထွက်သွားသည်။

ထိုပုံရိပ်က ယန်ယွဲ့ ပါ။

ယန်ယဲ့ သည် မတ်တပ်ပြန်ရပ်လိုက်ပြီး သူ့ရင်ဘတ်ကို ငုံ့ကြည့်လိုက်သည်။ သူ၏ရင်ဘတ်ရှိ အရေပြားက မည်းနက်နေခဲ့သည်။ ဖီးနစ်မီးတောက်က သူ့အားလောင်ကျွမ်းသွားတာပါ။

ယန်ယဲ့ က

ဟန်ယွမ်စု၏ခေါက်ယပ်တောင်ကို

တစ်ချက်ကြည့်လိုက်ပြီး

"ဒါကလုံးဝမဆိုးပါဘူး"

ထို့နောက် တိုက်ခိုက်ရန်ပြင်လိုက်စဉ်

သူ့နောက်ကွယ်ရှိ အာကာသထဲမှ

ရောမအနက်ရောင်လက်ဝါးကြီးတစ်ဖက်

ရုတ်တရက်ထွက်ပေါ်လာသည်။

အနက်ရောင်လက်ဝါးကြီးက

လေထဲကနေ ပေါ်လာသလိုပင်။

သူ့နောက်ကျောကို ရိုက်ချလိုက်မှသာ
ယန်ယဲ့သည် သတိထားမိတော့သည်။

သတိမထားမိဘဲ ရှိနေသောကြောင့်
ယန်ယဲ့သည် တုံ့ပြန်ရန်အချိန်မရှိပေ။
နောက်ကျသွား၏။

သို့သော် ဘယ်နေရာကဘယ်လို
ထွက်ပေါ်လာမှန်းမသိသော
ဓားစွမ်းအင်တစ်စင်းက

အနက်ရောင်လက်ဝါးကြီးကိုထိမှန်သွား
သည်။

ဘုန်း…

အနက်ရောင်လက်ဝါးကြီးက
တစ်ချက်တုန်ခါပြီး
အပိုင်းအစများသဖွယ်
ပြန့်ကျဲသွားလေတော့သည်။

ယန်ယဲ့ သည် သူ့ဘေးနားကို ချက်ချင်း

လှည့်ကြည့်လိုက်သည်။

သူ့ကိုကူညီခဲ့တာက

ဓားစာလိပ်ပင်ဖြစ်သည်။

ယန်ယဲ့က သူ့ပါးစပ်ထောင့်ရှိ သွေးများကို

သုတ်လိုက်ပြီး

"မင်းကူညီမှာမဟုတ်ဘူးလို့ ငါထင်ခဲ့တာ"

ဓားစာလိပ်က  "နင် သိပ်မကြာသေးခင်က မောက်မာနေတာမဟုတ်ဘူးလား"

ယန်ယဲ့က "အနိုင်ရသွားတာက သက်သက်၊အခုကတိုက်ပွဲနောက်တစ်ခု လေ"

ဓားစာလိပ်က ယန်ယဲ့ကို တစ်ချက်ကြည့်လိုက်ပြီး “ကြွားသာနေလိုက်။

နောက်ဆက်ဖြစ်လာမယ့်အရာတွေကို

ဘယ်လိုကိုင်တွယ်မလဲဆိုတာ

ငါကြည့်ပါရစေ"

ဓားစာလိပ်၏ အသံဆုံးသည်နှင့်

ဤနေရာတွင်

အနက်ရောင်ဝတ်ရုံအဘိုးကြီးတစ်ဦး၊

အနီရောင်ဝတ်စုံဝတ်

အမျိုးသမီးတစ်ဦးနှင့်

ဆံရှည်အဘိုးကြီးတစ်ဦးတို့ပေါ်လာကြသ

ည်။ ရောက်လာသူ သုံးယောက်လုံးက မူလတာအိုသခင် များပင်။

ဟန်ယွမ်စုကို ထည့်တွက်ပါ ဤနေရာတွင် မူလတာအိုသခင် ၄ ပါးရှိနေပြီဖြစ်သည်။

ယန်ယဲ့က ဂရုမစိုက်ဘဲ ပြောလိုက်သည် "အိုး။ ငါတကယ်နာမည်ကြီးနေတာလား"

"မင်းနဲ့ထိုက်တန်တဲ့အရာထက် ပိုနေပြီ"

ဤအတောအတွင်း

အနက်ရောင်ဝတ်ရုံအဘိုးကြီးက

“ဒီနတ်ရတနာသုံးပါးအတွက် မဟုတ်ရင်

မင်းလို ပုရွက်ဆိတ်တစ်ကောင်ကို

တစ်ချက်တောင် မကြည့်ဘူး” ဟု

ပြောခဲ့သည်။

"ပုရွက်ဆိတ်လား..." ယန်ယဲ့က

အနက်ရောင်ဝတ်ရုံအဘိုးကြီးကို

ကြည့်ကာ ရယ်မောလိုက်ပြီး "မင်းက
သိပ်ပြီးသန်မာနေတာပေါ့။ ဒါဆိုရင်
ငါတို့က ဘာလို့ တစ်ယောက်ချင်း
မတိုက်ခိုက်ကြတာလဲ"

"တစ်ယောက်ချင်းတိုက်ခိုက်မလား"
အဘိုးကြီးက
“မင်းနဲ့တိုက်ခိုက်ပေးဖို့တောင်
ထိုက်တန်ရဲ့လား” ဟူ၍ လှောင်ပြောင်
လေသည်။

ဤအချိန်တွင် ယန်ယဲ့သည်
သူ့လက်ဝါးကိုမြှောက်လိုက်ရာ
လက်ဝါးပေါ်၌
ရွှေရောင်စေတီငယ်တစ်ဆူ
ပေါ်လာသည်။

ရွှေစေတီလေး ပေါ်လာသောအခါ
လူတိုင်း၏ အမူအရာများသည်
ပြောင်းလဲသွားခဲ့သည်။

သဘာဝတရား၏မူလစေတီ...

ဤအချိန်တွင် ယန်ယဲ့က

အနက်ရောင်ဝတ်ရုံအဘိုးကြီးကို

စိုက်ကြည့်ကာ "လူအိုကြီး၊

မင်းသတ္တိရှိရင် ငါ့ကို

တစ်ယောက်ချင်းတိုက်ခိုက်လေ။

မင်းအနိုင်ရရင် ဒီမူလစေတီက

မင်းပိုင်တယ်။ မှန်တယ်၊ ကံကြမ္မာ

ဟောဓိပင်နဲ့

မူလဖန်ဆင်းခြင်းရှေးဦးပုဆိန်လည်း

ဒီအထဲမှာ ပါပါတယ်။ လိုချင်လား"

အဘိုးကြီး၏ မျက်လုံးများသည်

အနည်းငယ် ကျဉ်းမြောင်းသွားကာ

"မင်းကြည့်ရတာ ယုံကြည်မှုအပြည့်နဲ့

ငါ့ကို အရင်သတ်ဖို့ ကြံစည်နေပုံပဲ"

ယန်ယဲ့က ပြုံးပြီး “ကောင်းပါတယ်၊ မင်း ငါ့ကို

တစ်ယောက်ချင်းမတိုက်ခိုက်ရဲဘူးဆိုရင်

အုပ်စုဖွဲ့တိုက်လို့ရတယ်။ ဒါက

မူလတာအိုသခင် ၄ ပါးပဲလေ။

ငါဘာလို့ကြောက်ရမှာလဲ"

"ယွီမျိုးနွယ်စုရဲ့ ဂုဏ်သိက္ခာကြီးမားတဲ့

အကြီးအကဲ က ကြောက်နေပြီလား"

အဘိုးကြီးနံဘေးရှိ မိန်းမလှက

“ဒီလူငယ်က ဖန်ဆင်းရှင်တစ်ပါးပဲလေ။

အကြီးအကဲယို့မင်၊ ဖန်ဆင်းရှင်

တစ်ပါးက

စိန်ခေါ်တာကိုလက်မခံရဲဘူးလား။

ဒီသတင်းကို တခြားသူတွေသာကြားရင်

အကြီးအကဲယွဲ့က

ရယ်စရာဟာသဖြစ်သွားလိမ့်မယ်။

ဒါ့အပြင် ယွီကလန် တောင်မှ

မျက်နှာပျက်သွားနိုင်တယ်"

အဘိုးကြီးက မိန်းမလှကို
တစ်ချက်ကြည့်လိုက်ပြီး "လော့လီရှန်း၊
မင်းဘာတွေစီစဉ်နေလဲ
ငါမသိဘူးထင်လို့လား"

မိန်းမလှက ရယ်မောရင်း “ငါ့လို
ပျော့ညံ့တဲ့ အမျိုးသမီးက ဘာကို
စီစဉ်နိုင်မလဲ။ အချိန်ဖြုန်းနေတာကို
ရပ်လိုက်ပါ။ ဒီလူငယ်ရဲ့စိန်ခေါ်မှုကို
နင်လက်မခံချင်ဘူးဆိုရင် သူ့ကို

အတူတူသတ်လိုက်တာပေါ့။ ပြီးမှ

အဲဒီနတ်ရတနာသုံးပါးကို

ဘယ်သူရမလဲဆိုတာ

ဆုံးဖြတ်ကြရအောင်”

အဘိုးကြီးက “ဒါဆို အတူတူ

တိုက်ခိုက်ကြရအောင်” ဟု ဂရုမစိုက်ဘဲ

ပြန်ဖြေသည်။

သူသည် သဘာဝအတိုင်း

လူမိုက်မဟုတ်ပေ။ ယန်ယဲ့ကို

တစ်ယောက်ချင်းတိုက်ခိုက်ရန်

မကြောက်ခဲ့ပါ။ သို့သော် အဆုံးတွင်

မည်သူက အမြတ်ထုတ်မည်နည်း။ သူ

နှင့်အတူ လိုက်ပါလာသော

အခြားအဖော်နှစ်ယောက်ပင်။ အကယ်၍

ယန်ယဲ့ကို သတ်နိုင်လျှင်ပင် သူသည်

အကျိုးအမြတ်ရနိုင်မည်မဟုတ်ပေ။

ထိုသို့ဆိုပါက ယန်ယဲ့ကို
သတ်နိုင်ရင်တောင် ထိုက်တန်ပါသလား။
အုပ်စုဖွဲ့တိုက်ခိုက်ရန်သာရှိတော့သည်။

မိန်းမလှက အဘိုးကြီးကို စိုက်ကြည့်ပြီး
ပြုံးလိုက်သည် “ကောင်းပြီ”

ထို့နောက် ယန်ယဲ့ကို စိုက်ကြည့်ရင်း
“မောင်ငယ်လေး၊ မင်းက ငါ့အတွက်
အရမ်းထူးခြားတယ်။

ဒီနတ်ရတနာသုံးပါးကို လွှဲပြောင်းပေးဖို့
ဆန္ဒရှိတယ်ဆိုရင် ဒီအစ်မကြီးက
မင်းရဲ့ဘေးကင်းမှုကို အာမခံပေးမယ်"

ယန်ယဲ့က မိန်းမလှကို စိုက်ကြည့်ကာ
"ငါ့ရဲ့ အိပ်ရာကို နွေးနွေးထွေးထွေးထားဖို့
တစ်ယောက်ယောက်လိုတယ်။
အစ်မကြီး၊ မင်းဒီလိုလုပ်ဖို့ ဆန္ဒရှိပြီး
ငါ့အတွက်
အထူးဝန်ဆောင်မှုတစ်ခုပေးချင်တယ်ဆို

ရင် မင်းရဲ့ဘေးကင်းမှုကို

ငါအာမခံပေးမှာပါ၊ အဆင်ပြေလား "

"အထူးဝန်ဆောင်မှုလား..." မိန်းမလှက

တခစ်ခစ်ရယ်ပြီး ယန်ယွဲ့၏ပေါင်ကြားကို

စိုက်ကြည့်ကာ “မောင်ငယ်လေး၊

ဒီအစ်မကြီးက လုပ်ပေးချင်ရင်တောင်

နင် ဒါကို ခံနိုင်ရည်မရှိမှာစိုးတယ်။ ဟီး...”

ယန်ယဲ့က "မဟုတ်ဘူး၊ မင်းဒါကို ခံနိုင်ရည်မရှိမှာပဲ ငါကြောက်တယ်"

အမျိုးသမီးက ယန်ယဲ့အနားကို လျှောက်လာသည်။ ဤအချိန်တွင် သူမ၏မျက်နှာပေါ်ရှိ အပြုံးများ ပျောက်ကွယ်သွားကာ "နင် အချိန်ဆွဲနေတယ်ဆိုတာ ငါသိတယ်။ နင့်ဒဏ်ရာတွေကို ကုသဖို့ မူလခရမ်းရောင်စွမ်းအင်ကိုသုံးနေတာမ

ဟုတ်လား။ အခု ဒီနေရာမှာ
မူလတာအိုသခင် ၄ ပါးရှိနေတယ်။
ကောင်းပြီ၊ နင်က နာခံမှု
ရှိရှိနဲ့လက်လွှဲပေးဖို့အကြံပြုချင်တယ်။
မဟုတ်ရင်တော့..."

ထိုစကားပြောပြီးသည်နှင့်
မူလတာအိုသခင် ၄ ပါး၏အော်ရာများက
ယန်ယဲ့ဆီကိုကျရောက်လာပါတော့သည်
။

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၆၆၁ - နှင်းပွင့်၏ရတနာများ

ဤအချိန်တွင် ဓားစာလိပ်၏မျက်နှာက

ခံစားချက်မဲ့နေခဲ့သည်။ သူမ

ဘာတွေးနေသလဲတော့ မသိနိုင်ပေ။

ယန်ယဲ့က ခဏလောက်စဉ်းစားပြီး

မိန်းမလှကို

ရုတ်တရက်စိုက်ကြည့်လိုက်သည်။ သူက

အနည်းငယ်ပြုံးပြီး "သေရမှာ

မကြောက်ဘူးလား။ မင်းက ငါနဲ့

အရမ်းနီးကပ်နေပြီ"

ဘမ်း....ဘမ်း...

သူ့ထံမှ ကြောက်မက်ဖွယ်ရာ

စိတ်ဆန္ဒနှစ်ခု

လွင့်ထွက်လာသည်။ ထိုခဏလေးမှာပဲ

ဓားတစ်ချောင်းက လေထုကို ဆုတ်ဖြဲ၍

မိန်းမလှပ၏ခေါင်းပေါ်ကို

တည့်တည့်ခုတ်ချလိုက်သည်။

ဖန်ဆင်းရှင်အဆင့် စိတ်ဆန္ဒနှစ်ခုဖြင့်

ပေါင်းစပ်ထားသော ဓားနယ်မြေစွမ်းအား

။

မိန်းမလှ၏အမူအရာသည် သိသိသာသာ

ပြောင်းလဲသွားသည်။ သို့သော်လည်း

ယင်းအတွက်

အသင့်ပြင်ဆင်ထားပုံရသည်။

သူမ၏ခန္ဓာကိုယ်တစ်ဝိုက်မှာ

သွေးနီရောင်ပန်းပွင့်ပေါင်း

မြောက်များစွာ ပေါ်လာသည်။

သွေးများဖြင့် ဖန်တီးထားသကဲ့သို့ပင်၊

သွေးရောင်များ

တလက်လက်တောက်ပနေသည်။

ဓားပိုင်းချက် ဆင်းသက်လာသောအခါ

သွေးပန်းပွင့်များသည်

ပေါက်ကွဲထွက်ကာ

သွေးနီရောင်အလင်းများဖြာထွက်လာသ

ည်။

ဘမ်း

မိန်းမလှက အတော်ဝေးဝေးထိ
လွင့်ထွက်သွားသည်။
တစ်ချိန်တည်းမှာပင်
သူမဖန်တီးထားသော
သွေးပန်းပွင့်များဟာ ပြန့်ကျဲသွားခဲ့သည်။

သူမကိုယ်သူမ ရပ်တန့်လိုက်သည်နှင့်
ပါးစပ်ထဲမှ သွေးအနည်းငယ်

အန်ထွက်လာသည်။ တစ်ချိန်တည်းမှာပဲ

ဓားစွမ်းအင်တစ်စင်းက မိန်းမလှ

ဆီသို့တိုးဝင်လာသည်။

ယန်ယဲ့က အချိန်မပေးဘဲ

နောက်ထပ်တိုက်ခိုက်လိုက်တာပါ။

အနန္တဓားနယ်မြေ....

မိန်းမလှ၏မျက်လုံးများက

ကျဉ်းမြောင်းသွားကာ

လက်ဝါးနှစ်ဖက်ကို

ပြိုင်တူဖြန့်လိုက်သည်။ ထိုခဏလေးမှာပဲ

သူမ၏လက်ဝါးနှစ်ဖက်အလယ်မှ

သွေးပန်းပွင့်များ ထွက်ပေါ်လာသည်။

ထို့နောက်သွေးနီရောင်အလင်းတန်းများ

အဖြစ်ပြောင်းလဲကာ လေထဲသို့

လွင့်ပျံလာသည်။

ဘုန်း....ဘုန်း....ဘုန်း...

ကျယ်လောင်သော ပေါက်ကွဲသံများ
ဆက်တိုက် ထွက်ပေါ်လာပြီးနောက်
ပတ်ဝန်းကျင် အာကာသသည်
ပြိုကျလာသည်။

ဘမ်း...

နောက်ထပ် ပေါက်ကွဲသံတစ်ချက်
ထွက်ပေါ်လာပြီးနောက် မိန်းမလှက
လွင့်ထွက်သွားခဲ့သည်။

သူ့ကိုယ်သူ ရပ်တန့်လိုက်သည်နှင့်
မိန်းမလှ၏ ပါးစပ်ထဲမှ သွေးများ
အဆက်မပြတ်အန်ထွက်လာသည်။

ထို့နောက် ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်ပြီး

"နင်တို့မကူညီသေးရင် ငါ
လော့လီမျိုးနွယ်က
ဒီတိုက်ပွဲကနေနှုတ်ထွက်မယ်"

ဤအချိန်တွင် ဟွမ်ယန်စု
နှင့်အခြားမူလတာအိုသခင် ၃ ပါးက
နေရာတွင်ပင် ပျောက်ကွယ်သွားခဲ့သည်။

ယန်ယွဲ့သည် အနည်းငယ်
မျက်မှောင်ကြုတ်လိုက်သည်။

သူ့ဓားကိုမြှောက်ပြီး ပတ်ပတ်လည်ကို ဝှေ့ယမ်းလိုက်လေသည်။

ဘမ်း…

ယန်ယဲ့ သည် အဝေးသို့ လွင့်ထွက်သွားခဲ့သည်။

မူလတာအိုသခင် ၄ ပါး၏

ပူးပေါင်းတိုက်ခိုက်မှုက

သူရင်ဆိုင်နိုင်သောအရာမဟုတ်ချေ။

ယန်ယဲ့က သူ့ပါးစပ်ထောင့်ရှိ သွေးများကို

သုတ်လိုက်ပြီး ရက်စက်သော အမူအရာနဲ့

“လာကြစမ်း။

ဆက်တိုက်ခိုက်ကြရအောင်"

မူလတာအိုသခင် ၄ ပါးက

တုံ့နှေးနေခြင်းမရှိဘဲ ယန်ယဲ့ထံ

ခုန်ဝင်လိုက်သည်။

ဤအချိန်တွင်

ယန်ယဲ့၏မျက်လုံးများသည်

သွေးပင်လယ်ပြောင်းသွားလေပြီ။

သူ့ထံမှ

မရေမတွက်နိုင်သော ဓားကြိုးများနှင့်
သတ်ဖြတ်ခြင်းစိတ်ဆန္ဒ ဖိအားလှိုင်းများ
ဖြာထွက်လာသည်။ သို့သော်လည်း
မူလတာအိုသခင် ၄ ပါး၏
အော်ရာများက ချက်ချင်း
ဖိနှိပ်ပစ်ခဲ့သည်။

တစ်ချိန်တည်းမှာပဲ မူလတာအိုသခင် ၄
ပါး၏ တိုက်ခိုက်မှုက သူ့ထံ
တည့်တည့်ကျရောက်လာပါတော့သည်။

ဘမ်း...

ယန်ယဲ့ သည် လွင့်ထွက်သွားခဲ့သည်။

မူလတာအိုသခင် ၄ ပါးက

မရပ်တန့်ကြပေ၊

ထပ်မံတိုက်ခိုက်လိုက်ကြသည်။

နှင်းပွင့်၏မျက်နှာလေးက

ဤမြင်ကွင်းကြောင့်

စိုးရိမ်ပူပန်နေဟန်များပေါ်လာခဲ့သည်။

ထို့နောက် ဓားစာလိပ် ဆီသို့ ပြေးသွားပြီး

စိုးရိမ်မှုအပြည့်ဖြင့် ယန်ယဲ့အား

ညွှန်ပြလိုက်သည်။

ဓားစာလိပ်က နှင်းပွင့်ကို ငုံ့ကြည့်ကာ

“မောက်မာထောင်လွှားတာအတွက်

ပြန်ပေးရမယ့်တန်ကြေးတစ်ခုရှိတယ်။
ဒီတန်ကြေးကို သူပေးနိုင်ပါ့မလား
ကြည့်ရအောင်”

နှင်းပွင့်က ဓားစာလိပ်ကို စူးစူးရဲရဲ
စိုက်ကြည့်နေသည်။ ထို့နောက်
မူလတာအိုသခင် ၄ ပါးကို စိုက်ကြည့်ကာ
ခဏတုံ့ဆိုင်းသွားပြီး
ဘူးသီးနက်ကိုကြည့်နေသည်။

အုန်း…

ပေါက်ကွဲသံ ထွက်ပေါ်လာပြီးနောက်

ယန်ယဲ့ သည်

ထပ်ပြီးလွင့်ထွက်သွားပြန်သည်။

သူ့ပါးစပ်ထဲမှ သွေးများ

အဆက်မပြတ်အန်ထုတ်လိုက်သည်။

ဤမြင်ကွင်းအား မြင်သောအခါ

နှင်းပွင့်လေးက

ဒေါသတကြီးဖြစ်သွားခဲ့သည်။

တစ်ချိန်တည်းမှာပဲ ဘူးသီးနက်ကို

ခပ်ပြင်းပြင်းခေါက်လိုက်လေသည်။

ထိုခဏလေးမှာပဲ ဘူးသီးနက်ထဲမှ

ဓားစွမ်းအင်တစ်စင်းပြေးထွက်သွားသည်

။ ဓားစွမ်းအင်က

လမ်းကြောင်းတစ်လျှောက်ရှိ
အရာအားလုံးကို ဆုတ်ဖြဲပစ်လိုက်သည်။

ဓားစွမ်းအင်က ယန်ယွဲ့အား
တိုက်ခိုက်ရန်ပြင်နေသော
အနက်ရောင်ဝတ်ရုံအဘိုးကြီးထံ
တည့်တည့်ပြေးဝင်သွားသည်။
သူ့အမူအရာက ချက်ချင်း
ပြောင်းသွားပြီး ညာလက်ဝါးကို ရှေ့သို့
ပုတ်လိုက်သည်။

ဘမ်း...

ကျယ်လောင်သော ပေါက်ကွဲသံ
ထွက်ပေါ်လာပြီးနောက် အဘိုးကြီးက
လွင့်ထွက်သွားခဲ့သည်။

သူ့ကိုယ်သူ ရပ်လိုက်သည်နှင့်
လက်ဝါးကိုငုံ့ကြည့်လိုက်သည်။
ဒီအချိန်မှာ သူ့လက်ဝါးတစ်ခြမ်း

ပြုတ်ထွက်နေသည်။
အဘိုးကြီး၏မျက်နှာပေါ်တွင်
ထိတ်လန့်မှုအထင်းသားပေါ်လာသည်။

ဤအချိန်တွင် နှင်းပွင့်က
မျက်တောင်ခတ်ပြီး အဝေးရှိ
အဘိုးကြီးကို ညွှန်ပြလိုက်သည်။

ဓားအူသံတစ်သံ ပဲ့တင်ထပ်လာပြီးနောက်
ဓားစွမ်းအင်တစ်စင်းက အဘိုးကြီးထံ

တည့်တည့် ပြေးဝင်သွားသည်။

အဘိုးကြီး၏အမူအရာက

အနည်းငယ်ပြောင်းသွားကာ

သူ့ဘယ်ဖက်လက်သီးကို ရှေ့သို့

ဆောင့်ထိုးလိုက်သည်။

ဘမ်း...

ဓားစွမ်းအင်က ပြန့်ကျဲသွား၏။

သို့ရာတွင် အဘိုးကြီးက

အတော်ဝေးဝေးထိကို

လွင့်ထွက်သွားခဲ့သည်။

နှင်းပွင့်လေးက ဤမြင်ကွင်းကြောင့်

ဝမ်းသာအားရဖြစ်ပြီး ထပ်မံတိုက်ခိုက်ရန်

ပြင်လိုက်သည်။ သို့သော် အဘိုးကြီးက

နှင်းပွင့်ရှေ့တွင် ရုတ်တရက်ပေါ်လာပြီး

လက်ဝါးကိုမြှောက်ကာ

ရိုက်ချလိုက်သည်။

နှင်းပွင့်က တုန်လှုပ်သွားပြီး

ဓားဘူးသီးကို ခါယမ်းလိုက်သည်။

ထိုခဏလေးမှာပဲ ဓားအူသံက

ပတ်ဝန်းကျင်အနှံ့ ပဲ့တင်ထပ်လာသည်။

ဘူးသီးနက်မှ ဓားစွမ်းအင်တစ်စင်း

ပြေးထွက်လာပြီး

အဘိုးကြီးကိုထိမှန်သွားသည်။

ဘမ်း...

အဘိုးကြီးက ရပ်တန့်လိုက်သည်နှင့်
သူ့ရင်ဘတ်ကို ငုံ့ကြည့်လိုက်သည်။
ဒီအချိန်မှာ သူ့ရင်ဘတ်က
အတော်နက်သောဓားဒဏ်ရာတစ်ခုရှိနေ
သည်။

ဤအခိုက်အတန့်တွင် အဘိုးကြီးက
မျက်နှာပေါ်တွင် လေးနက်သော
အမူအရာတစ်ခု ရှိနေသည်။ သူက
နှင်းပွင့်လေးကို ငေးကြည့်နေသည်၊

သို့မဟုတ်

နှင်းပွင့်၏လက်သည်းများကြားက

ဘူးသီးနက်ကိုစိုက်ကြည့်နေတာဖြစ်သည်

။

ဤအချိန်တွင် နှင်းပွင့်က

ဘူးသီးနက်ကိုရုတ်တရက်မြှောက်လိုက်

ပြီး လက်ညှိုးထိုးပြလိုက်သည်။

အဘိုးကြီး၏အမူအရာက ချက်ချင်း

ပြောင်းလဲသွားကာ “ဒီခွေးကောင်လေးကို

အရင်ဖြေရှင်းကြ။ ဒီဘူးသီးနက်ကို
အရှူးယန်ယွဲ့လက်ထဲ မကျစေနဲ့"

ထိုစကားကိုပြောပြီးသည်နှင့် ရှေ့ကို
ပြေးတက်လာသည်။

ဘူးသီးနက်တစ်လုံးလား....

ဟန်ယွမ်စု နှင့်အခြားနှစ်ယောက်လည်း
နှင်းပွင့်ကို တစ်ချက်ကြည့်လိုက်သည်။

ထို့နောက် သုံးယောက်စလုံး

နှင်းပွင့်လေးဆီကိုခုန်ဝင်လာကြသည်။

မူလတာအိုသခင် ၄ ပါး ကိုမြင်သောအခါ

နှင်းပွင့်လေးက ထိတ်လန့်သွားပြီး

သူမ၏ခြေသည်းများကို

ပြင်းထန်စွာဝှေ့ယမ်းလိုက်သည်။

ဘူးသီးနက် မှ ဓားစွမ်းအင်တစ်စင်း

ပြေးထွက်သွားသည်။

သို့သော်လည်း ဟန်ယွမ်စု နှင့်
အနက်ရောင်ဝတ်ရုံအဘိုးကြီး
တို့ပူးပေါင်းထားသောကြောင့်
ဓားစွမ်းအင်ဟာ
ချက်ချင်းကြေမွသွားခဲ့သည်။

နှင်းပွင့်၏ခန္ဓာကိုယ်သေးသေးလေးက
ကြောက်လန့်ပြီး တုန်နေသည်။
သူမ၏လက်ထဲမှ ဘူးသီးနက်ကို
အကြိမ်ကြိမ်ခါယမ်းလိုက်သော်လည်း

နောက်ထပ် ဓားစွမ်းအင်များ

ထွက်မလာပေ။

အဘိုးကြီး၏မျက်လုံးထဲမှ

ရက်စက်ကြမ်းကြုတ်သော

အမူအရာများဖြင့် "သေလိုက်စမ်း "

စကားပြောပြီးနောက်

သူ၏ညာလက်ဝါးကိုမြှောက်ကာ

ရိုက်ချလိုက်လေသည်။

ဓားစာလိပ်၏ အမူအရာက

ရုတ်တရက်ပြောင်းလဲသွားကာ

တိုက်ခိုက်ရန်ပြင်လိုက်လေသည်။

သို့သော်လည်း...

"အား..." အော်ဟစ်ငြီးငြူးသံ

ထွက်ပေါ်လာပြီးနောက် ပုံရိပ်တစ်ခု

လွင့်ထွက်သွားသည်။

အနက်ရောင်ဝတ်ရုံအဘိုးကြီးပင်ဖြစ်သ
ည်။

အဘိုးကြီးက ၁၀ မီတာအကွာတွင်
ရပ်လိုက်သည်။ ဒီအချိန်မှာ
သူ၏ဘယ်ဖက်လက်က
တွဲလောင်းကျနေခဲ့သည်။

နှင်းပွင့်က ဘူးသီးနက်ကို
ခါးတွင်ချိတ်ဆွဲထားသည်။
သူမ၏လက်သည်းများကြား၌
ပုဆိန်တစ်ချောင်းကို
ကိုင်ဆောင်ထားသည်။

အဘိုးကြီးက သူ့ခန္ဓာကိုယ်ကို
ငုံ့ကြည့်ကာ နှင်းပွင့် အား
မော့ကြည့်လိုက်သည်။
“သောက်ကျိုးနည်း၊ မင်း .... မင်းမှာ

နတ်ရတနာတွေ ဘယ်နှစ်ခုတောင်

ပိုင်ဆိုင်ထားသလဲ” ဒီအချိန်မှာ

သူ့အသံက

သိသိသာသာတုန်ယင်နေသည်။

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၆၆၂ - ရလာဒ်ကို

လစ်လျူရှုပါ။ တိုက်ခိုက်ရအောင်

ဒီအချိန်မှာ အဘိုးကြီးက

အတော်လေးကိုထိတ်လန့်နေပါပြီ။

သူ့ရှေ့ရှိ အကောင်ငယ်လေးက

ထင်သလောက် မသန်မာသော်လည်း

နတ်ဘုရားကချီးမြှောက်ထားသည့်အ

လား

နတ်ရတနာအများအပြားရှိနေခဲ့သည်။

ထူးဆန်းသော ဘူးသီးနက်ပင်ဖြစ်စေ

ပုဆိန်ပင်ဖြစ်စေ

သာမန်လက်နက်များမဟုတ်ပါ။

အထူးသဖြင့် ပုဆိန်။ အကယ်၍ သူသာ

အချိန်မီ မရှောင်နိုင်ပါက

နှစ်ပိုင်းခွဲခံရပါလိမ့်မည်။

အဘိုးကြီးက ထပ်ပြီး

မတိုက်ခိုက်ရဲတော့ပေ။

နှင်းပွင့်လေးက ညာဖက်ခပ်လှမ်းလှမ်းကို

လှည့်ကြည့်လိုက်သည်။ လက်ရှိတွင်

ယန်ယဲ့ သည် မူလတာအိုသခင် ၂ ပါးနဲ့

တိုက်ခိုက်နေရသည်။

အနက်ရောင်ဝတ်ရုံအဘိုးကြီးနှင့်

ဟန်ယွမ်စု

တို့ယာယီထွက်နေသောကြောင့်

ယန်ယဲ့အတွက်

အနည်းငယ်သက်သာရာရသွား၏။

နှင်းပွင့်က မျက်တောင်ခတ်ကာ

သူမ၏လက်ထဲမှ ပုဆိန်ကို

တစ်ချက်ကြည့်လိုက်သည်။ ထို့နောက်

ဘေးသို့ပစ်ချကာ

ဘူးသီးနက်ကိုဆုပ်ကိုင်ပြီး အဝေးသို့

ညွှန်ပြလိုက်သည်။

ရှိ…

ဓားစွမ်းအင်တစ်စင်း
လင်းလက်လာသည်။

မိန်းမလှနှင့် သက်လတ်ပိုင်းအမျိုးသား
တို့၏အမူအရာများသည်
ပြောင်းလဲသွားသည်။ ယန်ယဲ့အား
တိုက်ခိုက်နေရာမှ တစ်ဖက်လှည့်ကာ
ဓားစွမ်းအင်ကိုခုခံလိုက်ကြသည်။

ဘမ်း...

မူလတာအိုသခင် ၂ ပါး၏

ပူးပေါင်းတိုက်ခိုက်မှုက ဓားစွမ်းအင်ကို

ချေမွပစ်လိုက်သည်။

တစ်ချိန်တည်းမှာပဲ နှင်းပွင့်က ထပ်ပြီး

လက်ညှိုးထိုးပြလိုက်ရာ နောက်ထပ်

ဓားစွမ်းအင်တစ်စင်း

ပြေးထွက်လာပြန်သည်။

ဤအချိန်တွင်

အနက်ရောင်ဝတ်ရုံအဘိုးကြီး က

နှင်းပွင့်ရှေ့ကို ရောက်လာသည်။သို့သော်

သူ၏အမူအရာက ပြောင်းသွားခဲ့သည်။

နှင်းပွင့်လေးက ဘူးသီးနက်ကို

အမြန်ဖယ်လိုက်ပြီး

ပုဆိန်သေးသေးလေးကို မြှောက်လိုက်

လေသည်။

ဤမြင်ကွင်းကို မြင်လိုက်သောအခါ

အဘိုးကြီး၏အမူအရာက

သိသိသာသာပြောင်းလဲသွားသည်။ သူက

တုံ့ဆိုင်းမနေဘဲ

ချက်ချင်းနောက်ပြန်လှည့်ပြန်ကာ

ယခင်ရပ်နေသည့်နေရာသို့

ခုန်ဆုတ်သွားခဲ့သည်။ ထို့နောက်

ကြောက်ရွံ့မှုအပြည့်ဖြင့်
နှင်းပွင့်ကိုစိုက်ကြည့်နေလေသည်။

ဤအချိန်တွင် မိန်းမလှနှင့်
သက်လတ်ပိုင်း အမျိုးသားတို့လည်း
ရပ်တန့်သွားကြသည်။ နှင်းပွင့်က
တစ်ချက်တစ်ချက်
အလစ်ဝင်တိုက်ခိုက်နေသဖြင့် နှစ်ယော
က်စလုံး ဆက်ပြီးမတိုက်ခိုက်ရဲတော့ပေ။

ထိုတိုက်ခိုက်မှုများက

ယန်ယဲ့၏ခွန်အားထက် မနိမ့်ကျလှပေ။

ယန်ယဲ့ သည် နှင်းပွင့်လေး အနားမှာ

ပြန်ပေါ်လာခဲ့သည်။ ယန်ယဲ့ကို

မြင်သောအခါနှင်းပွင့်က

ချက်ချင်းငိုကြွေးလေတော့သည်။

ဘူးသီးနက် နှင့်

ပုဆိန်ကိုဘေးသို့ပစ်ချကာ ယန်ယဲ့အား

တင်းတင်းကျပ်ကျပ် ပွေ့ဖက်ပြီး

အဆက်မပြတ် ငိုကြွေးလေသည်။

ယန်ယဲ့က သူမ၏ ခေါင်းလေးကို

ပွတ်လိုက်ပြီး “မကြောက်နဲ့! ငါတို့ကို

ဘယ်သူမှ ဒုက္ခမပေးနိုင်ဘူး"

စကားပြောနေစဉ် မူလတာအိုသခင် ၄

ပါးကို လှမ်းကြည့်ကာ "နှင်းခဲလေး၊

ငါနဲ့အတူ

တိုက်ခိုက်ပါ။ ငါတိုက်ခိုက်တဲ့အတိုင်း
လိုက်လုပ်မယ်မဟုတ်လား"

နှင်းပွင့်က သူမ၏မျက်လုံးများကို
ပွတ်သပ်လိုက်သည်။ ခဏမျှ
တုံ့ဆိုင်းသွားပြီးနောက် ဘူးသီးနက်ကို
ယန်ယဲ့၏လက်ထဲ
ထည့်ပေးပါတော့သည်။ သို့သော်
ဘူးသီးနက်က ယန်ယဲ့ကို
အသုံးပြုခွင့်မပေးပေ။

ဤအချိန်တွင် ဓားစာလိပ်က
ရုတ်တရက်ပြောခဲ့သည်  “ဒါဟာ
နတ်ဘုရားရတနာပဲ။ဒါ့ကြောင့် နင့်ရဲ့
စွမ်းရည်ကို အသိအမှတ်မပြုရင် သုံးဖို့
ခွင့်မပြုဘူး။ ဒါက
နင်တစ်ယောက်တည်းကို
ဆန့်ကျင်တာမဟုတ်ဘူး၊
လူတိုင်းအတွက် အတူတူပါပဲ”

သူမက နှင်းပွင့်ကို ရုတ်တရက်
ကြည့်လိုက်ပြီး "ဟုတ်ပါတယ်၊
သူကတော့ ခြွင်းချက်ပါ"

ယန်ယဲ့က သူ၏မျက်လုံးများကို
ဖြည်းညှင်းစွာမှိတ်လိုက်ပြီး
"နတ်ရတနာတွေလား၊ ငါ့အတွက်
ဘာအကူအညီမှ မလိုဘူး။ ငါသူတို့ကို
ငါ့ဘာသာသတ်နိုင်တယ်"

ထိုစကားပြောပြီးသည်နှင့် နေရာတွင်ပင် ပျောက်ကွယ်သွားသည်။

ဘမ်း... ဘမ်း...

ကြောက်မက်ဖွယ် စိတ်ဆန္ဒ နှစ်ခု ထွက်ပေါ်လာပြီး ပတ်ဝန်းကျင်ကို ပြန့်နှံ့သွားသည်။

ဖန်ဆင်းရှင်အဆင့်

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ နှင့် စားစိတ်ဆန္ဒ

။

မူလတာအိုသခင် ၄ ပါးလည်း

နေရာမှာပင်

ဖျတ်ခနဲပျောက်သွားကြသည်။

သို့သော်လည်း သူတို့က ယန်ယဲ့နှင့်
တိုက်ခိုက်နေရင်း နှင်းပွင့်ကို မကြာခဏ
လှည့်ကြည့်နေသည်။

မူလတာအိုသခင် ၄ ပါးဟာ
ထိုအကောင်လေးကို
အလွန်ကြောက်ကြသည်။

နှင်းပွင့်လေးကြောင့် ယန်ယဲ့သည်

မူလတာအိုသခင် ၄ ပါးကို

ထိပ်တိုက်ရင်ဆိုင်နိုင်ခဲ့သည်။

ဓားစာလိပ်က

နေရာတွင်သာရပ်နေခဲ့သည်။ ကူညီရန်

ရည်ရွယ်ချက်လုံးလုံးမရှိပေ။

ဘမ်း...

ပေါက်ကွဲသံနှင့်အတူ ပုံရိပ်တစ်ခုက

နောက်သို့ အကြိမ်ကြိမ်

ဆုတ်သွားရသည်။

ယန်ယွဲ့ ပင်။

ဤအချိန်တွင် မိန်းမလှနှင့်

ဟန်ယွမ်စုတို့နှစ်ယောက်က ယန်ယွဲ့၏

ဘယ်ညာနှစ်ဖက်စလုံးကနေ

ပေါ်လာကြသည်။

အနက်ရောင်ဝတ်ရုံအဘိုးကြီးက

ယန်ယဲ့ရှေ့တွင် ရပ်နေခဲ့၏။

သက်လတ်ပိုင်းအမျိုးသား ကတော့

နှင်းပွင့်ကို တိုက်ခိုက်နေခဲ့သည်။

ဤအချိန်တွင် မူလတာအိုသခင် ၃ ပါးက

ယန်ယဲ့အနားကို တိုးကပ်လာကြသည်။

ယန်ယဲ့ သည် သူ၏မျက်လုံးများကို

ဖြည်းညှင်းစွာမှိတ်လိုက်သည်။

သူ၏ဓားကို မြေပြင်ထောင့်တစ်နေရာသို့

ထိုးစိုက်ကာ သူ့ခန္ဓာကိုယ်က

တဖြည်းဖြည်း

အသွင်ပြောင်းသွားခဲ့သည်။

အနန္တဓားနယ်မြေ...

ယန်ယဲ့သည် ဓားနယ်မြေကို
ထပ်မံအသက်သွင်းလိုက်သည်။

သူ့ထံမှ ဖန်ဆင်းရှင်အဆင့် စိတ်ဆန္ဒ နှစ်ခု
ပေါက်ကွဲလာသည်။ သို့သော်လည်း
ဒီရေပြန်ကျသွားသကဲ့သို့
သူ့ခန္ဓာကိုယ်ထဲကိုပြန်ဝင်လာသည်။
တစ်ချိန်တည်းမှာပင် ယန်ယဲ့၏
လက်ဖဝါးပေါ်၌ အနက်ရောင်
ဝဲကတော့တစ်ခု ရုတ်တရက်

ပေါ်လာသည်။ အနက်ရောင်ဝဲကတော့

ပေါ်လာသည်နှင့် ဝမ်းနည်းပူဆွေးဖွယ်ရာ

ငြီးတွားသံများ ရုတ်တရက်

ထွက်ပေါ်လာသည်။

ဓားစာလိပ် က ဤမြင်ကွင်းကို

မျက်မှောင်ကြုတ်ကာ “

သေလွန်သူဝိညာဉ်တွေ.... ဒီလောက်

အစွမ်းထက်တဲ့ သတ်ဖြတ်ခြင်းစိတ်ဆန္ဒ”

"ခုတ်ပိုင်းလိုက်စမ်း..." ယန်ယဲ့သည် မျက်လုံးဖွင့်လိုက်ပြီး

ဒေါသတကြီးအော်ဟစ်လိုက်သည်။

ဒီအချိန်မှာ သူ့မျက်လုံးအစုံက

ထူးထူးခြားခြား

သွေးပင်လယ်မဟုတ်ပေ။

သူ၏မျက်လုံးများက

အဖြူရောင်တစ်ဖက်အနက်ရောင်တစ်ဖ

က်ဖြစ်နေသည်။ ယန်ယွဲ့က သူ၏ဓားကို

အလျားလိုက် ပိုင်းချလိုက်သည် ။

ဘမ်း…

ကြောက်မက်ဖွယ်ရာ

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ နှင့်အတူ

နက်မှောင်နေသော (အနက်ရောင်)

ဓားစွမ်းအင်လှိုင်းကြီး

ပြေးထွက်လာသည်။

အနက်ရောင်ဓားစွမ်းအင်အလင်းတန်း

ကြီးဟာ မတူညီသော

စိတ်ဆန္ဒနှစ်ခုအပြင် ကြောက်မက်ဖွယ်ရာ

နာကြည်းမုန်းတီးမှုအငွေ့အသက်များပါ

သယ်ဆောင်လာသည်။ ထို့အပြင်

ဓားစွမ်းအင်ထဲ၌ မရေမတွက်နိုင်သော

အနက်ရောင်

အလင်းစက်များပါနေခဲ့သည်။

ဂရုတစိုက်ကြည့်လျှင် ၎င်းဟာ

သေလွန်သူဝိညာဉ်များ ဖြစ်ကြောင်း

သတိပြုမိပေလိမ့်မည်။

၎င်းက ယန်ယွဲ့၏

အကန့်အသတ်ဖြစ်သည်၊

တစ်နည်းအားဖြင့် သူ၏ အပြင်းထန်ဆုံး

တိုက်ခိုက်မှုပါ။

အနက်ရောင်ဓားစွမ်းအင်လှိုင်းကြီး

ထွက်ပေါ်လာသည်နှင့် မူလတာအိုသခင်

၃ ပါး၏

အမူအရာများသည်

ပြောင်းလဲသွားသည်။

ဘမ်း…

ယန်ယဲ့ကို ဗဟိုပြု၍ ပတ်ပတ်လည်၌

ကြီးမားသော

အနက်ရောင်အလင်းစက်ဝိုင်းများ ရုတ်တရက်ပေါ်လာသည်။ အနက်ရောင်စက်ဝိုင်းများမှ သေဆုံးခြင်းအငွေ့အသက်များ ထွက်ပေါ်နေခဲ့သည်။

ဤအချိန်တွင် မူလတာအိုသခင် ၃ ပါးဟာ အနက်ရောင်အလင်းစက်ဝိုင်းအပြင်ဖက်၌ ရှိနေကြသည်။

သုံးယောက်လုံးဟာ

အခြေအနေသိပ်မကောင်းကြပေ။

မိန်းမလှ၏ညာဖက်လက်မောင်းက

ပြုတ်တောက်သွားသည်။ ပခုံးကနေသွေး

တစ်စက်စက်စီးကျနေခဲ့သည်။

ဟန်ယွမ်စုက အခြေအနေပိုဆိုးပါသည်။

သူ၏ဝမ်းဗိုက်နေရာတွင်

ဓားဒဏ်ရာကြီးတစ်ခုရှိနေသည်၊

ဒဏ်ရာက သူ့ကို နှစ်ခြမ်းခွဲလုနီးပါး ဖြစ်သည်။

အနက်ရောင်ဝတ်ရုံအဘိုးကြီး

ကတော့အားလုံးထဲမှာ

အခြေအနေအဆိုးဆုံးပင်။

အစောပိုင်းမှာကတည်းက

နှင်းပွင့်၏လက်ချက်ဖြင့်

ဒဏ်ရာရထားသောကြောင့် ဒီအချိန်မှာ

သူ့ခန္ဓာကိုယ်ကဖျက်ဆီးခံလိုက်ရသည်။
မူလဝိညာဉ်သာကျန်တော့၏။

အလားတူပင်၊ ယန်ယဲ့လည်း အ
ခြေအနေကသိပ်မကောင်းပါ။
အပြင်းထန်ဆုံး တိုက်ခိုက်မှုကို
ထုတ်ဖော်လိုက်သည်နှင့်အညီ
တန်ကြေးတစ်ခုပြန်ပေးလိုက်ရသည်။
ဒီအချိန်မှာ သူ့တစ်ကိုယ်လုံး
အက်ကွဲရာအပြည့်ပါ။ ယခုလက်ရှိ

သူ့ခန္ဓာကိုယ်က ကြွေအိုးနှင့်တူသည်။

မကွဲသေးသော်လည်း သူ့ခန္ဓာကိုယ်က

အက်ကွဲကြောင်းများ ဖုံးလွှမ်းနေသည်။

အပြင်မှာတင်မဟုတ်ပဲ သူ၏အရိုးများ၊

ခန္ဓာကိုယ်သွေးကြောများပင်

ပြင်းထန်စွာဒဏ်ရာရခဲ့လေသည်။

အကယ်၍ မူလစေတီကသာ

သူ့ခန္ဓာကိုယ်အား ကာကွယ်မထားပါက

လက်ရှိမှာ လူသေအလောင်း

ဖြစ်နေလောက်ပါပြီ။

တစ်နည်းအားဖြင့် ဤတိုက်ပွဲတွင်

နှစ်ဖက်စလုံး

ဒဏ်ရာပြင်းထန်စွာရထားခဲ့သည်။

ပတ်ဝန်းကျင်သည် အချိန်အတော်ကြာထိ

တိတ်ဆိတ်ငြိမ်သက်နေခဲ့သည်။

လုံးဝကို တိတ်ဆိတ်နေပါသည်။

မူလတာအိုသခင် ၃ ပါး၏မျက်လုံးများက မယုံနိုင်စရာဖြင့် ပြည့်နေသည်။ မူလတာအိုသခင် ၃ ပါးပေါင်းပြီး တိုက်ခိုက်ခဲ့သည်။ သို့သော်လည်း အဆုံးသတ်ရလာဒ်ကား ထင်ထားသလိုမဟုတ်ဘဲ ၎င်းတို့ပင်ဒဏ်ရာအပြင်းအထန် ရသွားခဲ့ကြသည်။

ဤအချိန်တွင် ဓားစာလိပ်က နေရာမှာပင်
ဖျတ်ခနဲပျောက်ကွယ်သွားသည်။

မူလတာအိုသခင် ၃ ပါး၏
အမူအရာများသည် သိသိသာသာ
ပြောင်းလဲသွားသည်။

ဆူး ....ဆူး....

ခဏအကြာတွင် အလင်းတန်းနှစ်ခု

လင်းလက်လာသည်။ ထို့နောက်

အဘိုးကြီးနှင့် ဟန်ယွမ်စုတို့၏

ခေါင်းပြတ်များ

လေထဲသို့ပျံတက်သွားကြသည်။

ဓားစာလိပ်က မူလတာအိုသခင် ၂ ပါးကို

ချက်ချင်းသတ်ပစ်ခဲ့သည်။

မူလဝိညာဉ်များပင်

မလွတ်မြောက်နိုင်ခဲ့ပေ။

သို့သော် သက်လတ်ပိုင်းအမျိုးသားနှင့်
မိန်းမလှတို့ကတော့
လွတ်မြောက်သွားကြသည်။

နှစ်ယောက်စလုံးက
ဒဏ်ရာရနေသည့်တိုင်
မူလတာအိုသခင်များဖြစ်လေရာ
ထွက်ပြေးချင်ပါက ဓားစာလိပ်အနေဖြင့်
တားဆီးနိုင်မည်မဟုတ်ပေ။

ဆားစာလိပ်က ယန်ယဲ့ ဆီသို့

လျှောက်သွားသည်။ ယန်ယဲ့က သူမကို

တစ်ချက်ကြည့်လိုက်ပြီး

တစ်ခုခုပြောချင်သော်လည်း

ဘာမှပြန်မပြောနိုင်ပေ။

ဆားစာလိပ်က ဘာမှမထူးခြားဘဲ

“နင်တိုက်ခိုက်ပြီးတော့

ငါရိုက်သိမ်းတယ်။ ရပြဿနာရှိလား"

ယန်ယဲ့၏မျက်နှာက

မည်းမှောင်သွားသည်။

သူ့အကြည့်တွေသာ လူသတ်နိုင်ပါက

ဓားစာလိပ်ပ်ဟာ သေနေလောက်ပါပြီ။

ဤအတောအတွင်း နှင်းပွင့်က

ယန်ယဲ့ရှေ့သို့ ရောက်ရှိလာသည်။

ယန်ယဲ့၏ပုံစံကို မြင်သောအခါ

ငိုကြွေးလေတော့သည်၊

သူမငိုကြွေးလိုက်စဉ်

ဝိညာဉ်စွမ်းအင်များပြည့်နှက်လာတော့သည်။

ဓားစာလိပ်က မျက်နှာပေါ်တွင် ထူးဆန်းသောအမူအရာဖြင့် နှင်းပွင့်ကို စိုက်ကြည့်လိုက်သည်။ သဘာဝအတိုင်း ယခင်က ဝိညာဉ်အင်ပါယာများကို မြင်ဖူးထားသည်။ သို့သော် လူသားတစ်ယောက်အား ဤမျှလောက်ချစ်ခင်တွယ်တာသော

ဝိညာဉ်အင်ပါယာကိုတော့ တစ်ခါမှ

မတွေ့ဖူးပေ။

ယန်ယဲ့က အတော်လေး

အားကိုးရာမဲ့သလို ခံစားနေရသည်။

နှင်းပွင့်ကို ပွေ့ဖက်ချင်သော်လည်း

သူ့တစ်ကိုယ်လုံးက

လုံးဝမလှုပ်ရှားနိုင်ပါ။

အဆိုးဆုံးကတော့ သူ့လက်ဝါးပေါ်ရှိ
အနက်ရောင်ဝဲကတော့ပင်ဖြစ်သည်။
ယခုအချိန်တွင် မူလစေတီက ၎င်းတို့အား
ဖိနှိပ်မထားနိုင်တော့ပေ။

တစ်နည်းဆိုရသော်
သေလွန်သူဝိညာဉ်များ
လွတ်မြောက်သွားပါပြီ။

သတ်ပစ်လိုက်စမ်း...

ယန်ယွဲ့၏ခေါင်းထဲတွင်

မရေမတွက်နိုင်သော အသံများ

ထွက်ပေါ်လာသည်။

သူ၏စိတ်ဝိညာဉ်အခြေအနေသာ

လုံလောက်အောင်

သန်မာမနေပါကသေလွန်သူဝိညာဉ်များ

ကြောင့်

အသိစိတ်ပျောက်ကွယ်သွားနိုင်ပါသည်။

ဓားစာလိပ်က ယန်ယဲ့ကို

စိုက်ကြည့်နေသည်။

ဤအချိန်တွင် သူ၏ဒဏ်ရာများသည်

တဖြည်းဖြည်း သက်သာလာသည်။

ဓားစာလိပ်က ဤမြင်ကွင်းကို

မြင်လိုက်သောအခါ ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်ပြီး

"မူလခရမ်းရောင်စွမ်းက

မျှော်လင့်ထားတဲ့အတိုင်းပါပဲ။

ဒီလိုကုသနိုင်တဲ့စွမ်းရည်.... ဒါဟာ

သဘာဝတရားရဲ့စွမ်းအင် ၁၀ မျိုးထဲက

တစ်မျိုးလို့ထိုက်တန်ပါပေတယ်။ ဒါက

အဆင့် ၂ မှာရှိတဲ့

သဘာဝစွမ်းအင်ထပ်တော့ နိမ့်ကျတယ်။

ဒါပေမဲ့လည်း အဆင့် ၆ က

သဘာဝစွမ်းအင်ကိုပိုင်ဆိုင်တာဟာ

မကောင်းတဲ့အရာပဲ။ ထာဝရနယ်စပ်မှာ

ဒါက လူတိုင်း

အသည်းအသန်လိုချင်နေတဲ့

သဘာဝစွမ်းအင်တစ်မျိုးဖြစ်နေတယ်"

ယန်ယဲ့က သူ၏မျက်လုံးများကို

ဖြည်းညှင်းစွာမှိတ်လိုက်ပြီး "ဒါ

ငါ့အတွက် အဓိကပြဿနာလား"

ဓားစာလိပ်က "အဲဒါပဲ"

ယန်ယဲ့က သူမကို စိုက်ကြည့်နေသည်။

ဓားစာလိပ်က ဂရုမစိုက်ဘဲ

"နင့်ရဲ့ခွန်အားနဲ့မထိန်းထားနိုင်တဲ့

နတ်ရတနာတစ်ခုကို ပိုင်ဆိုင်ထားရင်

အကျိုးဆက်က

ကြောက်စရာကောင်းတယ်"

ယန်ယဲ့က ရယ်မောလိုက်ပြီး "ဒါအတွက်

ငါမတတ်နိုင်ဘူးလေ။

ငါသေခါနီးဖြစ်နေတာတောင် စောစောက မကူညီခဲ့ဘူး၊ ငါ့အထင်ပြောရရင် မင်းစိတ်ထဲမှာ ငါက ဒီနတ်ရတနာတွေကို စွန့်လွှတ်ဖို့ မျှော်လင့်နေတာမဟုတ်လား"

ဓားစာလိပ်က ခေါင်းညိတ်လိုက်သည်။

ယန်ယွဲ့က သူမကို တည့်တည့်စိုက်ကြည့်ပြီး "ဒါက ငါ့အပိုင်မဟုတ်ရင် ငါရယူဖို့

မကြိုးစားဘူး။ ဒါပေမဲ့ ငါပိုင်ဆိုင်ရင်

တော့ ငါန်ယှဲ့ဆီက ဘယ်သူမှ မယူနိုင်

ဘူး။ ငါဟာ ငယ်ဘ၀

အလုပ်သမားတပည့်အဖြစ်ကနေ

ဒီနေ့အဆင့်ထိ ကြိုးစားလာခဲ့တယ်။

ဒီနေ့အဆင့်ထိ ရောက်လာတာဟာ

သူ့ရဲ့ဘောကြောင်တာမဟုတ်သလို

အပေးအယူလည်း တစ်ခါမှမလုပ်ခဲ့ဘူး။

ငါ့လက်သီး၊ ငါ့ခြေးကိုပဲ အားကိုးတယ်။

ငါ့လမ်းတစ်လျှောက်လုံး

အစုလိုက်အပြုံလိုက်သတ်ဖြတ်ခဲ့တယ်"

လူတိုင်းက သူ့တွင် ရန်သူများစွာရှိပြီး

အဆုံးမဲ့ဒုက္ခ၊ ပြဿနာများရှိသည်ဟု

ဆိုကြသည်။ ၎င်းအတွက်

အကြောင်းပြချက်တစ်ခုသာရှိခဲ့သည်။

အကြောင်းကတော့

သူ့ဘဝတစ်လျှောက်လုံး တစ်ခါမှ

အပေးအယူမလုပ်ခဲ့လို့ပါ။

သူ့ဘာဝအပေါ်ထားရှိသော

ယန်ယွဲ့၏သဘောထားသည်

အမြဲတူညီခဲ့သည်။ ထိုအရာက ရလာဒ်ကို

လျစ်လျူရှုပါ။

စိတ်ဆန္ဒအတိုင်းလုပ်ဆောင်တာဖြစ်သ

ည်။

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၆၆၃ - နတ်ရတနာတွေ

ဒါမှမဟုတ် နင့်ခေါင်း

ဓားစာလိပ်က ယန်ယွဲ့ကို

အချိန်အတော်ကြာ စိုက်ကြည့်ကာ

"ဒါမျိုး နောက်ကို တစ်လှမ်းလောက်

ပြန်ဆုတ်လိုက်ရင် ဘယ်လောက်ထိ

လွတ်လပ်မှု ရနေလဲ တွေးဖူးသလား"

ယန်ယဲ့ က "ဒါလည်းမှန်ပါတယ်။

တချို့က တစ်လက်မလောက်

ပေးလိုက်တာနဲ့

တစ်ခြံလုံးယူဖို့ကြိုးစားတာပေါ့"

ဓားစာလိပ်က ခေါင်းကိုခါလိုက်ပြီး

"နင်က အရမ်းကို အစွန်းရောက်နေတာပဲ"

ယန်ယဲ့က အသက်ပြင်းပြင်းရှူပြီး

“ဓားစာလိပ်၊ ငါတို့ကမ္ဘာမှာ

အားနည်းသူကို ကြောက်တဲ့သူက

အားကြီးသူတွေလေ။

သေမှာမကြောက်တဲ့သူတွေ၊

တကယ်တော့

သေမှာမကြောက်တဲ့သူတွေက

သေရမှာကို အရမ်းကြောက်တယ်။

သေခြင်းတရားနဲ့ ရှုံးသွပ်တာကို

မကြောက်တဲ့သူ ဘယ်သူရှိလို့လဲ။

အများစုက မင်းအားနည်းတဲ့အခါ

လျှို့ဝှက်ချက်တွေကို

အပေးအယူလုပ်မယ်၊ မင်း

သန်မာနေရင်တော့

ဆက်လုပ်မှာမဟုတ်ဘူး။ ဒါဟာ

တစ်စုံတစ်ယောက်က

မင်းကို အနိုင်ကျင့်ဖို့ လွယ်တယ်လို့ပဲ

ထင်နေတဲ့အတိုင်း၊ တစ်စုံတစ်ယောက်က

မင်းကိုအနိုင်ကျင့်ပြီး

တစ်ခြံလုံးကိုသိမ်းဖို့ကြိုးစားလိမ့်မယ်၊
အားလုံးပဲ"

သူက ခေါင်းယမ်းပြီး ပြုံးလိုက်ကာ
“အခုလေးတင်
ကြေညာချက်ထုတ်ပြန်သလိုပဲလေ။
နတ်ရတနာသုံးပါးကို သူတို့လက်ထဲ
အပ်လိုက်ရင် ငါတို့ကို လွှတ်လိုက်မယ်လို့
မင်းထင်လား"

ဓားစာလိပ်က မျက်လုံးများကို
ဖြည်းညှင်းစွာမှိတ်လိုက်ပြီး
"သူတို့မလုပ်ဘူး"

အဖြေကတော့ ရှင်းပါသည် ။

နတ်ရတနာသုံးပါးကို
လက်လွှဲပေးလိုက်သည့်တိုင်
လွတ်မြောက်ခွင့်ပေးမည်မဟုတ်ပေ။

ယန်ယဲ့၏ခွန်အားက

အလွန်ရိုးရှင်းပါသည်။

ပင်ကိုယ်စွမ်းရည်က

အလွန်ပင်ကြောက်စရာကောင်းလှသည်။

သူ့အသက်အရွယ်မှာပင်

ထိုကဲ့သို့ခွန်အားကို ပိုင်ဆိုင်ထား၏။

ထို့ကြောင့် မည်သူမျှ အနာဂတ်

ပြဿနာကို ချန်ထားခဲ့မည်မဟုတ်ပေ။

ယန်ယဲ့က

လျှောင်ပြောင်ရယ်မောလိုက်ရင်း

“ဒီလောကမှာ မင်းအားနည်းနေရင်

သေသင့်တယ်၊ မင်းသန်မာရင်

အထွတ်အထိပ်ရောက်နေတာနဲ့အတူတူပဲ

။ အရမ်းသန်မာတဲ့သူတွေက

သူတို့အတွက် ဘယ်သူမှ မယှဉ်နိုင်တော့

လွတ်လွတ်လပ်လပ်နဲ့ရှင်သန်နေကြတာ”

သူက ဓားစာလိပ်ကို စိုက်ကြည့်ကာ

ဆက်ပြောသည် "ဓားစာလိပ်....

ရှေးဟောင်းခေတ်ဦးရဲ့ ဓားဓာလိပ်၊

ကောင်းကင်ဓားသခင် က

ဘယ်လိုလူလဲဆိုတာ ငါနဲ့မယှဉ်သင့်ဘူး။

ငါတို့နှစ်ယောက်က ကွာခြားတယ်။

ငါယန်ယွဲ့က

တခြားသူတွေအသုံးပြုထားတဲ့

အသက်ရှင်မယ့်လမ်းကြောင်းကို

အသုံးပြုစရာလား၊ ငါငြင်းတယ်။ ဒီတော့ ငါ့ကိုပြောင်းလဲပစ်ဖို့ ကြိုးစားနေတာကို ရပ်လိုက်ပါ။ မင်းငါနဲ့အတူနေချင်ရင် ငါချမှတ်ထားတဲ့ လမ်းကြောင်းကိုပဲ အတူလျှောက်ရလိမ့်မယ်။ တကယ်လို့ မင်းမလိုလားရင်တော့ ကြိုက်တဲ့အချိန်ထွက်သွားလို့ရတယ်။ ငါမင်းကိုဘယ်တော့မှ တားမှာ မဟုတ်ဘူး "

ဆားစာလိပ်က ယန်ယဲ့ကို
ရုတ်တရက်စိုက်ကြည့်ကာ "နင် ငါ့ကို
မောင်းထုတ်ဖို့ ကြိုးစားနေတာလား"

ယန်ယဲ့က ခေါင်းခါလိုက်ပြီး “မင်းဟာ
လျှို့ဝှက်ဆန်းကြယ်ပြီး
အစွမ်းထက်တယ်။ ငါ့အမြင်အရတော့
မင်းငါ့အနားမှာရှိနေတာက
ပိုအကျိုးရှိပါတယ်။ ဒါဆို
ငါမင်းကိုမောင်းထုတ်ဖို့

ဘာလို့ကြိုးစားရတာလဲ။

တစ်ခုတော့ရှိတယ်၊ ငါ့အပေါ်

မင်းဖြစ်ချင်တဲ့ဆန္ဒကို

အကောင်အထည်ဖော်ဖို့ ကြိုးစားတာကို

ငါမကြိုက်သလို တခြားသူတွေကို

အတင်းအကြပ်ခိုင်းတာမျိုးလည်း

သဘောမကျဘူး။ ဒါ့အပြင် မူလစေတီ၊

ကံကြမ္မာဗောဓိပင်၊ နှင်းခဲလေး....

သူတို့အားလုံး တစ်နေ့နေ့မှာ

ထွက်သွားချင်ရင်

ငါဘယ်တော့မှ တားမှာမဟုတ်ဘူး၊

ငါ့မိတ်ဆွေတွေ၊

ငါပိုင်တဲ့ပစ္စည်းဥစ္စာတွေမဟုတ်ဘူး"

ဤအချိန်တွင် နှင်းပွင့်က

ယန်ယွဲ့၏လည်ပင်းကို

တွဲလဲခိုလိုက်သည်။

သူမ၏ခေါင်းလေးကို

ယန်ယဲ့၏မေးစေ့နှင့် အဆက်မပြတ်

ပွတ်သပ်နေပါသည်။ ဆိုလိုသည်မှာ

ယန်ယဲ့အနားကနေ ဘယ်တော့မှ

ထွက်သွားမှာမဟုတ်ကြောင်းပြောနေတာ

ပါ။

ဓားစာလိပ် က ယန်ယဲ့ကို

တစ်ချက်ကြည့်ရင်း လေးလေးနက်နက်

စဉ်းစားနေခဲ့သည်။ သူမ ဘာတွေးနေလဲတော့ မသိနိုင်ပေ။

ယန်ယဲ့က ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီး ဓားစာလိပ်ကို စိုက်ကြည့်ကာ "မင်း အထဲကို ဝင်ချင်နေတာလား"

ဓားစာလိပ်က ခဏလောက်စဉ်းစားပြီး "ဒါအမှန်ပဲ"

ထို့နောက် သုံးယောက်စလုံး
မူလစေတီထဲကို ဝင်လာကြတော့သည်။

အထဲကို ဝင်လာသည်နှင့် ယန်ယဲ့ သည်
ကျင့်ကြံနေကျအခန်းထဲသို့
ချက်ချင်းဝင်သွားလိုက်သည်။ ထို့နောက်
တင်ပျဉ်ခွေထိုင်ချကာ
သူ၏ဒဏ်ရာများကို ကုသပါတော့သည်။

သူ ရခဲ့သော ဒဏ်ရာများက အတော်လေး ပြင်းထန်ပါသည်။

ဤအခိုက်အတန့်တွင် နှင်းပွင့်က စားစာလိပ်ကို ဒေါသတကြီးစိုက်ကြည့်နေခဲ့သည်။ သူမ၏ခါးနှစ်ဖက်မှာ ချိတ်ဆွဲထားသော ဘူးသီးနက် နှင့် ပုဆိန် တို့ဟာတုန်လှုပ်နေပါသည်။

နှင်းပွင့်လေး ဒေါသထွက်နေသည့်
အကြောင်းအရင်းမှာ ဓားစာလိပ် က
ယန်ယွဲ့အား မကူညီသောကြောင့်ပါ။

နှင်းပွင့်လေး၏ အတွေးများသည်
အလွန်ရိုးရှင်းပါသည်။ ဓားစာလိပ်က
သူတို့နှင့်အတူရှိနေသဖြင့်
သူမ၏အမြင်အရ
တစ်ဖက်တည်းဖြစ်ကြသည်။ ယန်ယွဲ့

ပြဿနာတက်သောအခါ ဓားစာလိပ်က

ကူညီသင့်သည်။ အပြန်အလှန်အားဖြင့်

ဓားစာလိပ် ပြဿနာတက်နေလျှင်

ယန်ယွဲ့က ကူညီသင့်သည်ဟု

ခံစားမိသည်။ သို့ရာတွင် ဓားစာလိပ်က

လုံးလုံးမကူညီခဲ့ပေ။ ဒီအချိန်မှာ

နှင်းပွင့်က ဓားစာလိပ်ကို အနည်းငယ်

ရန်လိုနေခဲ့သည်၊ သို့မဟုတ်  သူမအပေါ်

အတော်လေး သတိထားနေသည်ဟု

ဆိုရပေမည်။ တစ်နည်းအားဖြင့်

နှင်းပွင့်က

သူမ၏နှလုံးသားထဲတွင် ဓားစာလိပ်ကို

အရေးမပေးတော့ဘဲ

နာမည်ပျက်စာရင်းသွင်းထားပုံရသည်။

ဓားစာလိပ်က

ရန်လိုစိတ်အပြည့်ဖြစ်နေသော

နှင်းပွင့်၏မျက်လုံးများကို

မြင်သောအခါ "နင်ဘာလိုချင်လို့လဲ"

ငါဘာလိုချင်တာလဲ ...

နှင်းပွင့်က
မျက်လုံးမှိတ်တုတ်မှိတ်တုတ်ဖြစ်နေသည်
၊ သူမ ဘာလိုချင်မှန်း မသိသေးပါ။

ဤအချိန်တွင် ဓားစာလိပ်က
ရုတ်တရက်ပြောခဲ့သည် "ငါ သူ့ကို

အများကြီး ကူညီပေးခဲ့ပြီးပြီ။ ဒါပေမဲ့ အမြဲတမ်း သူ့ကို မကူညီနိုင်ဘူးဆိုတာ နှင်နားလည်ရမယ်။ သူ့ကိုယ်သူ အားကိုးရမယ်ဆိုတာ နားလည်လား”

နှင်းပွင့်က ခေါင်းယမ်းကာ ဓားစာလိပ်ကို စူးစိုက်ကြည့်ပြီး လက်သည်းများကို ဝှေ့ယမ်းလိုက်သည်။

ဓားစာလိပ်က မျက်မှောင်ကြုတ်ပြီး

“နင်ဘာပြောနေတာလဲ”

ဤအချိန်တွင် "ငါတို့အားလုံးက

မိတ်ဆွေတွေဖြစ်လို့

တစ်ယောက်နဲ့တစ်ယောက်

ကူညီသင့်တယ်လို့ သူကပြောနေတယ်"

ဓားစာလိပ်က

လှည့်ကြည့်လိုက်သောအခါ

သေးသေးသွယ်သွယ်

မိန်းမငယ်လေးတစ်ယောက်ကို

တွေ့လိုက်သည်။ မိန်းမငယ်လေးက

ခရမ်းရောင်ဝတ်စုံကို ဝတ်ဆင်ထား၏၊

သူမ၏ရုပ်သွင်က သေးသွယ်လှပပြီး

မြင့်မြတ်ပုံပေါက်သည်။

အခြားမဟုတ်ပေ၊ ဇီအာ ပင်။

နှင်းပွင့်က အနားသို့ ချက်ချင်း

ပြေးလာပြီး ဇိအာကို တရင်းတနှီး

ပွေ့ဖက်လိုက်သည်။

ဓားစာလိပ်က ဇိအာ ကိုကြည့်ကာ

"လေဟာနယ်မင့်ခ်၊

ခရမ်းရောင်မျက်လုံးတစ်စုံရှိတဲ့အကောင်

ငယ်လေး။ ငါ တော်တော်

အံ့သြသွားတယ်”

ဇိအာ က ဓားစာလိပ်ကို ဂရုမစိုက်ဘဲ
နှင်းပွင့် ကိုသာ ပွေ့ဖက်လိုက်ပြီး
"နှင့်ဆန္ဒအတိုင်း လုပ်ပါ"

ထိုစကားပြောပြီးသည်နှင့်
နောက်ပြန်လှည့်ပြီး နှင်းပွင့်ကို
ပွေ့ချီလျက် ထွက်သွားသည်။

ဓားစာလိပ်က ထိုနေရာတွင် အကြာကြီး
ငြိမ်သက်သွားသည်။ ထို့နောက် အဝေးသို့

ထွက်ခွာသွားခဲ့သည်။
သိပ်မကြာလိုက်ပေ၊
သတ္တမမြောက်အထပ်ရှိ ဗလာနယ်ထဲသို့
ဝင်ရောက်လာသည်။

ဓားစာလိပ်က ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်ပြီး "နင်ဟာ
မူလဖန်ဆင်းခြင်းရှေးဦးပုဆိန်ဖြစ်မယ်ထ
င်တယ်" ဟု ပြောလိုက်သည်။

“ဓားလှံ၊ ဓားကျမ်းစာ၊ ဓားခန်းမ၊

အခုတော့ ဓားစာလိပ် ပဲကျန်တော့တယ်။

မင်းလည်း ကြောက်စရာကောင်းတဲ့

အခြေအနေမှာ

ရောက်နေပုံရတယ်"

ဓားစာလိပ်၏ မျက်လုံးများ အနည်းငယ်

ကျဉ်းမြောင်းသွားကာ မျက်လုံးထဲမှ

အေးစက်သော အလင်းတန်းများ လင်းလက်လာသည်။

အသံတစ်သံ ရုတ်တရက် ပဲ့တင်ထပ်လာသည် "မင်းရဲ့ပင် မခန္ဓာကိုယ်ရှိနေရင် ငါမင်းကိုနည်းနည်း ကြောက်မယ်။ ဒါပေမဲ့ အခုလက်ရှိ မင်းက တကယ် အားနည်းနေပြီ"

ဆားစာလိပ်က တခစ်ခစ်ရယ်ပြီး

“နင်လည်း ဒီလိုပဲ မဟုတ်လား။

တစ်ခုခုကို အရမ်းသိချင်နေတယ်။ နင်

တကယ်ပဲ ဝိညာဉ်အင်ပါယာကို

ခွင့်ပြုပေးလိုက်တာလား။

ဝိညာဉ်အင်ပါယာက

ရှားပါးနေတာလက်ခံပါတယ်။ ဒါပေမဲ့

ဒီလောက်ကလေးနဲ့တင်

နင့်ကိုထိန်းချုပ်ခွင့်ပေးဖို့ဆိုတာ

မလုံလောက်သေးဘူးထင်တယ်"

အသံက “မင်းရဲ့ ပင်မခန္ဓာကိုယ်ကို

ဆုံးရှုံးလိုက်သလိုပဲ၊ ကြည့်ရတာ မင်းမှာ

အရာတွေကို ခွဲခြားနိုင်စွမ်းတောင်

ဆုံးရှုံးသွားပြီ။

ဘယ်လောက်သနားစရာကောင်းလိုက်သ

လဲ"

ဓားစာလိပ်၏မျက်လုံးများသည်
အနည်းငယ် ကျဉ်းမြောင်းသွားပြီး
"ဘာကိုဆိုလိုတာလဲ"

အသံက “ဝိညာဉ်အင်ပါယာရဲ့ အထက်မှာ
ဘာရှိလဲ” ဟု ပြန်မေးခဲ့သည်။

ဓားစာလိပ်က “ကမ္ဘာခေတ်ဦးရဲ့
ဝိညာဉ်ဖန်ဆင်းရှင် ။ ဝိညာဉ်အားလုံးကို
ဖန်ဆင်းနိုင်တယ်၊

ဝိညာဉ်စွမ်းအင်ကိုဖန်တီးဖို့ဝိညာဉ်တွေ

အားလုံးကို ဖန်ဆင်းနိုင်တဲ့

ပထမမျိုးဆက်ပဲ"

ဤအချိန်တွင် သူမ၏မျက်လုံးများက

ရုတ်တရက်ကျဉ်းမြောင်းလာကာ

“မဖြစ်နိုင်။ ဒါမဖြစ်နိုင်ဘူး၊ သူမက

ဝိညာဉ်ဖန်ဆင်းရှင် ဖြစ်ဖို့

လုံးဝမဖြစ်နိုင်ဘူး"

"မဖြစ်နိုင်ဘူး ဟုတ်လား" အသံက
လျှောင်ပြောင်လိုသောလေသံအပြည့်ပါ
“မင်းနောက်ကိုလှည့်ကြည့်စမ်း”

ဓားစာလိပ် က လှည့်ကြည့်လိုက်သည်။
သူမ၏အကြည့်များက အာကာသထဲသို့
ထိုးဖောက်ကာ မူလစေတီ၏ ပထမထပ်ရှိ
နှင်းပွင့်လေးထံ ဆင်းသက်လာသည်။
ဤအချိန်တွင် နှင်းပွင့်က ဘူးသီးနက်ကို

ဆုပ်ကိုင်လျက်

လှည့်ပတ်ကစားနေခဲ့သည်။

သူမ၏ပတ်ပတ်လည်၌

ဝိညာဉ်ဘုရင်မြောက်များစွာ

ဝန်းရံထားသည်။

ထိုဝိညာဉ်ဘုရင်များဟာ စကြဝဠာကြီးမှ

ခေါ်ဆောင်လာသော

ဝိညာဉ်ငယ်များပင်ဖြစ်သည်။

လက်ရှိမှာတော့

နှင်းပွင့်၏လက်အောင်ငယ်သားများဖြစ်နေပုံရသည်။

သိပ်မကြာလိုက်ဘဲ

ဓားစာလိပ်၏အကြည့်က

နှင်းပွင့်၏မျက်လုံးသေးသေးလေးနှစ်လုံးကို စိုက်ကြည့်နေသည်။

နှင်းပွင့်၏မျက်လုံးသေးသေးလေးနှစ်လုံးက

ခရမ်းရောင်တစ်ဝက်အနက်ရောင်တစ်ဝက်ဖြစ်နေသည်။

ဤထူးခြားမှုကို မြင်သောအခါ စားစာလိပ်၏အမူအရာက ချက်ချင်းပြောင်းလဲသွားသည်။

“မဖြစ်နိုင်ပါဘူး…” သူမ၏မျက်လုံးထဲ၌ မယုံကြည်နိုင်စရာများဖြင့် ပြည့်နှက်နေသည်။

“ထာဝရစကြဝဠာအပြင်၊
ဝိညာဉ်ဖန်ဆင်းရှင်က
တခြားဘယ်နေရာမှာမှ
ပေါ်လာဖို့မဖြစ်နိုင်ဘူး၊ ဒါ့အပြင် အခုထိ
ဘယ်နေရာမှာပေါ်လာတယ်ဆိုတဲ့သတင်း
တောင်မကြားရဘူး”

"ဟုတ်လား..." အသံက လစ်လျူရှုရင်း
“ဒါပေမဲ့ အမှန်တရားက

သူမကိုကြည့်လိုက်။

တဖြည်းဖြည်းနဲ့ပြောင်းလဲနေပြီ။

သူမရဲ့မျက်လုံးတွေက လုံးလုံး

ခရမ်းရောင်သန်းလာတဲ့အခါကျရင်

ဝိညာဉ်ဖန်ဆင်းရှင် ဖြစ်လာလိမ့်မယ်။

ထာဝရစကြာဝဠာကလာတဲ့ မင်းဟာ

ဝိညာဉ်ဖန်ဆင်းရှင်က

ဘာကိုကိုယ်စားပြုတယ်ဆိုတာ

သေချာပေါက်သိမှာပါ။

ဟုတိတယ်မလား"

"ကမ္ဘာ့ခေတ်ဦး ဝိညာဉ်ဖန်ဆင်းရှင်... "

ဓားစာလိပ်၏အသံက အနည်းငယ်

တုန်လှုပ်သွားသည်။

ဝိညာဉ်ဖန်ဆင်းရှင် သည်

ဝိညာဉ်စွမ်းအင်ကြောင့်

ကြောက်စရာကောင်းလှသည်။

ဝိညာဉ်စွမ်းအသ် သည်

ဝိညာဉ်ဘုရင်များအားလုံးကို

ပေါင်းစည်းပြီး အသစ်စက်စက်

ဝိညာဉ်စွမ်းအင်တစ်မျိုးကို

ဖန်တီးနိုင်သော

အခြေခံအုတ်မြစ်ဖြစ်သည်။ ၎င်းသည်

စွမ်းအင်အားလုံးတွင် တတိယအဆင့်

(အဆင့်)ဖြစ်သည်။ ထို့အပြင်

ဝိညာဉ်ဖန်ဆင်းရှင်က

ကြောက်စရာကောင်းရသည့်

အခြားအကြောင်းအရင်းတစ်ခုလည်း

ရှိလေသည်။ ၎င်းက လောက်တစ်ခုလုံးရှိ

ဝိညာဉ်ဘုရင်များကို စုစည်းနိုင်၏။

သို့မဟုတ် အရှင်းဆုံးပြောရရင်တော့

လောကရှိဝိညာဉ်ဘုရင်များအားလုံး၏

စွမ်းအားကို အသုံးပြုနိုင်တာဖြစ်သည်။

အတိုချုပ်ပြောရပါက
ဝိညာဉ်ဘုရင်များအားလုံးဟာ
ဝိညာဉ်ဖန်ဆင်းရှင်၏ထိန်းချုပ်မှုအောက်
မှာရှိခဲ့သည်။

သို့သော် ဝိညာဉ်ဘုရင်များအားလုံးက
ဝိညာဉ်ဖန်ဆင်းရှင် ကို
ချစ်မြတ်နိုးကြသည်။ ထို့ကြောင့်
ဝိညာဉ်ဘုရင်များထံမှ ဝိညာဉ်စွမ်းအင်
ကို အတင်းအကြပ်စုပ်ယူဖို့မလိုပေ။

ဝိညာဉ်ဖန်ဆင်းရှင် တောင်းဆိုလာပါက
အသာတကြည် လွှဲပေးကြမည်သာ။

ထို့အပြင် ဝိညာဉ်ဖန်ဆင်းရှင်များက
ဂုဏ်သိက္ခာကြီးမားလေသည်။များသော
အားဖြင့် လောက၏အရေးကိစ္စများတွင်
ဝင်ရောက်စွက်ဖက်ခြင်းမပြုကြပေ။
ထာဝရစကြဝဠာရှိ ဝိညာဉ်ဖန်ဆင်းရှင်၏
အဆင့်အတန်းသည်
အလွန်ထူးခြားလှသည်။

ဝိညာဉ်ဖန်ဆင်းရှင် သည်

ကျင့်ကြံသူများအတွက်

အရေးကြီးလေရာ

စွမ်းအားရှင်များပင်လျှင်

၎င်းတို့အားမျက်နှာသာပေးရလေသည်။

အထူးသဖြင့်

မူလဖန်ဆင်းခြင်းရှေးဦးပုဆိန် ကဲ့သို့

နတ်ဆိုးရတနာများပင်

သူမကိုမျက်နှာပေးနေရသည်။

သဘာဝတရား၏ စွမ်းအင် ၁၀

မျိုးအနက် တစ်ခုစီဟာ ထူးခြားလှသည်။

ဝိညာဉ်စွမ်းအင်သည်

အထူးခြားဆုံးဖြစ်ခဲ့သည်။

၎င်းသည် နတ်ရတနာတစ်ခု၏

အသိစိတ်ကို မြှင့်တင်ပေးနိုင်သည်။

နတ်ရတနာတစ်ခု၏

ဝိညာဉ်ကိုပြုပြင်နိုင်လေသည်။

တစ်နည်းအားဖြင့် ဝိညာဉ်ဖန်ဆင်းရှင် သည် နတ်ရတနာ (၁၀) ပါး နှင့် အခြားလျှို့ဝှက်ဆန်းကြယ်သော သက်ရှိများအတွက် အရေးပါလှသည်။

ဝိညာဉ်ဖန်ဆင်းရှင် သည် အသန်မာဆုံးသက်ရှိမဟုတ်သော်လည်း ၎င်းတို့တွင် အထူးခြားဆုံးသော အခြေအနေများရှိခဲ့သည်။

တစ်ချိန်တည်းမှာပင်

မူလဖန်ဆင်းခြင်းရှေးဦးပုဆိန် က "မင်းရဲ့

ပင်မခန္ဓာကိုယ်ကို

ဆယ်ယူချင်တယ်ဆိုရင်တော့

ဝိညာဉ်ဖန်ဆင်းရှင်ရဲ့ အကူအညီမပါဘဲ

လက်တွေ့မဖြစ်နိုင်ဘူးလို့ ငါထင်ပါတယ်"

ဓားစာလိပ် က တိတ်ဆိတ်သွားသည်။

"ကံဆိုးလိုက်တာ..."

မူလဖန်ဆင်းခြင်းရှေးဦးပုဆိန်က

လျှောင်ပြောင်လိုသံအပြည့်ဖြင့်

ရယ်မောရင်း “အခု မင်းကို မုန်းတီးနေပြီ။

တကယ်လို့ မင်းဟာ ဝိညာဉ်ဖန်ဆင်းရှင် နဲ့

ကောင်းမွန်တဲ့ဆက်ဆံရေး

မတည်ဆောက်နိုင်ရင် သူမ

အဆင့်တက်သွားတာနဲ့

မင်းကိုလုံးဝမျက်နှာသာပေးမှာမဟုတ်

ဘူး။ ဒါဆို မင်းရဲ့ပင်မခန္ဓာကိုယ်နဲ့ ငါက

ဝိညာဉ်ဖန်ဆင်းရှင် အတွက်

ဘာမှအရေးမပါတော့ဘူး"

ဓားစာလိပ်က တိတ်ဆိတ်နေဆဲပင်။

အနာဂတ်တွင် ထာဝရမြစ်ကို

ဖြတ်သန်းနိုင်ခြေအရှိဆုံးက

မည်သူဖြစ်သနည်းဟု မေးလျှင် နှင်းပွင့်

(ဝိညာဉ်ဖန်ဆင်းရှင်)

ဟုပြန်ဖြေလိုက်ပေမည်။ နှင်းပွင့်သော

ဝိညာဉ်ဖန်ဆင်းရှင် ဖြစ်လာပါက

ကိုယ်တိုင်လုပ်စရာပင်မလိုပေ။

တစ်ဖက်ကမ်းရှိ မရေမတွက်နိုင်သော

စွမ်းအားရှင်များက ဝိညာဉ်ဖန်ဆင်းရှင်ကို

သိမ်းယူရန်

အလိုလိုရောက်လာကြပေမည်။

ဤအခိုက်အတန့်တွင်

မူလဖန်ဆင်းခြင်းရှေးဦးပုဆိန် နှင့်

ဘုန်းသီးနက်က နှင်းပွင့်အား
မျက်နှာသာပေးရသည့်
အကြောင်းအရင်းကို
နားလည်လိုက်သည်။ ယခုအချိန်မှာသာ
နှင်းပွင့်ကို မျက်နှာသာပေးမထားပါက
ဝိညာဉ်ဖန်ဆင်းရှင် ဖြစ်လာသည်နှင့်
သေချာပေါက်ပစ်ပယ်ခံရပါလိမ့်မည်။

ဓားစာလိပ်က အချိန်အတော်ကြာ

တိတ်ဆိတ်သွားပြီးနောက်

လှည့်ထွက်သွားသည်။

ဉာအတောအတွင်း နှင်းပွင့်က

ပထမထပ်၌ ဘူးသီးနက်နှင့်

ကစားနေခဲ့သည်။

ဓားစာလိပ်က လှည့်ပတ်ကစားနေသော

နှင်းပွင့်ကို ကြည့်နေစဉ်

သူမ၏မျက်လုံးထဲကနေ ရှုပ်ထွေးသော ခံစားချက်များ ပေါ်လာသည်။ သူမ၏ စိတ်ထဲတွင် အတွေးတစ်ခု ပေါ်လာသည်။ ထိုအတွေးက ယန်ယဲ့ သေနိုင်သော်လည်း နှင်းပွင့် ကတော့ အသေမခံနိုင်ပါ။

...

အချိန်များ တရွေ့ရွေ့နဲ့ကုန်ဆုံးလာ၏။

၆ ရက်နီးပါး

ပြန်လည်ကောင်းမွန်လာပြီးနောက်

ယန်ယဲ့ သည် နောက်ဆုံးတွင်

အပြည့်အဝပြန်ကောင်းလာခဲ့သည်။

ယန်ယဲ့ သည် ပထမထပ်သို့

ပြန်ဆင်းလာသည်။

သူရောက်လာသောအခါ နှင်းပွင့်က

သူ့ရှေ့တွင် ချက်ချင်းပေါ်လာသည်။

ယန်ယဲ့က သူ့ရှေ့ရှိ

အဖြူရောင်လုံးလုံးလေးကို

စိုက်ကြည့်ရင်း

ခါးသက်သက်ရယ်မောပါတော့သည်။

ဘူးသီးနက်ကိုခါးတွင် ချိတ်ဆွဲထားပြီး

မူလဖန်ဆင်းခြင်းရှေးဦးပုဆိန် ကို

ကစားစရာတစ်ခုလိုမျိုးဆော့နေတာပါ။

ထို့အပြင် အဓိပတိဓားက

နှင်းပွင့်၏နံဘေးမှာ လွင့်မျောနေသည်။

အတော်လေးကို မနာလိုဖြစ်စရာပင်။

ဤနတ်ရတနာများနှင့်အတူ
မူလတာအိုသခင် တစ်ပါးပင် နှင်းပွင့်ကို
ဒုက္ခပေးနိုင်တော့မည်မဟုတ်ပေ။

ယန်ယဲ့က သူမ၏ခေါင်းကို ပွတ်ကာ
ပြုံးလိုက်ပြီး "သွားရအောင်"

ထို့နောက် မူလစေတီထဲကနေ
ပြန်ထွက်လာသည်။

အပြင်ဖက်ကို ရောက်သည်နှင့် ယန်ယဲ့
သည် ညာခြေကို တစ်ချက်ပုတ်ကာ
လေထဲသို့ခုန်တက်လိုက်၏။ ထို့နောက်
ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီး
နေရာမှာတင် ပျောက်ကွယ်သွားသည်။

သူ၏ ဦးတည်ရာသည်
မူလနယ်မြေဖြစ်သည်။

မူလနယ်ပြင်သည်
ရှီယွမ်မျိုးနွယ်စု၏နေထိုင်ရာ
နေရာဖြစ်သည်။ ထိုနယ်မြေသည်
မူလမျိုးနွယ်ကိုယ်တိုင် တိုက်ပွဲဝင်ကာ
သိမ်းယူထားသော နယ်မြေကြီးပင်။

မူလနယ်မြေကို သိမ်းယူပြီးနောက်တွင်
ထာဝရနယ်စပ်တစ်ခုလုံးသည်
ရှီယွမ်မျိုးနွယ်ကို
အသိအမှတ်ပြုခဲ့သည်။

ဤအချိန်တွင် အလင်းတန်းတစ်ခုသည်
တောင်တန်းတစ်ခုရှေ့သို့
ဆင်းသက်လာသည်။

ခဏအကြာတွင်

အလင်းတန်းပြန့်ကျဲသွားသည်နှင့်

ယန်ယဲ့၏ပုံရိပ် ပေါ်လာခဲ့သည်။

ယန်ယဲ့ သည်

တောင်တန်းအနောက်ဖက်ကို ကျော်

ကြည့်လိုက်ရာ

အလွန်တရာကျယ်ပြန့်သော

ချိုင့်ဝှမ်းကြီးကို လှမ်းမြင်လိုက်ရသည်။

ဎင်းသည်

ရှီယွမ်မျိုးနွယ်တည်ရှိရာမူလနယ်မြေဖြစ်သည်။

ယန်ယဲ့ သည် ရှေ့ဆက်သွားခါနီးတွင် ဘေးဖက်သို့ ရုတ်တရက်လှမ်းကြည့်လိုက်သည်။

ထိုနေရာမှ အဖြူ

ရောင်ဝတ်စုံဝတ်အမျိုးသမီးတစ်ဦး

ပေါ်လာပြီး သူ့ဆီကို

ဖြည်းညှင်းစွာ လျှောက်လာနေသည်။

သူမ၏ရှည်လျားသောဆံပင်များက

ခါးဆီသို့ ကျဆင်းနေသည်။

သူမ၏မျက်နှာကို

မျက်နှာဖုံးတစ်ခု အုပ်ထားခဲ့သည်။

အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီးက

ယန်ယွဲ့ ဆီသို့ လျှောက်လာရင်း

"သခင်ငယ်လေးကပြောလိုက်တယ်၊

ငါတို့ရဲ့သခင်လေးက နင့်ကို

တွေ့ချင်နေတယ်"

ယန်ယွဲ့က ဂရုမစိုက်ဘဲ

သူ၏မျက်လုံးများကို

ဖြည်းညှင်းစွာမှိတ်လိုက်ပြီး

"ငါပြန်လာတဲ့အထိ စောင့်လို့ရမလား"

အမျိုးသမီးက ခေါင်းကို အနည်းငယ်ခါယမ်းလိုက်ပြီး "နင် အခုလိုက်လာရမှာ"

ယန်ယဲ့ က မူလနယ်မြေ ဆီသို့မျှော်ကြည့်ကာ "ဟိုမှာ တစ်ယောက်ယောက်က ငါ့ကိုတောင်းဆိုနေတယ်"

အမျိုးသမီးက လစ်လျူရှုကာ “ဒါဆို ဒီနတ်ရတနာသုံးပါးကို ချန်ထားခဲ့ပါ”ဟု ရုတ်တရက်ပြောခဲ့သည်။

ယန်ယဲ့ က အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီးကို စိုက်ကြည့်နေသည်။ သူမက "ငါ့အင်မော်တယ်အိမ်တော်ရဲ့ ဘိုးဘေးတွေကိုယ်တိုင် တောင်းဆိုလိုက်တယ်"

ထိုစကားပြောပြီးနောက် ယန်ယဲ့အနားသို့ ဖြည်းညှင်းစွာ လျှောက်သွားကာ "အခု နင့်မှာ ရွေးချယ်စရာနှစ်ခုရှိတယ်။ အဲဒီနတ်ရတနာတွေကို ချန်ထားခဲ့၊ မဟုတ်ရင် နင့်ရဲ့ခေါင်းကို ချန်ထားလို့ရတယ်"

အင်မော်တယ်အိမ်တော် ....။

Translated By NyiNyiSoe

May Be:

.အဆိုးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၆၆၄ - ငါယန်ယဲ့က

ကြင်နာတတ်တဲ့လူတစ်ယောက်ပါ

....

အင်မော်တယ်အိမ်တော်.....

ယန်ယဲ့ သည် သူ၏မျက်လုံးများကို

ဖြည်းညှင်းစွာမှိတ်လိုက်သည်။

ထာဝရနယ်စပ်

သို့ရောက်ရှိလာပြီးနောက်တွင်

မြို့ကြီးနှစ်မြို့၊ ဂိုဏ်းကြီးသုံးဂိုဏ်းနှင့်

မျိုးနွယ်စုကြီး ၆ ခုက သူ့အား

တိုက်ခိုက်လာခဲ့သည်။ ယခုတော့

ထာဝရနယ်စပ်၏

အဆန်းကြယ်ဆုံးအင်အားစုဖြစ်သော

အင်မော်တယ်အိမ်တော် ပင်လျှင်

ပါဝင်လာခဲ့ချေပြီ။

သို့သော် သိပ်ပြီးထိတ်လန့်မသွားပေ။

အမှန်တော့ သူလည်း ဖြစ်လာနိုင်ချေကို

ကြိုပြီးမျှော်လင့်ထားခဲ့တာပါ။

အမှန်ဆိုရလျှင် ထာဝရနယ်စပ်၏

နံပါတ်တစ် အင်အားစုက

ထိုကဲ့သို့နတ်ရတနာများကို မည်သို့
စွန့်လွှတ်နိုင်မည်နည်း။

"ကမ္ဘာခေတ်ဦး၏ နတ်ရတနာသုံးပါး… "

အင်မော်တယ်အိမ်တော် သည်ပင်
ထိုသို့သွေးဆောင်ခံရခြင်းကို
မရှောင်နိုင်ပါ။

ယန်ယွဲ့ သည် ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်ရာ ဤနေရာတွင်
အခြားလူများ ရှိနေသည်ကို
သတိပြုမိလိုက်သည်။ ထို့အပြင်
သူတို့၏အော်ရာက အားမနည်းလှပေ။

ယန်ယွဲ့ က တဟားဟား ရယ်မောရင်း
"အင်မော်တယ်အိမ်တော် တစ်ခုတည်းက
ဒီနတ်ရတနာသုံးပါးကို
လိုချင်နေတာမဟုတ်ဘူးထင်တယ်"

အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီးက ဂရုမစိုက်ဘဲ “အဆင်ပြေပါတယ်၊ သူတို့ ဘာမှလုပ်မှာမဟုတ်ဘူး” ဟူ၍ တိုးတိုးလေးပြောခဲ့သည်။

ယန်ယဲ့က ပြုံးလိုက်ပြီး "မင်းကြည့်ရတာ အင်မော်တယ်အိမ်တော် ကို အရမ်းယုံကြည်နေသလိုပဲ"

အမျိုးသမီးက ဘာမှမထူးခြားဘဲ “နင့်မှာ စဉ်းစားဖို့ အသက်ရှူချိန် ၅ ရှိုက်စာပဲရှိတယ်”

ယန်ယဲ့က “ငါတို့ ဒါကို ဘယ်လိုလုပ်မလဲ။ အင်မော်တယ်အိမ်တော် က ငါ့မိတ်ဆွေကို ကယ်တင်ပေးနိုင်မလား။ ပြီးတော့ အဲဒီနတ်ရတနာသုံးပါးကို ငါလွှဲပေးမယ်"

အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီးက ရယ်မောလိုက်ပြီး "နင့်ဖက်က တော်တော်နာတာပဲ"

ယန်ယဲ့က အံ့သြသွားပုံဖြင့် "မဖြစ်နိုင်ဘူးလား"

အမျိုးသမီး က ပြုံးပြီး “နင် ကိုယ့်ကိုယ်ကိုယ် စဉ်းစားဆင်ခြင်ဉာဏ် တော်တော်လေးနည်းတာပဲ။

ငါတိုက်ရိုက်ပဲပြောတော့မယ်။ နင့်မှာ ငါ့အင်မော်တယ်အိမ်တော်ကိုညှို့နှိုင်းပိုင်ခွင့် မရှိဘူး။ ငါတို့က နင့်ကို လက်လွှဲပေးခိုင်းရင် လွှဲပေးလိုက်။ နားလည်လား"

ယန်ယဲ့က သူမကို စိုက်ကြည့်ရင်း ရုတ်တရက် ရယ်မောလိုက်ပြီး "ဘယ်လိုတောင် မောက်မာလိုက်သလဲ။ ဒါဆို

ငါ့ကိုပွင့်ပွင့်လင်းလင်းပြောခွင့်ပြုပါ၊

မင်းကဘယ်သူမို့လို့တုန်း"

စကားပြောပြီးနောက် ညာခြေကို

တစ်ချက်ဆောင့်လိုက်သည်။

ဝုစ်...

သူ့ပုံရိပ်က
အလင်းတန်းတစ်ခုအဖြစ်ပြောင်းလဲကာ
နေရာမှာပင် ပျောက်ကွယ်သွားသည်။

အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီးက
ယန်ယဲ့ကို စိုက်ကြည့်ကာ
မျက်မှောင်ကြုတ်သွားသည်။
သူမ၏လက်ထဲမှ
ဆင်စွယ်ရောင်ပုလွေကို

နှုတ်ခမ်းဝအသာတွေ့ကာတီးမှုတ်လိုက်သည်။

တွီ....တွီ....

စူးရှသော အသံလှိုင်းတစ်ခု
ထွက်ပေါ်လာသည်။

ဤအချိန်တွင် ယန်ယဲ့၏ဓားက

လျှပ်စီးတန်းတစ်ခုအလား လျင်မြန်စွာ

ကျဆင်းလာသည်။

ဘမ်း...

ပေါက်ကွဲသံ ထွက်ပေါ်လာပြီးနောက်

နှစ်ယောက်စလုံး ကီလိုမီတာ ၁၀၀

ကျော်အကွာသို့

အသီးသီးပြန်ဆုတ်သွားကြသည်။

တစ်ချိန်တည်းမှာပဲ နောက်တစ်ကြိမ်

စူးရှသော အသံလှိုင်းတစ်ခု

ပျံ့လွင့်လာပြီး ယန်ယဲ့ဆီသို့

တိုးဝင်လာသည်။

ရေလှိုင်းလုံးကြီးတစ်ခုလိုပင်။

ယန်ယဲ့ သည် အနည်းငယ်

မျက်မှောင်ကြုတ်လိုက်သည်။ သူ၏

ဆန်းကြယ်ချီစွမ်းအင်ကို ဖြန့်ကျက်ပြီး

သူ၏ ဓားကို ညာဖက်လက်ဖြင့်
ဆုပ်ကိုင်ကာ ပိုင်းချလိုက်သည်။

ဆူး...

သူ့ရှေ့ရှိ အာကာသသည်
ဆုတ်ဖြဲလိုက်သလိုမျိုး ပွင့်ထွက်သွားပြီး
အသံလှိုင်းကို အပိုင်းပိုင်းခွဲပစ်လိုက်သည်
။ သို့သော်လည်း ပြင်းထန်သော

အသံလှိုင်းတစ်ခု ထပ်မံပျံ့လွင့်လာကာ

ယန်ယဲ့၏နားထဲသို့ရိုက်ခတ်လာသည်။

တစ်ချိန်တည်းမှာပင် သူ၏ဝမ်းဗိုက်က

စူးရှသောနာကျင်မှုကို

ခံစားလိုက်ရသည်။ မတုံ့ပြန်နိုင်ခင်မှာပဲ

ယန်ယဲ့၏ပုံရိပ်ကလွင့်ထွက်သွားသည်။

ဆူး... ဆူး... ဆူး...

ယန်ယဲ့ လွင့်ထွက်သွားသည့်အချိန်တွင်
သူ့ရှေ့ရှိ အာကာသက ထူးထူးခြားခြား
ပြောင်းလဲသွားသည်။ အထဲတွင် တစ်ခုခု
လှုပ်ခတ်နေသလိုပင်။

ကြောက်မက်ဖွယ်ရာ
အသံလှိုင်းတစ်ခုပင်ဖြစ်သည်။

ယန်ယဲ့ သည်
မတ်တပ်ရပ်လိုက်ပြီးနောက်

ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်သည်။ သူ့ထံမှ ဖန်ဆင်းရှင်အဆင့် စိတ်ဆန္ဒနှစ်ခု ပေါက်ကွဲထွက်သွားသည်။ ထို့နောက် အနီတစ်ဝက်အနက်တစ်ဝက် ဓားအလင်းတန်းကြီးတစ်ခု ထောက်ပလာသည်။

ဆူး...

ဓားအလင်းတန်းက အာကာသကို

ပိုင်းဖြတ်သွားသည် ။

အာကာသပြင်တစ်လျှောက်သည်

ကြေမွသွားကာ ဝါးမျိုခံလိုက်ရသည်။

အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီး

ထုတ်ဖော်လိုက်သော အသံလှိုင်းက

အပိုင်းပိုင်း ဖြတ်တောက်ခံလိုက်ရသည်။

တစ်ချိန်တည်းမှာပဲ ယန်ယဲ့၏ဓားက
အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီးရှေ့သို့
ရောက်လာသည်။

သို့သော် သူမ၏မျက်လုံးထဲတွင်
ကြောက်ရွံ့မှု မရှိပါ။ ဆင်စွယ်ပုလွေကို
လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ပြီး
တေ့မှုတ်လိုက်သည်။ ထို့နောက်တွင်တော့
အသံလှိုင်းများ
အဆက်မပြတ်ပွဲတင်ထပ်ကာ

ယန်ယဲ့၏ဓားအလင်းတန်းကို
တားဆီးထားလိုက်သည်။

တိုက်ခိုက်မှုနှစ်ခုက ပြိုကွဲမသွားသေးဘဲ
ရှေ့မတိုးနောက်မဆုတ်သော
ဖြစ်နေခဲ့သည်။

ဤအချိန်မှာပဲ ယန်ယဲ့၏ပုံရိပ်က
ထူးဆန်းစွာပင် ပြောင်းလဲသွားသည်။

အနန္တစားနယ်မြေ....

ခဏအကြာတွင် စားတစ်ချောင်း
ထိုးဆင်းလာသည်။
အဖြူရောင်ဝတ်စုံဝတ်
အမျိုးသမီး၏မျက်လုံးများသည်
သိသိသာသာကျဉ်းမြောင်းသွားခဲ့သည်။

ဘမ်း...

ပေါက်ကွဲသံက ပွဲတင်ထပ်ကာ
အမျိုးသမီး၏ ဆင်စွယ်ပုလွေက
အပိုင်းပိုင်းကွဲကြေသွားသည်။
သူမ၏ပုံရိပ်က
နောက်ပြန်လွင့်ထွက်လာသည်။

ဤအချိန်တွင် ယန်ယဲ့က
ညာခြေကိုတစ်ချက်ဆောင့်ပြီး
ရှေ့သို့ပြေးထွက်လာသည်။

သူ့အရှိန်က အလွန်မြန်ဆန်သည်။
အလင်း၏အရှိန်ထက်ပင်
မြန်ဆန်ခဲ့သည်။

အောင်း...

စူးရှသော ဓားအူသံနှင့်အတူ
အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီး၏အ
ထက်မှ ဓားတစ်ချောင်း ပိုင်းချလာသည်။

အမျိုးသမီး၏မျက်လုံးများက
တုန်လှုပ်ခြောက်ခြားမှုများ
ပြည့်နှက်သွားသည်။

ယန်ယဲ့ဆီကို မလာခင် သူနှင့်ပတ်သက်၍
အချက်အလက်များကို
စုဆောင်းခဲ့သည်။ သို့ရာတွင်
သိပ်ပြီးအချိန်မရခဲ့ပေ။
ယန်ယဲ့နှင့်ပတ်သက်ပြီး ထူးခြားချက်မှာ

ထိပ်တန်းညာဏ်ကြီးရှင်တစ်ယောက်ဟု

သာသိခဲ့ရသည်။ သို့သော်လည်း

အင်မော်တယ်အိမ်တော်ဟာ

မရေမတွက်နိုင်သော ညာဏ်ကြီးရှင်များ

ရှိနေသောကြောင့် သိပ်ပြီးဂရုမစိုက်ခဲ့ပေ။

တကယ်တမ်း လက်တွေ့မှာတော့

သူမ၏ယူဆချက်က မှားသွားကြောင်း

သက်သေပြခဲ့သည်။

လုံး၀ မှားသွားတာပါ။

ယန်ယဲ့က သာမန်ညာဏ်ကြီးရှင်မဟုတ်ပါ၊
မူလတာအိုသခင်များ နှင့်အဆင့်တူ
ထိပ်သီးကျင့်ကြံသူတစ်ဦးဖြစ်ခဲ့သည်။

ဤအချိန်တွင် ယန်ယဲ့၏ဓားက
လျင်မြန်စွာ ကျဆင်းလာသည်။

အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီး၏
ခေါင်းအထက်၌ ရွှေရောင်ချပ်ပြားတစ်ခု

ပေါ်လာသည်။ ထို့နောက်
ရွှေရောင်အလင်းတန်းများ
ဖြာထွက်လာပြီး
ယန်ယွဲ့၏ဓားပိုင်းချက်ကို
ခုခံလိုက်သည်။ သို့သော် ဓားက
ရွှေရောင်ချပ်ပြားကို ထိုးခွဲသွားသည်။

"ခုတ်ပိုင်းလိုက်စမ်း..." ယန်ယွဲ့က
ဒေါသတကြီးအော်လိုက်ပြီး သူ၏ဓားကို
ထပ်မံပိုင်းချလိုက်ပြန်သည်။

ဘမ်း…

အမျိုးသမီးကို ကာကွယ်ထားသော
ရွှေရောင်ချပ်ပြားဟာ
ကွဲထွက်သွားသည်။ သူမကိုယ်တိုင်လည်း
လွင့်ထွက်သွားခဲ့သည်။
တစ်ချိန်တည်းမှာပင် ယန်ယဲ့သည်
နေရာမှာပဲ ပျောက်ကွယ်သွားသည်။

ထို့နောက် စူးရှသောအလင်းတန်းတစ်ခု
လင်းလက်လာသည်။

အမျိုးသမီး၏မျက်လုံးများက
ကျဉ်းမြောင်းလာသည်။
ရှောင်တိမ်းရန်ပြင်လိုက်သော်လည်း
မဆိုသလောက်လေးနောက်ကျသွား၏။

ဓားတစ်ချောင်းက သူမ၏လည်ပင်းကို
ထောက်ထားလေသည်။

ပတ်ဝန်းကျင်က

ချက်ချင်းကိုတိတ်ဆိတ်သွားသည်။

အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီးက

ယန်ယဲ့ကို စိုက်ကြည့်နေသည်။

ဤအချိန်တွင် ယန်ယဲ့သည် သူ၏ဓားကို

တစ်ချက်လှုပ်လိုက်ရာ

သူမ၏မျက်နှာဖုံးက

ကွဲကြေသွားခဲ့သည်။ သူ့ရှေ့တွင်

အလွှန်လှပသောမျက်နှာတစ်ခု
ပေါ်လာသည်။

လှပသောခန္ဓာကိုယ်အချိုးအစား၊
ဇင်ယော်တောင်မျက်ခုံးများ၊
ဘဲဥပုံမျက်နှာနှင့် ဆောင်းဦးရေအိုင်ကဲ့သို့
ကြည်လင်သောမျက်လုံးတစ်စုံ။
အဖြူရောင်ဝတ်စုံက အမျိုးသမီးကို
နတ်ဘုရားမတစ်ပါးအလား

မြင့်မြတ်ပုံပေါက်စေသည်။ သူမ၏
သေးသွယ်လှပသောခန္ဓာကိုယ်အချိုးအ
စားနှင့် တွဲဖက်လျက်
သေလောက်အောင်လှပသည်ဟု
ပြောရင်တောင် မလွန်လှပေ။ ထို့အပြင်
သူမ၏ ပါးစပ်ထောင့်ကနေ သွေးများ
တစ်စက်စက်စီးကျနေသဖြင့် ပို၍ပင်
စွဲမက်ဖွယ် ဖြစ်စေသည်။

"အင်မော်တယ်အိမ်တော်ရဲ့

နံပါတ်တစ်အလှတရား..."

အဝေးတစ်နေရာရှိ တစ်စုံတစ်ယောက်က

“ထာဝရနယ်စပ်ရဲ့ အလှတရား ၃ ခုထဲက

တစ်ခုဖြစ်တဲ့ ဇီသာမိန်းမပျို။

သူမကိုယ်တိုင်လာဖို့ ငါ ဘယ်တုန်းကမှ

မမျှော်လင့်ထားပါဘူး။

စိတ်ဝင်စားစရာပဲ...”

အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီးက

ယန်ယဲ့ကို ကြည့်ရင်း

"နင့်ကိုငါလျှော့တွက်ခဲ့မိတယ်။ ဒါပေမဲ့

ငါ့အင်မော်တယ်အိမ်တော်ကို

ဆန့်ကျင်တဲ့ဘယ်သူမဆို

ကောင်းကောင်းနေရမှာမဟုတ်ဘူး"

ယန်ယဲ့က ဇီသာမိန်းမပျို

ကိုအထက်အောက်လှန်လှောကြည့်ရင်း

“ဒီလောက်လှတဲ့ မျက်နှာလေး။

သနားစရာပဲ"

စကားပြောပြီးသည်နှင့်

သူ၏ညာဖက်လက်ကို

ဆတ်ခနဲလိမ်လိုက်သည်။

ဆူး...

သွေးများ ဖြန်းခန်ပန်းထွက်လာပြီး
လှပသောမျက်နှာလေးနှင့်
ခေါင်းပြတ်တစ်လုံးက လေထဲသို့
ပျံတက်သွားသည်။

လှပသောခေါင်းပြတ်က
မျက်လုံးများတွင်ပြုံးကျယ်နေကာ
မယုံနိုင်စရာများဖြင့်
ပြည့်နှက်နေခဲ့သည်။

တစ်ချိန်တည်းမှာပဲ အမှောင်ရိပ်ထဲ၌ ပုန်းအောင်းနေသူတိုင်းလည်း အံ့သြသွားသည်။

သူမကို သတ်လိုက်တယ်...

ယန်ယွဲ့ သည် အင်မော်တယ်အိမ်တော်၏ နံပါတ်တစ်အလှတရားကို အမှန်တကယ် သတ်ပစ်လိုက်သည်။

ဤသို့ဖြစ်လာမည်ဟု ဘယ်သူမှ
မမျှော်လင့်ထားခဲ့ပေ။ ယန်ယွဲ့ သည်
အမျိုးသမီးတစ်ဦး ဖြစ်နေရင်တော့
နားလည်နိုင်ပေလိမ့်မည်။ သို့သော်
ယန်ယွဲ့ သည်
အမျိုးသားတစ်ယောက်ဖြစ်နေခဲ့သည်။
ဇီသာမိန်းမပျို၏အလှတရားကို
မည်သည့်အမျိုးသားမဆို
သနားကြင်နာမှု

အနည်းငယ်ခံစားရလိမ့်မည်။ ထို့အပြင် ဇီသာမိန်းမပျိုက အင်မော်တယ်အိမ်တော်၏ ညာဏ်ကြီးရှင်တစ်ဦးပါ။

အင်မော်တယ်အိမ်တော် သည် ထာဝရနယ်စပ်၏ နံပါတ်တစ်အင်အားစု ဖြစ်ခဲ့သည်။ ဇီသာမိန်းမပျိုကို သတ်ပစ်ခြင်းသည် ယန်ယဲ့နှင့် အင်မော်တယ်အိမ်တော်ကြားတွင်

ထာဝရမပြေနိုင်တော့သော

ရန်ငြိုးရှိနေပြီဖြစ်ကြောင်း

ကိုယ်စားပြုပါသည်။

ယန်ယဲ့ကိုယ်တိုင်က

ဖြစ်လာမည့်အကျိုးဆက်ကို

သိနေသော်လည်း နောက်ပြန်မဆုတ်ဘဲ

သတ်ဖြတ်ပစ်ခဲ့သည်။

ဤအချိန်တွင် လူတိုင်း၏မျက်လုံးထဲ၌
ထိတ်လန့်တကြား ကြောက်ရွံ့မှု
အရိပ်အယောင် ပေါ်လာသည်။

ကြောက်စရာကောင်းလိုက်တာ ။

ဤတစ်ကြိမ်မှာတော့ ယန်ယဲ့
နှင့်ပတ်သက်၍ လူတိုင်းဟာ
အကြောက်တရားများတိုးလာခဲ့သည်။

ယန်ယဲ့သည် သန်မာသလို

ရက်စက်ကြမ်းကြုတ်လှသည်။

အဓိကကတော့ သူသည်

အကျိုးဆက်များကို

လုံးဝဂရုမစိုက်သောသူတစ်ယောက်ဖြစ်

သည်။

ယန်ယဲ့ သည်

သွေးတစ်စက်စက်စီးကျနေသော

ဓားကိုကိုင်ကာ ရှီယွမ်ကလန် ဖက်သို့

လှည့်လိုက်သည်။

ဇီသာမိန်းမပျို၏ခေါင်းပြတ်နှင့်

အလောင်းက သူ့နောက်တွင်ရှိနေသည်။

"ယန်ယဲ့.... " ဤအချိန်တွင် ယန်ယဲ့၏
အနီးအနားမှ မိန်းမလှတစ်ဦး
ရုတ်တရက်ပေါ်လာခဲ့သည်။

၎င်းက ယခင်ကထွက်ပြေးသွားသော
လော့လီရှန်း ပင်ဖြစ်သည်။

ယန်ယဲ့က ရပ်တန့်ကာ လော့လီရှန်းကို
စိုက်ကြည့်နေသည်။ ဒီအချိန်မှာ

သူမ၏လက်နှစ်ဖက်စလုံး

အကောင်းပကတိဖြစ်နေပါပြီ။

လော့လီရှန်း က လေးနက်စွာပြောခဲ့သည်

"နင်ဘာတွေလုပ်ခဲ့လဲ သိလား"

ယန်ယဲ့က "အင်မော်တယ်အိမ်တော် က

ဘယ်လောက်တောင်

အားကောင်းတယ်ဆိုတာ မင်းပြောပြဖို့

အစီအစဉ်ရှိသလား"

လော့လီရှန်း က “အင်မော်တယ်အိမ်တော်

အကြောင်းကို နင်ဘာမှမသိသေးဘူးပဲ။

သူတို့က နင်ရင်ဆိုင်ရမယ့်

ရှီယွမ်မျိုးနွယ်ထက်

ပိုကြောက်စရာကောင်းတယ်”

ယန်ယဲ့က ပခုံးတွန့်ပြီး

အကူအညီမဲ့နေသံဖြင့် ပြန်ပြောသည်

"အဲဒါကို ငါဘာလုပ်နိုင်မလဲ။ ငါ့ရင်ထဲမှာ

စိတ်ပျက်အားငယ်မှုတွေနဲ့ ပြည့်နေတယ်။
ငါက သူတို့ကို
အရင်စော်ကားတာမဟုတ်ဘူး၊ သူတို့ကပဲ
ငါ့ကို သတ်ချင်နေတာ။ ဒါနဲ့ မင်း ငါ့ကို
အသတ်ခံဖို့ ပြောချင်နေတာလား"

လော့လီရှန်း က ယန်ယဲ့ကို
အချိန်အကြာကြီး စိုက်ကြည့်ကာ "နင်က
ရက်စက်ကြမ်းကြုတ်တဲ့အပြင် နင့်မှာ
ဘောတွေရှိတယ်" ဟုပြောလိုက်သည်။

ယန်ယဲ့က ပြုံးလိုက်ပြီး

"မင်းရဲ့ချီးမွမ်းမှုအတွက်

ကျေးဇူးတင်ပါတယ်"

ထိုစကားပြောပြီးနောက် လော့လီရှန်း ကို

ဂရုမစိုက်တော့ဘဲ ရှီယွမ်မျိုးနွယ် ဆီသို့

လျှောက်သွားခဲ့သည်။

ယန်ယဲ့၏ပုံရိပ်က အဝေးသို့

တဖြည်းဖြည်း ပျောက်ကွယ်သွားသည်။

သူ ပျောက်ကွယ်သွားသည့်အခါ

ဤနေရာတွင် အဘိုးကြီးတစ်ဦး နှင့်

အမျိုးသမီးတစ်ဦးတို့ ပေါ်လာကြသည်။

ယန်ယဲ့ သာ ထွက်မသွားသေးပါက

အံ့သြသွားမည်ဖြစ်သည်။ အ

ကြောင်းကတော့ အမျိုးသမီးက

အဖြူရောင်ကေရာဇ်မြို့တော်၏

ကေရီအဖြူ ပိုင်ဇိုရှန်

ဖြစ်နေသောကြောင့်ပါ။

ပိုင်ဇိုရှန် က

ယန်ယွဲ့ပျောက်ကွယ်သွားသော

လမ်းကြောင်းဆီသို့ ငေးကြည့်ကာ

တိတ်ဆိတ်နေခဲ့သည်။ သူမ ဘာတွေးနေသလဲဆိုသည်ကိုတော့ ဘယ်သူမှမသိနိုင်ပါ။

အဘိုးကြီးကတော့ ကောင်းကင်ဓားမြို့တော်၏ မြို့သခင် ဖုန့်ထျန်းယု ပင်ဖြစ်သည်။

သူက ယန်ယဲ့ ထွက်သွားတာကို ကြည့်ပြီး ခေါင်းကို အနည်းငယ်ခါယမ်းလိုက်သည်

"ဘယ်တော့မှ မကွေးနိုင်တဲ့

ဓားတစ်ချောင်း။ ကံမကောင်းစွာပဲ၊

သင့်လျော်စွာမကွေးတတ်လို့

အဲဒီဓားတစ်ချောင်းက

ကျိုးပဲ့သွားလိမ့်မယ်”

ထိုစကားပြောပြီးနောက်

သက်ပြင်းတိုးတိုးချလိုက်ရင်း

ပြန်ထွက်သွားခဲ့သည် ။

သူ့အမြင်အရတော့ ယန်ယဲ့အတွက်
မျှော်လင့်ချက်မရှိခဲ့ပေ။ ယန်ယဲ့သည်
ရှီယွမ်မျိုးနွယ်မှ
လွတ်မြောက်နိုင်ခဲ့လျှင်ပင်
အင်မော်တယ်အိမ်တော်ကို
ရင်ဆိုင်ရပေဦးမည်။

လော့လီရှန်း က ပိုင်ဇီရှန် ကို
တစ်ချက်ကြည့်လိုက်ပြီး
"ငါသိသလောက်တော့ သူက

နင့်လက်ထဲကို

ခဏလောက်ကျသွားသေးတယ်ထင်တ

ယ်။ ဒါပေမဲ့ သူက

အဆင်ပြေပြေနဲ့ပြန်ထွက်သွားတယ်။

ဒါ့အပြင် သူ့ရဲ့ခွန်အားလည်း

တိုးလာသည်။ နင်တို့နှစ်ယောက်က တစ်

ယောက်နဲ့တစ်ယောက်သိ

နေတာများလား"

ပိုင်ဇီရှန် က လော့လီရှန်း ကို
စိုက်ကြည့်ရင်း "ဒါ နင့်ကိစ္စမဟုတ်ဘူး"

လော့လီရှန်း၏မျက်နှာက ချက်ချင်းပင်
မမြင်နိုင်လောက်အောင် ဖြစ်သွားသည်။
သို့သော် သူမ ပြန်မပြောဝံ့ပေ။
ပိုင်ဇီရှန်က အဆင့်တူ မူလတာအိုသခင်
ဖြစ်နေသည့်တိုင် သူမထက်
အများကြီးသန်မာခဲ့သည်။

ပိုင်ဇီရှန် က လော့လီရှန်းကို

လစ်လျူရှုကာ ရှီယွမ်မျိုးနွယ် ဆီသို့

လျှောက်သွားခဲ့သည်။

အမှန်တော့ သူမက ယန်ယဲ့ကို

သတ်ဖို့ရောက်လာတာပါ။ ပိုင်ဇီရှန် ဟာ

ထိုနေ့က အရှက်တရားအတွက်

လက်စားပြန်ချေရန်ဆုံးဖြတ်ထားခဲ့သည်

။ သူမ၏ဒဏ်ရာများ

အပြည့်အဝသက်သာလာသည်နှင့်

ယန်ယဲ့ကို လိုက်လံရှာဖွေခဲ့သည်။
သို့သော် သူမအတွက်
ဘာမှလုပ်စရာတောင် မလိုပေ။

ထိုယန်ယဲ့က ရှီယွမ်မျိုးနွယ်
ကိုတိုက်ခိုက်ရန်
သွားနေခဲ့သည်မဟုတ်ပါလား။

ယန်ယဲ့သည်
ဖန်ဆင်းရှင်တစ်ပါးဟုမပြောဘဲ

မူလတာအိုသခင် ဖြစ်နေလျှင်ပင်

ရှီယွမ်မျိုးနွယ်ကို ဆန့်ကျင်ရန်

မဖြစ်နိုင်ပေ။

ဖန်ဆင်းရှင်တစ်ပါးက

နှစ်ပေါင်းထောင်နဲ့ချီ

အခြေခံအုတ်မြစ်ရှိထားသော

မျိုးနွယ်စုတစ်ခုကို ရင်ဆိုင်နိုင်မည်လား။

လုံးဝကို မဖြစ်နိုင်ပေ။

ထို့အပြင် ယန်ယဲ့ သည်
အင်မော်တယ်အိမ်တော်၏
နံပါတ်တစ်အလှတရား ကို
သတ်ပစ်ခဲ့သည်။ အကယ်၍
ရှီယွမ်မျိုးနွယ်ကနေ
ပြန်ထွက်လာနိုင်ရင်တောင်
အင်မော်တယ်အိမ်တော်ကို
ဘယ်လိုရင်ဆိုင်မည်နည်း။
လွတ်မြောက်နိုင်မည်မဟုတ်ပေ။

တစ်နည်းအားဖြင့် ယန်ယဲ့ သည် သေဆုံးသွားခဲ့ပြီဖြစ်သည်။

ပိုင်ဇီရှန် ထွက်သွားပြီးနောက် အခြားလူများစွာလည်း ထွက်ခွာသွားခဲ့သည်။ ရှီယွမ်ကလန် သည် ပြင်ပလူများကို မူလနယ်မြေထဲသို့ မဝင်ရောက်ရန် တားမြစ်ထားသည်။ ထို့ကြောင့် မူလနယ်မြေကို

လိုက်ပါဝင်ရောက်ချင်သည့်တိုင်

ဘယ်သူမှမတတ်နိုင်ကြပေ။ အင်အားသုံး

ဝင်လာရင်တော့ ရှီယွမ်မျိုးနွယ်နှင့်

တိုက်ခိုက်ရပေမည်။ သို့ရာတွင် မည်သူမျှ

မတိုက်ခိုက်ချင်ကြပါ။ ရှီယွမ်မျိုးနွယ်၏

ဝင်္ကပါအစီအရင်ပညာရပ်သည်

မျိုးနွယ်စုကြီး ၆

ခုအနက်ထိပ်ဆုံးအဆင့်ဖြစ်ခဲ့သည်။

လော့လီရှန်း က ခေါင်းယမ်းပြီး

ထွက်သွားသည် ။

...

အချိန်တော်တော်ကြာပြီးနောက်

ယန်ယဲ့သည်

တောင်တန်းကိုကျော်တက်ပြီး

မူလနယ်မြေထဲသို့ ဝင်ရောက်လာခဲ့သည်။

သိပ်မကြာလိုက်ပေ၊ သူသည်

ရှေးဟောင်း

မြို့တစ်ခုရှေ့သို့ ရောက်ရှိလာသည်။

မြို့တံခါးဝ၌ "မူလမြို့တော်"ဟူသော

စာလုံးနှစ်လုံးရေးထိုးထားသည်။

မြို့နံရံများသည် မီတာ ၃၀၀

ခန့်မြင့်မားခဲ့သည်။ အတိတ်က

သူမြင်ဖူးသော မြို့များနှင့်ယှဉ်ပါက

သိပ်တော့မကြီးမားလှပေ။

မြို့တော်တစ်ဝိုက်တွက်

အဖြူရောင်အလင်းတန်းများ

တဖျပ်ဖျပ်တောက်ပနေခဲ့သည်။

ထို့အပြင် သူ့ခြေဖဝါးအောက်ရှိ

လျှို့ဝှက်ဆန်းကြယ်သော

စွမ်းအင်ချုပ်နှောင်ခြင်းအစီအရင်တစ်ခု

ကို ခံစားမိလိုက်သည်။

အစီအရင်ကို သေသပ်စွာ

ဖုံးကွယ်ထားတာပါ။ သူသာ

ဓားနယ်မြေမရှိပါက ၎င်းကို

ရှာဖွေတွေ့ရှိနိုင်မည်မဟုတ်ပေ။ ထို့အပြင်

အစီအရင်က

အလွန်ကြောက်စရာကောင်းသည်။

ယန်ယဲ့ သည် ခဏမျှ

ငြိမ်သက်သွားပြီးနောက် သူ့ဓားကို

မြေပြင်ပေါ်သို့ ထိုးစိုက်လိုက်သည် ။

သူသည် မြို့ကို မျှော်ကြည့်လိုက်ပြီး

စကားပြောခါနီးတွင် သူ့ရှေ့၌

လူငယ်တစ်ယောက် ပေါ်လာခဲ့သည်။

လူငယ်က ယန်ယွဲ့ကို

ခဏစိုက်ကြည့်ပြီးနောက်

သူ၏ခြေထောက်နှစ်ဖက်ကို

ဖြန့်ကားလိုက်ရင်း အနည်းငယ်ပြုံးကာ

"ယန်ယွဲ့၊ အန်နန်ကျင်းကို

အသက်ရှင်စေချင်ရင် ငါ့အောက်ကနေ ဖြတ်သွားပါ။ ငါ...”

အလင်းတန်းများ ရုတ်တရက် လင်းလက်လာပြီး လူငယ်၏အသံက ရုတ်တရက် ရပ်သွားသည်။

ယန်ယဲ့က လူငယ်၏လည်ပင်းမှခေါင်းကို ဖြည်းညှင်းစွာဆွဲထုတ်လိုက်ရာ

စမ်းရေတွင်းကဲ့သို့ သွေးများ

စီးကျလာသည်။

လူငယ်က လက်နှစ်ဖက်ဖြင့်

သူ၏လည်ပင်းကိုဆုပ်ကိုင်ထားရင်း

အဆက်မပြတ် တုန်ခါနေသည်။

သူ၏မျက်လုံးများက

အကြောက်တရားများအပြည့်

ရှိနေခဲ့သည်။

ယန်ယဲ့ သည် စကားမပြောဘဲ
လျှပ်တစ်ပြက် တိုက်ခိုက်မည်ဟု
မမျှော်လင့်ထားခဲ့ပေ။

ယန်ယဲ့က မြေပြင်ပေါ်ရှိ လူငယ်ကို
ငုံ့ကြည့်ကာ "အရမ်းနာကျင်နေသလား။
တောင်းပန်ပါတယ်၊ ငါ့ရဲ့ခွန်အားကို
ကောင်းကောင်းမထိန်းနိုင်လို့
မင်းကိုချက်ချင်းမသတ်ခဲ့ဘူး။ ဒါလည်း

တစ်မျိုးကောင်းပါတယ်၊ ငါယန်ယွဲ့က ကြင်နာတတ်တဲ့သူပါ။ တောင်းပန်လိုက်။ ပြီးကျ မြန်မြန်သတ်ပေးမယ်၊ ဟုတ်ပြီလား"

လူငယ်လေးက မျက်လုံးထဲ၌ လူသတ်လိုစိတ်အပြည့်နှင့် ယန်ယွဲ့ကို စိုက်ကြည့်နေသည်။ သူက ပြင်းထန်စွာပြောလိုက်သည် "ယန်ယွဲ့၊

မင်း... အန်နန်ကျင်း သေလိမ့်မယ်။

ဟားဟား.... သူမ သေလိမ့်မယ်"

ယန်ယဲ့က ပြုံးလိုက်ပြီး "ဒါကို

လောလောဆယ်

မဆွေးနွေးဘဲထားလိုက်ရအောင်။

ရိုးရိုးသားသားပြောရရင် ငါ့ခြားနဲ့

မလေ့ကျင့်တာကြာပြီ။

ငါ့ခြားနည်းစနစ်က

ဘယ်လိုဖြစ်နေပြီလဲလို့ တွေးမိတယ်။ ဒါ

အခုမင်းရှိနေတော့ ကြိုးစားဖို့
ပြီးပြည့်စုံတဲ့ အခွင့်အရေးတစ်ခုပဲ”

ထိုစကားပြောပြီးသည်နှင့်
သူ၏ဓားကိုညင်သာစွာ
ဝှေ့ယမ်းလိုက်ပါတော့သည်။ သူ့ဓားကို
တစ်ချက်လွှဲလိုက်တိုင်း လူငယ်၏
ခန္ဓာကိုယ်မှ အလွန်ပါးလွှသော
အသားလွှာတစ်ခုစီကို လှီးထုတ်နေသည်။

ယန်ယွဲ့၏လုပ်ရပ်က

လူငယ်လေးကိုအရှင်လတ်လတ်

လှီးဖြတ်နေတာပါ။

လူငယ်က ယန်ယွဲ့ကို

ထိတ်လန့်တကြားကြည့်နေရာမှ

ဒေါသတကြီး အော်ဟစ်လိုက်သည်။

ယန်ယွဲ့က ပြုံးပြီး "တောင်းပန်ပါ။ မင်းကို

အမြန်သတ်ဖို့ တောင်းပန်လိုက်။

ငါယန်ယွဲ့က

အရမ်းကြင်နာတတ်တဲ့လူတစ်ယောက်ပါ

”

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၆၆၅ - စိတ်ပျက်အားငယ်ခြင်း

သိပ်ပြီးမကြာလိုက်ဘဲ လူငယ်
လေး၏ခန္ဓာကိုယ် သုံးပုံတစ်ပုံကို
လှီးဖြတ်ပစ်လိုက်သည်။

ဤအခိုက်အတန့်တွင် လူငယ်က
အရိုးစုကဲ့သို့ဖြစ်နေပါပြီ။

သနားစဖွယ် အော်ဟစ်ငြီးငြူသံများ
အဆက်မပြတ် ပဲ့တင်ထပ်နေလေသည်။

ဘမ်း...

ဤအချိန်တွင် မြို့ထဲမှ ကြောက်မက်ဖွယ်
ကောင်းသော အရှိန်အဝါတစ်ခု
ရုတ်တရက် ပျံ့လွင့်လာသည်။
တားဆီးမရနိုင်လောက်သော
ရေစီးကြောင်းကဲ့သို့ပင်ဖြစ်သည်။

ယန်ယဲ့က လုပ်လက်စကိုရပ်တန့်ကာ
မော့ကြည့်လိုက်သည်။

ဘမ်း....ဘမ်း....

တစ်ချိန်တည်းမှာပဲ သူ့ထံမှ

မတူညီသောစိတ်ဆန္ဒနှစ်ခု

ပေါက်ကွဲထွက်လာပြီးနောက်

ရောမအနက်ရောင်ဓားကြီးတစ်လက်အ

ဖြစ်ပေါင်းစပ်သွားသည်။

အနက်ရောင်ဓားကြီးက စက်ဝိုင်းပုံစံ

လှည့်ပတ်ကာ

အရှိန်အဝါထွက်လာသည့်ဖက်ကို
ပိုင်းချလိုက်လေသည်။

အုန်း...

အာကာသသည် ပြင်းထန်စွာ
တုန်ခါသွားပြီးနောက်
အနက်ရောင်ဓားကြီးနှင့်
ကြောက်မက်ဖွယ်အရှိန်အဝါက
ပြန့်ကျဲသွားသည်။

ဤအချိန်တွင် မြို့ထဲမှ
သက်လတ်ပိုင်းအမျိုးသားတစ်ဦး
ဖြည်းညှင်းစွာ
လမ်းလျှောက်ထွက်လာသည်။

သူသည် သာမန်ရိုးရှင်းသောဝတ်ရုံကို
ဝတ်ဆင်ထားသည်။ လက်ထဲမှာ
လှံတစ်ချောင်းသာ
ကိုင်ဆောင်ထားသည်။ ပုံမှန်အတိုင်း

လမ်းလျှောက်လာစဉ်

သက်လတ်ပိုင်းအမျိုးသား ထံမှ

ဘာအငွေ့အသက်မှကိုထွက်ပေါ်မနေခဲ့ပေ

။ သူ၏ခွန်အားကို

ထွင်းဖောက်မမြင်နိုင်ပါ။

သိပ်မကြာလိုက်ပေ၊

သက်လတ်ပိုင်းအမျိုးသားက

ယန်ယဲ့အနားကို ရောက်လာပါသည်။

လူငယ်က ထိုလူကိုမြင်သောအခါ
ချက်ချင်းပင် စိတ်ဆင်းရဲစွာဖြင့်
ညည်းတွားကာ "ချီးမြှောက်ခြင်း ချင်၊
ငါ့ကို ကယ်ပါဦး။ ငါ့ကိုကယ်ပါ"

သက်လတ်ပိုင်းအမျိုးသားက ခေါင်းကို
အနည်းငယ်ခါယမ်းလိုက်ပြီး "ရှိယွမ်ရှန်း၊
သန်မာတဲ့သူကို ဘယ်တော့မှ
မစော်ကားသင့်ဘူးဆိုတာ မင်းသိလား။
အားနည်းတဲ့သူက အားကြီးသူကို

စော်ကားတာ ထည့်မပြောနဲ့။ မင်းက

ငါတို့ရှီယွမ်မျိုးနွယ်နဲ့ သူ့ပြဿနာမှာ

ဝင်စွက်ဖက်ပိုင်ခွင့် မရှိဘူး”

လူငယ်လေးက

စကားပြန်ပြောဖို့လုပ်နေစဉ် ယန်ယဲ့က

သူ့ဓားကိုရုတ်တရက် လှန်လိုက်သည်။

ဆူး…

လူငယ်၏ခန္ဓာကိုယ်က
နှစ်ခြမ်းကွဲထွက်ကာ သွေးများ
ဖြန်းခနဲပန်းထွက်လာတော့သည်။

ယန်ယဲ့သည် သူ့ဓားပေါ်က သွေးများကို
သုတ်လိုက်ပြီး
သက်လတ်ပိုင်းအမျိုးသားကို
မော့ကြည့်ကာ "ငါယန်ယဲ့ ရောက်လာပြီ။
ဒါဆို ငါ့ကိုပြောပါ၊ ရှီယွမ်မျိုးနွယ်က
ဘာလိုချင်တာလဲ"

ချီးမြှောက်ခြင်း ချင် က ယန်ယွဲ့ကို

စိုက်ကြည့်ကာ "ဒါကို

အရင်ဆွေးနွေးရအောင်လား"

ယန်ယွဲ့က ခေါင်းခါလိုက်ပြီး

“ဆွေးနွေးမှုတွေက အချိန်ဖြုန်းနေတာပဲ။

ဘာပဲဖြစ်ဖြစ် မင်းက

ဒီနတ်ရတနာသုံးပါးကို ငါ့ဆီကနေ

လုယူပြီး ငါ့ကိုသတ်ဖို့ကြိုးစားမှာပဲလေ။
ဟုတ်တယ်မလား"

ချီးမြှောက်ခြင်း ချင် က ယန်ယဲ့ကို
အချိန်အကြာကြီး စိုက်ကြည့်ကာ "မင်းက
အရာအားလုံးကို
ကောင်းကောင်းနားလည်ထားတာပဲ။
ဒါပေမဲ့ ငါနားမလည်တာတစ်ခုရှိတယ်။
ရလာဒ်ကို မင်းလည်းသိနေတာပဲ၊ ဒါဆို

မင်းဘာလို့လာတာလဲ။ ဒီမိန်းမကြောင့်
တကယ်ပဲရောက်လာတာလား"

ယန်ယဲ့က ခဏမျှစဉ်းစားလိုက်ပြီး
“ယောက်ျားတွေကြားက ပြဿနာကို
ယောက်ျားအချင်းချင်း
ဖြေရှင်းသင့်တယ်လို့ ငါထင်တယ်။
ငါ့ကိုဒီကိုလာဖို့ မင်းသူမကိုသုံးတယ်။
အခု မင်း လိုချင်တာကို ရပြီ။ ဒါဆို
သူမကို လွှတ်လိုက်တော့။ ငါတို့ချင်းပဲ

ဖြေရှင်းလိုက်ကြရအောင်လား”

"သူမကို ထွက်သွားခိုင်းမလား"

ချီးမြှောက်ခြင်း ချင် က “ဒါက မဖြစ်နိုင်ပါဘူး။ ပြဿနာက မင်း လဲလှယ်ဖို့ ဆန္ဒရှိသလား"

ယန်ယွဲ့က သူ၏ညာဖက်လက်ဝါးကို မြှောက်လိုက်ရာ ရွှေစေတီငယ်တစ်ဆူ ပေါ်လာသည်။

သဘာဝတရားရဲ့မူလစေတီ.... ။

ယန်ယဲ့က ချီးမြှောက်ခြင်း ချင်

ကိုကြည့်ကာ "နတ်ရတနာသုံးပါးစလုံး

ဒီမှာ ရှိနေတယ်။ ဒါဆို သူမကို

ခေါ်ထုတ်လာခဲ့"

ချီးမြှောက်ခြင်း ချင် က ယန်ယဲ့ကို

အချိန်အတော်ကြာအောင် ကြည့်နေပြီး

"စိတ်တော့မကောင်းပါဘူး၊ ဒါပေမဲ့ သူမ မလာနိုင်တော့ဘူးထင်တယ်" ဟု ပြောပါသည်။

ယန်ယဲ့က စကားထပ်မပြောတော့ပေ၊ သူ၏မျက်လုံးများကို ဖြည်းညှင်းစွာမှိတ်လိုက်ပြီး "မင်းတို့ သူမကိုသတ်လိုက်တာလား"

ချီးမြှောက်ခြင်း ချင် က ယန်ယဲ့ ဆီသို့

ဖြည်းညှင်းစွာ လျှောက်လာကာ

"သူမတစ်ယောက်တည်း မဟုတ်ဘူး၊

မင်းလည်း သေရမယ်။ မင်းတို့

နှစ်ယောက်စလုံးက

ရှားပါးတဲ့ဉာဏ်ကြီးရှင်တွေ ဆိုတော့

ငါ့ရှီယွမ်မျိုးနွယ်တောင်

အသက်ရှင်လျက်ပြန်လွှတ်မပေးရဲဘူး။

ငါတို့မင်းကို အခုမသတ်ရင်

နောက်နှစ်အနည်းငယ်ကြာတာနဲ့

အကုန်လုံးဒုက္ခများသွားနိုင်တယ်။

ဒါပေမဲ့ စိတ်မပူပါနဲ့၊ ငါ့ရှီယွမ်မျိုးနွယ်က

သန်မာတဲ့သူကို လေးစားလို့ သူမရဲ့

သေဆုံးမှုက မနာကျင်ပါဘူး။

မင်းအတွက်လည်း အတူတူပါပဲ၊

မင်းရဲ့သေခြင်းတရားက

အရမ်းနာကျင်မှာမဟုတ်ဘူး"

သူပြောပြီးသည်နှင့် တစ်ချိန်တည်းမှာပဲ ယန်ယဲ့အနီးတွင် အဘိုးကြီးနှစ်ယောက် ပေါ်လာသည်။

မူလတာအိုသခင် ၂ ပါးဖြစ်သည်။

ချီးမြှောက်ခြင်း ချင် ကို ထည့်တွက်ပါက ဤနေရာတွင် မူလတာအိုသခင် ၃ ပါးရှိခဲ့သည်။ ထို့အပြင် ယန်ယဲ့၏ခြေဖဝါးအောက်ရှိ

မြေပြင်သည် ရုတ်တရက်

တုန်ခါသွားသည်။ ထို့နောက်

လျှို့ဝှက်ဆန်းကြယ်သော

အလင်းတန်းများ ဖြာထွက်လာကာ

ယန်ယွဲ့၏ခြေဖဝါးအောက်ရှိ ဧရိယာကို

ဖုံးလွှမ်းသွားသည်။

ဤအလင်းတန်းများသည်

ယန်ယွဲ့၏ခြေရင်းကို ရစ်ပတ်နေသော

ကြိုးမျှင်များကဲ့သို့ပင်။

ဤအခိုက်အတန့်တွင် ယန်ယဲ့ သည်
မြေအောက်ထဲသို့
ဆွဲချခံနေရသလိုခံစားရသည်။
သူ၏ခြေထောက်များကို မြေပြင်မှ
လုံးဝရွှေ့၍မရပေ။

လျှို့ဝှက်ဆန်းကြယ်ပြီး
ကြောက်မက်ဖွယ်ကောင်းလှသော

အစီအရင် နှင့်အတူ မူလတာအိုသခင် ၃ ပါး ။

ထို့အပြင်

အစွမ်းထက်သောအရှိန်အဝါတစ်ခုက ယန်ယွဲ့အပေါ်ကျရောက်နေခဲ့သည်။ ဤအငွေ့အသက်သည် သူ့ရှေ့ရှိ မူလတာအိုသခင် ၃ ပါးထက် ပိုပြီးတော့ပြင်းထန်ပါသည်။

ဤအချိန်တွင် ချီးမြှောက်ခြင်း ချင် က ရုတ်တရက် ပြောခဲ့သည် "ယန်ယဲ့၊ မင်းရဲ့ ခွန်အားက ငါတို့မျှော်လင့်ထားတာထက် အများကြီးကို ကျော်လွန်သွားပြီ။ ဒါ့ကြောင့် ငါတို့က မင်းနဲ့ရင်ဆိုင်ရတဲ့အခါ ပေါ့ပေါ့ဆဆ လုပ်မှာမဟုတ်ဘူး။ ငါတို့က မင်းကို တစ်ယောက်ချင်းတိုက်ပွဲ ဒါမှမဟုတ်

ဘာအခွင့်အရေးမှ ပေးမှာမဟုတ်ဘူး။

မင်းကို သတ်ဖို့အတွက်

ငါတို့မျိုးနွယ်စုတစ်ခုလုံးရဲ့ ခွန်အားကို

အပြည့်သုံးမယ်"

ယန်ယဲ့ သည် ကောင်းကင်ကို

မော့ကြည့်လိုက်သည်။ ဤအချိန်တွင်

သူ့စိတ်ထဲ၌  နာမည်တစ်ခုသာ ရှိခဲ့သည်။

အန်နန်ကျင်း....

ကျင်းအာ....

နန်ကျင်း....

အတိတ်က မြင်ကွင်းများဟာ
သူ့စိတ်ထဲမှာအရှင်းသားပေါ်လာခဲ့သည်။

“ယန်အာ၊ ကောင်းကောင်းနေထိုင်ပါ။ ငါ မထိန်းနိုင်တော့ဘူး…”

“ဒီတစ်ခါတော့ ငါထိန်းလို့မရတော့ဘူး…”

"သူတစ်ပါးရဲ့ကံကြမ္မာက ငါနဲ့ဘာမှမဆိုင်ဘူး။ ငါ နင့်ကိုပဲ ဂရုစိုက်တယ်…”

"ဒီအချိန်ကစလို့ သိုင်းတာအို ကလွဲရင်

ငါ့ဘဝမှာ နင်ပဲရှိတယ်..."

“နင်သွားတဲ့နေရာကိုငါသွားမယ်...”

“အဆင်ပြေပါတယ်။

ငါတို့အတူတူသေကြတာပေါ့...”

ယန်ယွဲ့ သည် ရုတ်တရက်ရယ်

မောလိုက်သည်။ မျက်စံမရှိသော

သူ၏မျက်လုံးအစုံမှ သွေးမျက်ရည်များ အဆက်မပြတ်စီးကျလာသည်။

ဤအချိန်တွင် ချီးမြှောက်ခြင်း ချင် က မျက်မှောင်ကြုတ်သွားသည်။ သူ၏မျက်နှာပေါ်တွင် သတိထားနေသောအမူအရာအပြည့်ပါ။

“ဟားဟား...” ယန်ယဲ့က ဝမ်းခေါင်းသံကြီးဖြင့် ရယ်မောကာ

“ငါ့ဘဝတစ်ခုလုံးက ဝမ်းနည်းစရာ
ကောင်းလိုက်တာကွာ။
တစ်ယောက်ယောက်ကို
ပိုပြီးဂရုစိုက်လေလေ၊
တစ်ယောက်ယောက်ကို
အကာအကွယ်ပေးချင်လေလေ
သူတို့ထွက်သွားဖို့ အလားအလာ
ပိုများလေပါပဲလား။ ငါ့အမေက
ငါ့အတွက်သေခဲ့ရတယ်၊

ငါ့အဖေလည်းသေတယ်။
ငါ့ညီတွေတောင်
ငါ့အတွက်သေသွားရတယ်။ အခု
မင်းလည်း ငါ့ကြောင့် ထွက်သွားရတာပဲ"

ထိုစကားပြောပြီးသည်နှင့် ယန်ယဲ့ သည်
ဖြည်းညှင်းစွာ ဒူးထောက်ချကာ
ဝမ်းနည်းစွာ
ရယ်မောလိုက်လေတော့သည်။ သူက

“ငါတို့နှစ်ယောက် ဘယ်ကိုပဲသွားသွား
အတူတူ သွားဖို့ ကတိပေးထားတယ်။
ငါတို့ကတိပေးတယ်...
ငါတို့ကတိပေးထားကြတယ်။
ငါတို့ကတိပေးထားတယ်...”

သူ ရယ်မောလိုက်တိုင်း မျက်နှာပေါ်သို့
သွေးမျက်ရည်များ
အဆက်မပြတ်စီးကျလာပါတော့သည်။

ဒီအချိန်မှာ သူ့လက်ထဲမှာကိုင်ထားသော

အဓိပတိဓား‌က တုန်လှုပ်သွားသည်။

သေချာကြည့်လိုက်မည်ဆိုပါက

အဓိပတိဓား ဟာ ယန်ယွဲ့နှင့်

ခွာနေသည်ကိုသတိထားမိပေမည်။

အဓိပတိဓား သာမကပေ၊ ယန်ယွဲ့၏

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ နှင့် ဓားစိတ်ဆန္ဒ

ပင်လျှင် ရွေ့လျားသွားခဲ့သည်။

ဤအချိန်တွင် ယန်ယဲ့ ထံမှ

အမျိုးအမည်မသိနိုင်သော

စိတ်ဆန္ဒတစ်ခု ပေါက်ကွဲထွက်လာသည်။

ထိုအမည်မသိ

စိတ်ဆန္ဒပေါ်လာသည်နှင့်တပြိုင်နက်

ရှူးသွပ်သွားသလိုလိုကြောက်မက်ဖွယ်ရာ

ခံစားချက်မျိုးပါထွက်ပေါ်လာသည်။

ဤအတောအတွင်း မူလစေတီထဲရှိ
ဓားစာလိပ်၏မျက်နှာက
သိသိသာသာပင်လေးနက်နေပါသည်။

လက်ရှိတွင် ယန်ယဲ့ကို
အနည်းငယ်ကြောက်ရွံ့သွားသည် ။

တစ်ချိန်တည်းမှာပဲ မူလစေတီ၏
သတ္တမမြောက်အထပ်မှ
အလောတကြီးအသံတစ်သံ

ထွက်ပေါ်လာသည်။ အသံက

“သောက်ကျိုးနည်း။ တစ်ခုခုတော့

လွဲနေပြီ။ ဓားစာလိပ်၊

သူ့ကိုအမြန်ခေါ်ထုတ်ပြီး

အခုချက်ချင်းထွက်သွား။ အဲဒီ

စိတ်ဆန္ဒကိုဖိနှိပ်လိုက်"

ဓားစာလိပ်က

မူလဖန်ဆင်းခြင်းရှေးဦးပုဆိန်၏

အလျင်စလိုအသံကို

ကြားလိုက်သောအခါ ထိတ်လန့်နေရာမှ
သတိပြန်ဝင်လာတော့သည်။ သို့သော်
ချီးမြှောက်ခြင်း ချင် က
ရုတ်တရက်အမိန့်ပေးလိုက်တော့သည်
"တိုက်ခိုက်ကြစမ်း..."

ဘမ်း....

အမိန့်ပေးလိုက်သည်နှင့်
မရေမတွက်နိုင်သော

အလင်းတန်းများသည်

ဆူနာမီလှိုင်းလုံးကဲ့သို့ ယန်ယဲ့ထံ

တိုးဝင်သွားလေတော့သည်။

တစ်ချိန်တည်းမှာပင် ယန်ယဲ့၏ ဘယ်ညာ

ညာ နှစ်ဖက်ရှိ မူလတာအိုသခင် ၂ ပါးက

လေထဲသို့ ခုန်ထွက်သွားသည်။ ထို့နောက်

မူလတာအိုအဆင့် အော်ရာနှစ်ခု

ပျံ့လွင့်လာပြီး

ယန်ယဲ့အပေါ်ကိုဖိချလိုက်သည်။

ရှိယွမ်ကလန်က အင်အားအပြည့်ဖြင့် တိုက်ခိုက်ပြီဖြစ်သည်။

ဤအချိန်တွင် ချီးမြှောက်ခြင်း ချင် က လှံကိုင်ထားလျက် ယန်ယဲ့ထံသို့ခုန်ဝင်လာခဲ့သည်။ သူဖြတ်သန်းသွားရာ လမ်းကြောင်းတစ်လျှောက်ရှိ အာကာသသည် ချက်ချင်း

ပျောက်ကွယ်သွားသည်။
သူ၏လုံထိပ်ဖျားရှိ အော်ရာက ပို၍ပို၍
အားကောင်းလာသည်။

ချီးမြှောက်ခြင်း ချင် က
ထိန်ချန်မထားရဲဘဲ
ခွန်အားအပြည့်နဲ့ တိုက်ခိုက်လိုက်တာပါ။

အစပိုင်းတွင် ရှီယွမ်ကလန် က ယန်ယဲ့ကို
သိပ်ပြီးအာရုံမထားခဲ့ပေ။ သို့ရာတွင်

ယန်ယဲ့၏လက်ချက်ဖြင့်

မူလတာအိုသခင်များ

ဆက်တိုက်အသတ်ခံရကြောင်း

ကြားပါများသောအခါ

အသက်ရှင်လျက်ထားလို့မရမှန်း

သဘောပေါက်သွားခဲ့သည်။

ရှီယွမ်ကလန် အတွက် ယန်ယဲ့အား

အသက်ရှင်လျက်မထားနိုင်ပေ။

မူလတာအိုသခင် ၃ ပါး၊

ချုပ်နှောင်ခြင်းအစီအရင်။

ဖန်ဆင်းရှင်အဆင့် သာရှိသေးသော

ယန်ယွဲ့အတွက်

လုံးဝအသက်မရှင်နိုင်သော

အင်အားအပြည့်တိုက်ခိုက်မှုပင်ဖြစ်သည်

။

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၆၆၆ - ရှူးသွားပြီ။

(အရှူးဓားသမား)

မူလစေတီထဲတွင် ။

ဓားစာလိပ်၏ မျက်နှာတစ်ပြင်လုံး

စိုးရိမ်မှုအပြည့်ဖြင့် နှင်းပွင့်ကို

စိုက်ကြည့်ရင်း "ငါ့ကို ဓားဘူးသီး ခဏလောက်ငှားပါ"

နှင်းပွင့်လေးပ ထိတ်လန့်သွားပုံရပြီး သူမ၏ခါးမှာချိတ်ဆွဲထားသော ဘူးသီးနက်ကို အမြန်ဖြုတ်ပေးလိုက်သည်။သို့သော် ဘူးသီးနက် က တုန်လှုပ်သွားပြီး ဓားအလင်းတန်းတစ်ခု ထွက်လာကာ

ဓားစာလိပ်ကို

နောက်ပြန်တွန်းထုတ်လိုက်သည်။

ဝင်းက နှင်းပွင့်လေးအပြင်

အခြားဘယ်သူ့ကိုမှ အနားကပ်မခံလိုပေ။

ဓားစာလိပ်က

မျက်မှောင်ကြုတ်လိုက်သည်။

ဘူးသီးနက် မပါရင်တော့ ရှီယွမ်ကလန်ကို

ရင်ဆိုင်ဖို့ အခွင့်အရေး မရှိပေ။

ဤအချိန်တွင် နှင်းပွင့်လေးက ရုတ်တရက် ဒေါသတကြီး အော်ဟစ်လိုက်သည်။

ဓားစာလိပ်က နှင်းပွင့်လေးကို စူးစိုက်ကြည့်လိုက်ရာ သူမ၏မျက်လုံးများက ပြူးကျယ်လာသည်။ အကြောင်းမှာ နှင်းပွင့်လေးက ဘူးသီးနက်ကို

မြေပြင်နှင့်

အဆက်မပြတ်ထိုရိုက်နေသောကြောင့်ပါ

။

ဓားစာလိပ်က

ဘာစကားမှမပြောနိုင်လောက်အောင်ကို

အံ့အားသင့်သွားသည်။

ဤအချိန်တွင် နှင်းပွင့်လေးက

ဒေါသတကြီးဖြစ်နေ၏။ သူမက

မူလဖန်ဆင်းခြင်းရှေးဦးပုဆိန်ကို
မြှောက်ပြီး ဘူးသီးနက်ကိုခုတ်ချဖို့
ရွယ်ထားလိုက်သည်။

ဆိုလိုသည်မှာ သုံးခွင့်မပေးပါက
သူမ၏ပုဆိန်ဖြင့်
ခုတ်ထစ်ပစ်မည်ဟုပြောနေတာပါ။

အမှန်တော့ သူမလေးက
ထိတ်လန့်နေခဲ့သည်။

ယန်ယဲ့၏ပုံစံကို မြင်လိုက်ရသဖြင့်

အကြီးအကျယ်

ထိတ်လန့်သွားခဲ့တာဖြစ်သည်။

ဓားစာလိပ်က

နှင်းပွင့်လေး၏အရှုးတစ်ယောက်လိုပုံစံ

ကို မြင်လိုက်သောအခါ

ထိတ်လန့်စပြုလာသည်။

ဤအချိန်တွင် ဘူးသီးနက်က

ငြိမ်သက်သွားသည်။ ၎င်းက

နှင်းပွင့်လေးကို

ဒေါသထွက်အောင်မလုပ်ရဲပေ။

ဤအချိန်မျိုးတွင် နှင်းပွင့်၏ဒေါသကို

သွားဆွမိပါက တစ်ခါတည်း

ခွဲခြမ်းခံရနိုင်လို့ပါ။

ခဏာအကြာတွင်တော့ ဓားစာလိပ်က

ဘူးသီးနက်ကိုကိုင်ကာအပြင်ထွက်လာခဲ့

သည်။

အပြင်ကမ္ဘာတွင် ....။

အလင်းတန်းတစ်ခု

လင်းလက်လာပြီးနောက်

ယန်ယဲ့၏ခြေထောက်အောက်ရှိ

အလင်းတန်းများ
ပျောက်ကွယ်သွားသည်။

ဓားစာလိပ်က ဘူးသီးနက်ကိုကိုင်လျက်
ယန်ယဲ့ရှေ့တွင်ပေါ်လာသည်။ ထို့နောက်
သူမ၏ ညာလက်ကိုမြှောက်၍
ထူးဆန်းသော တံဆိပ်တစ်ခုကို
ဖန်တီးလိုက်သည်။

တစ်ချိန်တည်းမှာပဲ စူးရှသော

ဓားအူသံတစ်သံ ထွက်ပေါ်လာပြီး

ဓားစွမ်းအင် ၃ စင်း တောက်ပလာသည်။

ဘမ်း...

အဘိုးကြီးနှစ်ယောက်နှင့် ချီးမြှောက်ခြင်း

ချင် တို့ သုံးယောက်ဟာ ချက်ချင်းပင်

နောက်ပြန်ဆုတ်သွားကြသည်။

ဤအချိန်တွင် ဓားစာလိပ်က ယန်ယဲကို

ဖမ်းကိုင်ကာ ကောင်းကင်ထက်သို့

ပျောက်ကွယ်သွားသည်။ သို့သော်

အပေါ်မှ လက်ချောင်းတစ်ချောင်း

ရုတ်တရက် ထွက်ပေါ်လာသည်။

ဓားစာလိပ်၏ အမူအရာက

သိသိသာသာပြောင်းလဲသွားသည်။

အပေါ်မော့ကြည့်ပြီး

သူမ၏လက်ညှိုးကို ပုတ်လိုက်သည်။

ဘူးသီးနက် ထဲမှ

ဓားစွမ်းအင်တစ်စင်းထွက်လာပြီးလက်

ချောင်းကိုထိမှန်သွား၏။သို့သော်လည်း

ဓားစွမ်းအင်က

အပိုင်းပိုင်းကွဲထွက်သွားခဲ့သည်။

ဓားစာလိပ်၏မျက်လုံးများသည်

ကျဉ်းမြောင်းလာပြီး

သူမ၏လက်ချောင်းများကို

ဓားပုံသဏ္ဍာန်ပြောင်းကာ ရှေ့သို့ ပွတ်ဆွဲလိုက်သည်။

ဆူး...

ဓားစွမ်းအင် အလင်းတန်းတစ်စင်း ပြေးထွက်သွားသွားသည်။

ဓားစွမ်းအင်က အပေါ်မှ

ကျဆင်းလာသော လက်ချောင်းကို

ထိမှန်သွားသည်။

ဘမ်း…

ပေါက်ကွဲသံ ထွက်ပေါ်လာပြီးနောက်

ဓားစာလိပ်နှင့် ယန်ယဲ့ဟာ

လွင့်ထွက်သွားသည်။ သို့သော်လည်း

သူတို့ ရပ်တန့်သွားသည်နှင့် တပြိုင်နက်

မူလတာအိုသခင် ၃ ပါး ပေါ်လာကြသည်။
ထို့အပြင် သူတို့အပေါ်ကနေ အနက်ရောင်
လက်ဝါးကြီးတစ်ဖက် ပေါ်လာပြီး
ဖိချလိုက်သည် ။

ဤအခိုက်အတန့်တွင်
ဓားစာလိပ်၏ခန္ဓာကိုယ်သည်ပင်
ကြည်လင်လာတော့သည်။

ဓားစာလိပ်၏မျက်နှာက ဖြူဖျော့နေပြီး

"ဒါက မူလတာအိုအဆင့် မဟုတ်ဘူး"

စကားပြောနေရင်းဖြင့်

ယန်ယဲ့၏ဝမ်းဗိုက်ကို စိုက်ကြည့်ကာ

ဒေါသတကြီး

အော်ငေါက်လိုက်လေသည်

"နင်မကူညီသေးဘူးလား"

ဘမ်း...

ယန်ယဲ့ထံမှ

ကြောက်မက်ဖွယ်ကောင်းသော

ဖိအားလှိုင်းတစ်ခု ထွက်ပေါ်လာသည်။

ထို့နောက် ရောမပုဆိန်ကြီးတစ်လက်က

လေထုထဲသို့ လွင့်ပျံလာသည်။

ဆူး...

ပုဆိန်က အနက်ရောင်လက်ဝါးကြီးကို ပိုင်းဖြတ်သွားသည်။

ဤအချိန်တွင် ယန်ယဲ့အား ဝိုင်းရံထားသော မူလတာအိုသခင် ၃ ပါးဟာ ချက်ချင်းပင် ပြန်ဆုတ်သွားခဲ့သည်။

ဓားစာလိပ်က ဤအခွင့်အရေးကိုယူကာ
ယန်ယဲ့နှင့်အတူ ကောင်းကင်ထက်သို့
ပျောက်ကွယ်သွားသည်။

ဤအချိန်တွင် ကောင်းကင်ယံ၌
အနက်ရောင်လက်ဝါးကြီးတစ်ဖက်
ရုတ်တရက် ပေါ်လာခဲ့သည်။
သို့သော်လည်း ရောမ
ပုဆိန်ကြီးတစ်လက်က လေထဲတွင်
ချက်ချင်း ပေါ်လာသည်။

ဘမ်း ...

အထက်ကောင်းကင်ယံတစ်ခုလုံး ပြိုကျသွားသည်။

ချီးမြှောက်ခြင်း ချင် နှင့် မူလတာအိုသခင် ၃ ပါးက လိုက်ဖမ်းရန်ပြင်လိုက်ကြသည်။သို့သော်လည်း “မလိုက်နဲ့တော့။

နောက်ကျသွားပြီ” ဟူသော အသံတစ်သံ
ရုတ်တရက်ထွက်ပေါ်လာသည်။

မူလတာအိုသခင် ၃ ပါး၏
အမူအရာများသည် ချက်ချင်းပင်
ဆိုးရွားစွာ ပြောင်းလဲသွားသည်။

ဤအချိန်တွင် သူတို့ရှေ့၌
သက်လတ်ပိုင်းအမျိုးသားတစ်ဦး
ပေါ်လာခဲ့သည်။

မူလတာအိုသခင် ၃ ပါးစလုံး

ထိုလူကိုရိုသေစွာဦးညွှတ်ကာ

"ဘိုးဘေးအရှင်..."

သက်လတ်ပိုင်းအမျိုးသားက

ရှီယွမ်မျိုးနွယ်၏ လက်ရှိဘိုးဘေး

ရှီယွမ်ယင်ဖြစ်သည်။

ရှီယွမ်ယင် က သူ့လက်ဝါးကို

တစ်ချက်ငုံ့ကြည့်လိုက်သည်။

သူ၏လက်ဝါးအလယ်မှာ အတော်

လေးနက်သော

ပုဆိန်ခုတ်ရာတစ်ခုရှိနေသည်။

ပုဆိန်ဒဏ်ရာက အတော်နက်သည်၊

အနည်းငယ်ပိုပြီးနက်သွားပါက

လက်တစ်ဖက်လုံး

ခုတ်ထစ်ခံလိုက်ရပေမည်။

"မူလဖန်ဆင်းခြင်းရှေးဦးပုဆိန်..."

ရှီယွမ်ယင်၏မျက်လုံးထဲတွင်

လေးနက်သောအမူအရာတစ်ခု

ပေါ်လာသည် "နည်းနည်းတော့

ပြန်ကောင်းလာဖို့ မမျှော်လင့်ထားဘူး။

မဖြစ်သင့်ဘူး... ဟုတ်တယ်မလား။

မူလစေတီက

ချုပ်နှောင်မထားတော့ဘူးထင်တယ်။

ပြီးတော့ အဲဒီဓား၊ ဘူးသီးနက်က

တကယ်ပဲ ငါ့ကို ဒုက္ခပေးနိုင်တယ်”

"ဘိုးဘေး..." ဤအချိန်တွင်

ချီးမြှောက်ခြင်း ချင် က

လေးနက်စွာပြောခဲ့သည် "သူ့ကို

အသက်ရှင်ခွင့်ပေးလို့မရဘူး။ သူ့ရဲ့

ပင်ကိုယ်စွမ်းရည်က

တကယ့်ကိုရှားပါးတယ်။

အသက်ရှင်ခွင့်ရသွားရင် သူက

ငါတို့မျိုးနွယ်အတွက် ကြီးမားတဲ့ရန်သူ
ဖြစ်လာမှာ သေချာတယ်”

ရှီယွမ်ယင်က သူ့မျက်လုံးများကို
ဖြည်းညှင်းစွာမှိတ်လိုက်ပြီး
"ဟုတ်ပါတယ်၊ သူအသက်ရှင်ဖို့
ခွင့်မပြုနိုင်ပါဘူး။ ဒါပေမဲ့ သူ့မှာ
မူလဖန်ဆင်းခြင်းရှေးဦးပုဆိန် နဲ့
ကောင်းကင်ဓားမြို့တော်ရဲ့
ဓားစာလိပ်ရှိနေတယ်။ သူတို့က

တော်တော်လေးဒုက္ခများတယ်။

ဒါတင်မကဘဲ အရိပ်တွေထဲကနေ

စောင့်ပြီး အခြေအနေကို

အခွင့်ကောင်းယူမယ့်သူတွေလည်း

ရှိနေသေးတယ်။ ငါတို့နယ်မြေထဲမှာ

ရှိနေရင် သူတို့ကို ကြောက်နေစရာ

မလိုပေမယ့် ယန်ယဲ့က ထွက်ပြေးသွားပြီ။

ဒါဆို သူတို့ကိုပါ ထည့်တွက်ရလိမ့်မယ်”

ဤအထိပြောပြီးနောက်

သူ၏မျက်လုံးများကိုဖွင့်လိုက်ပြီး

“အင်မော်တယ်အိမ်တော် ကို

ခဏတဖြုတ်တော့

သွားပြီးလည်ပတ်မှုနဲ့တူတယ်”

ချီးမြှောက်ခြင်း ချင် က

အံ့အားသင့်သွားပြီး "ဘိုးဘေး၊ သူတို့ဆီ

သွားမယ်ဆိုရင် အဲဒီနတ်ရတနာသုံးပါးကို

သူတို့ဆီ ပေးလိုက်တာနဲ့မတူဘူးလား" ဟု ပြောပါသည်။

ရှီယွမ်ယင် က ချီးမြှောက်ခြင်း ချင် ကို တစ်ချက်ကြည့်လိုက်ပြီး "သူက အဲဒီနတ်ရတနာသုံးပါးထက် ပိုကြောက်စရာကောင်းတယ်။ သူအသက်ရှင်နေသေးရင် ငါတို့မျိုးနွယ်က ဘယ်တော့မှ ငြိမ်းချမ်းတဲ့နေ့ မရှိနိုင်ဘူး"

ထိုစကားပြောပြီးသည်နှင့် နေရာမှာတင်

ပျောက်သွားသည်။

...

အမည်မသိတောင်တန်းတစ်ခုတွင် ။

ဓားစာလိပ်က ဆင်းသက်လာပြီးနောက်

ယန်ယွဲ့ကို ဘေးဖက်သို့

ချက်ချင်းပစ်ချလိုက်သည်။ ထို့နောက်
သတိအပြည့်ဖြင့် စိုက်ကြည့်နေသည်။

အရူး...

ဤအချိန်တွင် ယန်ယဲ့၏ပုံစံက
အရူးတစ်ယောက်လို ဖြစ်နေသည်။

တစ်ချိန်တည်းမှာပဲ မူလစေတီက
ယန်ယဲ့၏ခန္ဓာကိုယ်ကနေ

ထွက်ခွာသွားသည်။ ၎င်းက ယန်ယဲ့ကို အလွန်သတိထားနေပုံရသည်။

ယန်ယဲ့ သည် အဆက်မပြတ် ရေရွတ်ရင်း ခေါင်းယမ်းလိုက်သည်။ သူ့ပတ်ဝန်းကျင်တွင် ပြင်းထန်သော စိတ်ဆန္ဒတစ်ခု တိုးလာခဲ့သည်။ အလွန်ကိုကြောက်စရာကောင်းလှသည်။ သူ၏

သတ်ဖြတ်ခြင်းစိတ်ဆန္ဒနှင့်ခြားစိတ်ဆန္ဒ

ပင်လျှင် ဖိနှိပ်ခံထားရသည်။

ခဏမျှ တိတ်ဆိတ်သွားပြီးနောက်

မူလစေတီထဲမှ

မူလဖန်ဆင်းခြင်းရှေးဦးပုဆိန်၏

ထိတ်လန့်တကြားအသံထွက်ပေါ်လာလေ

သည်  "ဒါက မကောင်းဘူး။

သူ့အသိစိတ်က ပျက်စီးသွားပြီ။ ဒါ...

ဒါက အရူးဆန္ဒ (ရူးသွပ်သောစိတ်ဆန္ဒ၊

အရှုးစိတ်)ပဲ။ သောက်ကျိုးနည်း၊ ဒီကောင်တကယ် ရှုးသွားပြီ"

ဤအချိန်တွင် ယန်ယွဲ့က ဓားစာလိပ်ကို ကိုကြည့်ကာ "မင်းက ကျင်းအာ... မဟုတ်ဘူး၊ မဟုတ်ဘူး... မဟုတ်ဘူး။ မင်းမဟုတ်ဘူး။ မင်း ..... ကျင်းအာ မဟုတ်ဘူး။ အဲဒါမင်းပဲ၊ မင်း သူမကို သတ်လိုက်တာ။ မင်း...”

ရုတ်တရက် နေရာမှာပင်ပျောက်

သွားသည်။

ဘမ်း...

သူ့ထံမှ ကြောက်မက်ဖွယ်ရာ

စိတ်ဆန္ဒဖိအားလှိုင်းကြီး ထွက်လာသည်။

ဓားစာလိပ်၏ မျက်လုံးများက

မယုံနိုင်စရာများဖြင့် ပြည့်နှက်နေပြီး

“မဖြစ်နိုင်ဘူး။ ဒါက တာအိုအဆင့် စိတ်ဆန္ဒပဲ။ မဖြစ်နိုင်ဘူး၊ တာအိုအဆင့် စိတ်ဆန္ဒ ကို ချက်ခြင်းရောက်ဖို့ မဖြစ်နိုင်ပါဘူး။ ခဏနေ.... နင့်ရဲ့သွေးမျိုးဆက်မှာ တစ်ခုခုမှားနေပြီလား။ နင်...”

ဤအချိန်တွင် ယန်ယဲ့က ဓားစာလိပ်အထက်၌ ရုတ်တရက်ပေါ်လာသည်။ ထို့နောက်

ဓားစွမ်းအင်တစ်စင်း ဆင်းသက်

လာသည်။

အနန္တဓားနယ်မြေ...

ယန်ယဲ့သည် ဤတိုက်ခိုက်မှုကို

ဓားနယ်မြေနှင့်ပေါင်းစပ်ထား၏။

ဓားနယ်မြေက မူလတာအိုအဆင့်

စိတ်ဆန္ဒဖြင့် ပေါင်းစပ်ထားသည်။

ဓားစာလိပ်က ထိတ်လန့်တုန်လှုပ်သွားပြီး သူမ၏ထံမှ ဓားစွမ်းအင်တစ်စင်း ထွက်လာသည်။

ဘမ်း…

ကျယ်လောင်သော ပေါက်ကွဲသံတစ်ခု ထွက်ပေါ်လာပြီးနောက် ဓားစာလိပ်က ချက်ချင်းပင် လွင့်ထွက်သွားသည်။

ထို့အပြင် ဓားစာလိပ်၏ခန္ဓာကိုယ်က

ကြည်လင်လာကာ

ပျောက်ကွယ်အလုနီးပါးပင်ဖြစ်သည်။

ဤအတောအတွင်း

မူလဖန်ဆင်းခြင်းရှေးဦးပုဆိန်၏

ထိတ်လန့်သံ

ရုတ်တရက်ထွက်ပေါ်လာသည်

“ဒီကောင် လုံး၀ ရူးသွားပြီ။ ပြေး....

အခုချက်ချင်းထွက်ပြေးတော့..."

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၆၆၇ - မူလမြို့သို့ ပြန်လာခြင်း

ဓားစာလိပ်၏ မျက်နှာက

ထိတ်လန့်တုန်လှုပ်သည့်အမူအရာအပြင်

သုန်မှုန်နေခဲ့သည်။

ဓားတစ်ချက်တည်းသာ

ယန်ယဲ့၏ ဓားတစ်ချက်က ဓားစာလိပ်ကို ဖျက်ဆီးပစ်လုနီးပါးဖြစ်သွားခဲ့သည်။

ဒီအချိန်မှာ သူမ၏မျက်နှာက ဒေါသတကြီးဖြစ်နေသည်။

ယန်ယဲ့က ဓားစာလိပ်ကို
စိုက်ကြည့်နေရင်းဖြင့် နေရာမှာပင်
ဖျတ်ခနဲပျောက်သွားခဲ့သည်။

ဤသည်ကို မြင်လိုက်သောအခါ
ဓားစာလိပ်၏ အမူအရာက သိသိသာသာ
ပြောင်းလဲသွားပါတော့သည်။

သူမက ယန်ယဲ့၏ဓားချက်ကို မခုခံရဲပေ။

ဤအချိန်တွင် နှင်းပွင့်လေးက ယန်ယဲ့ရှေ့မှာပေါ်လာသည်။ သူမလေးက ကြောက်ရွံ့မှုမရှိဘဲ ယန်ယဲ့ကို တည့်တည့်စိုက်ကြည့်နေသည်။

သူမလေးက ယန်ယဲ့ကို အပြည့်အဝယုံကြည်တာပါ။

ယန်ယဲ့ သည် ရှူးသွပ်သွားသည့်တိုင်
သူမကို ဘာမှမလုပ်ကြောင်း
အမြဲယုံကြည်ခဲ့သည်။

မှန်ပေသည်၊ ဓားစွမ်းအင်က
နှင်းပွင့်၏ခေါင်းသေးသေးလေးနှင့်
လက်မဝက်အကွာမှာပဲ
ရပ်တန့်သွားတော့သည်။

ဤမြင်ကွင်းကို မြင်သောအခါ
ဓားစာလိပ်က သိသိသာသာ
စိတ်အေးလက်အေး ဖြစ်သွားသည်။

ဤအခိုက်အတန့်တွင် နှင်းပွင့်လေးက
ယန်ယဲ့ကို စိုက်ကြည့်ပြီးနောက်
မျက်ရည်များ အဆက်မပြတ်
စီးကျလာသည်။

ဤအချိန်တွင် ယန်ယဲ့၏မျက်နှာသည်
နာကျင်မှုများ ဖုံးလွှမ်းနေခဲ့သည်၊
သို့မဟုတ် သူသည်
အရှုံးစိတ်ပြောင်းနေသည်ကို
သိသိသာသာ ရှုန်းကန်နေရသည်ဟု
ဆိုရပေမည်။ ဒီအချိန်မှာ ဓားစွမ်းအင်က
ဆက်ပြီးကျဆင်းလာကာ နှင်းပွင့်၏
ခေါင်းလေးကို ထိမှန်ခါနီးဖြစ်နေပါပြီ။

သို့သော် နှင်းပွင့်လေးက မရှေ့ခဲ့ပေ။

ယန်ယဲ့ သည် ရုတ်တရက်

ခေါင်းယမ်းလိုက်ပြီး "နှင်းခဲလေး...

နှင်းခဲလေး... မဟုတ်ဘူး... မဟုတ်ဘူး...

မသတ်နိုင်ဘူး... နှင်းခဲလေး...

မဟုတ်ဘူး..."

ထိုအတိုင်း ပြောပြီးသည်နှင့်

ဒေါသတကြီး အော်ဟစ်ကာ

ကောင်းကင်ထက်သို့

ပျောက်ကွယ်သွားသည်။

သူထွက်သွားသည့် လမ်းကြောင်းဟာ

ရှီယွမ်မျိုးနွယ်၏မူလနယ်မြေဖြစ်သည်။

နှင်းပွင့်လေးက

လိုက်သွားချင်နေသော်လည်း

ဓားစာလိပ်က အမြန်တားလိုက်၏။

သူမက ဓားစာလိပ်ကို ဒေါသတကြီး

စိုက်ကြည့်နေသည်။ သို့သော်လည်း

ဓားစာလိပ်က မူလစေတီကို

စိုက်ကြည့်နေသည်။ ထို့နောက်

လက်ညှိုးဖြင့် ပုတ်လိုက်ရာ

မူလစေတီသည် တုန်ခါသွားပြီး စုချင်းရှီ

နှင့်အခြားလူများ ပေါ်လာကြသည်။

နှင်းပွင့်လေးက စုချင်းရှီကို

မြင်သောအခါ အမြန်ပြေးသွားပြီး

လက်ကလေးနှစ်ဖက်ဖြင့် ပွေ့ဖက်လျက်

ငိုပါတော့သည်။

ဤအချိန်တွင်

စုချင်းရှီ၏မျက်နှာလှလှလေးက

မျက်ရည်များ ဖုံးလွှမ်းထားသည်။

ဓားစာလိပ် က

ရုတ်တရက်ပြောလိုက်ပါသည်

“နင်တို့ဘယ်လိုခံစားနေရတယ်ဆိုတာ

ငါသိပါတယ်။ ဒါပေမဲ့ အခုလောလောဆယ် သူ့နောက်ကို လိုက်မသွားရင် အကောင်းဆုံးပါပဲ။ အခုအချိန်မှာ သူက ဘယ်သူ့ကိုမှ မမှတ်မိတော့ဘူး"

စုချင်းရှီ က ခေါင်းခါပြီး "ငါ သူနဲ့အတူ သွားချင်တယ်"

ဇိအာ က ရုတ်တရက်ဝင်ပြောလိုက်သည်
"လုံးဝ မလိုက်ရပါဘူး"

အားလုံးက ဇိအာကို
စိုက်ကြည့်နေကြသည်။

ဇိအာ က သူမ၏ခရမ်းရောင်
မျက်လုံးများကို
ဖြည်းညှင်းစွာမှိတ်လိုက်ပြီး
“အစ်မကြီးချင်းရှီ၊ သူ တော်တော်

နာကျင်နေပြီလေ။ ငါတို့က
သူ့ဆီလိုက်သွားပြီး အသတ်ခံလိုက်ရင် ...
သူ သတိပြန်ရလာတဲ့အခါ
ဘယ်လိုခံစားရမလဲ တွေးကြည့်လိုက်ပါ”

စုချင်းရှီ လည်း တိတ်ဆိတ်သွားသည်။

ဇီအာ က တိုးတိုးလေးဆက်ပြောပါသည်
“သူ့အနားမှာ ရှိနေရတာထက် ဘာကိုမှ
ပိုမလိုချင်ပေမယ့် အခုအချိန်မှာ အဲဒါကို

ငါတို့ မလုပ်နိုင်ဘူး။ ငါတို့အလုပ်က အခုချိန်မှာ ကိုယ့်ကိုယ်ကို ကာကွယ်ဖို့၊ သူ့ကို သတိပြန်ရအောင်စောင့်ဆိုင်းနေတာပဲ"

"သူ တကယ်ပဲသတိပြန်ရလာမှာလား" စုချင်းရှီ က မျက်လုံးထဲ၌ တစ်စုံတစ်ခုပျောက်ဆုံးနေသော အမူအရာပေါ်လာသည်။ ဤအချိန်တွင် သူမ၏ဘဝကို

ထောက်ကန်ပေးထားသော

ထောက်တိုင်ကြီး ပြိုလဲသွားသလို

ခံစားရသည်။

“ဒါပေါ့...” ဓားစာလိပ်က

ခေါင်းညိတ်လိုက်သည် “သူ့ရဲ့

သတ်ဖြတ်ခြင်းစိတ်ဆန္ဒနဲ့ ဓားစိတ်ဆန္ဒကို

ဖိနှိပ်ခံထားရတယ်။ ဒါ့ကြောင့်

အရှူးစိတ်က အသာစီးရသွားတာပဲ။

ငါတို့က ဒီအခြေအနေကို

လှည့်ပတ်နိုင်ရင်

သူပြန်ကောင်းလာမှာပါ”

"သူက အခု အန္တရာယ် ကြီးကြီးမားမားနဲ့

ဒုက္ခရောက်နေပြီ" စုချင်းရှီ က

မျက်လုံးများကို

ဖြည်းညှင်းစွာမှိတ်လိုက်ပြီး

"ဟုတ်တယ်မလား"

ဆားစာလိပ်က စုချင်းရှီ

ကိုတစ်ချက်ကြည့်လိုက်ပြီး “သူ အခု

ဘာအန္တရာယ်မှ မရှိဘူးလေ။

တခြားသူတွေပဲဖြစ်မှာ ။

နင်မတွေ့လိုက်ဘူးလား၊ သူ့ရဲ့

အရှူးစိတ်က တာအိုအဆင့်ရောက်နေပြီ။

ဒီတော့ သူ့ရဲ့တိုက်ခိုက်ရေးစွမ်းအားနဲ့

အရှူးစိတ်ကို သေချာမထိန်းနိုင်သေးဘူး။

ဒါ့ကြောင့် သူနဲ့တွေ့ရင် တခြားသူတွေက ပိုပြီးအန္တရာယ်ရှိလိမ့်မယ်”

စုချင်းရှီက "သူ့ကိုတားဖို့ နည်းလမ်းမရှိဘူးလား"

ဓားစာလိပ်က ခဏလောက်စဉ်းစားပြီး “ဟုတ်တယ်၊ သူ့ကို ပိုသန့်မာတဲ့ခွန်အင်အားနဲ့ ဖိနှိပ်ပြီး ချုပ်နှောင်ထားတာပဲ။ ဒါပေမဲ့

သူ့ထက်ပိုသန်မာတဲ့

ခွန်အားလိုအပ်တယ်။ သူ့ထက် နည်းနည်း

လေးပဲသန်မာနေရင်တော့

အကုန်လုံးအသတ်ခံရလိမ့်မယ်"

သူမက ခဏရပ်ပြီး

“ဓားအပျက်အစီးနယ်မြေကို

သွားကြရအောင်။ သူမ ငါတို့ကိုကူညီဖို့

ဆန္ဒရှိမရှိ မေးကြည့်လိုက်မယ်။ ဒါပေမဲ့

အခွင့်အလမ်းက အရမ်းနည်းတယ်။

သူမက ဓားအပျက်အစီးနယ်မြေကနေ

ထွက်မသွားဘူးလို့ ပြောထားလို့..."

စုချင်းရှီ က "ဘာပဲဖြစ်ဖြစ်

စမ်းကြည့်ရအောင်"

ဓားစာလိပ်က ခေါင်းညိတ်ပြပြီးနောက်

ခပ်လှမ်းလှမ်းရှိ မူလစေတီကို

စိုက်ကြည့်လိုက်သည်။ ဤအချိန်တွင်

နှင်းပွင့်က မူလစေတီကို ပွေ့ဖက်ကာ

အခြားတစ်ဖက်သို့ ညွှန်ပြပြီး
လက်သည်းများကို ဝှေ့ယမ်းလိုက်သည်။

မူလစေတီက ယန်ယဲ့သာ ပိုင်ဆိုင်သည်ဟု
ပြောနေတာပါ။

ဓားစာလိပ်က နှင်းပွင့်လေးကို
ငုံ့ကြည့်ကာ "အသေးလေး၊ သူ့ရဲ့
စေတီကို ငါမယူဘူး။ မှန်ပါတယ်၊

သူ့ကိုကူညီဖို့ ငါ

အကောင်းဆုံးကြိုးစားပါ့မယ်"

နှင်းပွင့်က ဓားစာလိပ်ကို

ပြန်ပြီးလှည့်ကြည့်လိုက်သည်။

သူမ၏အကြည့်များက တဖြည်းဖြည်း

နူးညံ့လာသည်။

နှင်းပွင့်၏ အမူအရာက

ပြေပြစ်လာသောကြောင့်

ဓားစာလိပ်လည်း စိတ်ထဲတွင်
သက်သာရာရသွားခဲ့သည်။

နှင်းပွင့်လေးက ယန်ယဲ့
ထွက်ခွာသွားသော လမ်းကြောင်းကို
ငေးကြည့်နေသည်။
သူမ၏မျက်လုံးလေးများက
စိုးရိမ်စိတ်နှင့် တွန့်ဆုတ်နေသော
အမူရာတို့ ပြည့်နှက်နေခဲ့သည်။

ဤအချိန်တွင် ကောင်းကင်ငယ်က

နှင်းပွင့်လေး ဆီသို့ လျှောက်သွားသည်။

ထို့နောက် လက်နှစ်ဖက်ဖြင့်ပွေ့ချီကာ

ညင်သာစွာပြောလိုက်သည် “စိတ်မပူပါနဲ့။

သူ့အဆင်ပြေမှာပါ။ ငါတို့တွေ

ဓားအပျက်အစီးနယ်မြေကို

သွားစောင့်ရအောင်”

နှင်းပွင့်လေးက

ကောင်းကင်ငယ်ကိုမော့ကြည့်ကာ

ငိုပြန်သည်။

"ငါတို့ဒီမှာကြာကြာနေလို့မရဘူး..."

ဓားစာလိပ်က

ခပ်ဆတ်ဆတ်ပြောလိုက်သည် "ငါတို့က

ဓားအပျက်အစီးနယ်မြေကို

တတ်နိုင်သမျှ မြန်မြန်ရောက်ရမယ်။

ဒီလိုမှမဟုတ်ရင်

တခြားအင်အားစုတွေက ငါတို့ဒီမှာ ရှိနေတာကို သတိပြုမိတာနဲ့ ယန်ယဲ့ အတွက် ပိုဆိုးလိမ့်မယ်"

စုချင်းရှီ က ယန်ယဲ့ ထွက်ခွာသွားသော လမ်းကြောင်းကို လေးလေးနက်နက်အကြည့်ဖြင့် အကြာကြီး ငေးကြည့်နေခဲ့သည်။ ထို့နောက် "သွားရအောင်"

တစ်ချိန်တည်းမှာပဲ လူတိုင်းက
မူလစေတီထဲကို
ဝင်ရောက်သွားကြသည်။

ဆားစာလိပ်က မူလစေတီကို
စူးစိုက်ကြည့်ကာ ခဏမျှ
ငြိမ်သက်သွားသည်။ ထို့နောက်
မူလစေတီနှင့်အတူ ကောင်းကင်ထက်သို့
ပျောက်ကွယ်သွားသည်။

...

မူလနယ်မြေ ။ မူလမြို့တော်...

ယန်ယဲ့ ထွက်ပြေးသွားသည်နှင့်
တပြိုင်နက် ရှီယွမ်မျိုးနွယ်စုသည်
တဖြည်းဖြည်း ငြိမ်သက်သွားခဲ့သည်။
ယန်ယဲ့ သည် ရှီယွမျိုးနွယ်အတွက်
ရင်းနှီးလွန်းသောမျက်နှာမဟုတ်ပေ။ သူ

ဘယ်သူလဲဆိုတာ

သိနေသူကအလွန်နည်းပါး၏။

ဤအခိုက်အတန့်တွင်

မူလမြို့တော်အပြင်ဖက်၌ လူငယ်တစ်ဦး

ရုတ်တရက်ပေါ်လာခဲ့သည်။

လူငယ်က အဝတ်အစားများ

စုတ်ပြဲကာခေါင်းပေါ်ရှိ

ဆံပင်များကလည်း ဖွာလန်ကျဲနေသည်။

သူ၏မျက်လုံးအစုံက ဗလာဖြစ်နေသည်။
လူငယ်က တစ်စုံတစ်ခုကို ရေရွတ်ရင်း
ခေါင်းယမ်းနေ၏။ သူသည်
အရူးတစ်ယောက်လိုပင်။

အရူးလူငယ်က မူလမြို့တော်ဆီသို့
ဖြည်းညှင်းစွာ လျှောက်လာခဲ့သည်။
သူသည် မူလမြို့နှင့် ပို၍
နီးကပ်လာသည်။

မြို့တံခါးရှေ့သို့ ရောက်လာချိန်တွင် အရှုးလူငယ်ရှေ့မှာ သက်လတ်ပိုင်းအမျိုးသားတစ်ဦး ပေါ်လာသည်။ သူက အရှုးလူငယ် (ယန်ယွဲ့)ခဏကြာစိုက်ကြည့်ပြီး "မင်းက ဘယ်သူလဲ" ဟု မေးလိုက်သည်။

အရှုးလူငယ်က ရုတ်တရက် မော့ကြည့်လိုက်ရာ သက်လတ်ပိုင်းအမျိုးသား၏အမူအရာ

သည် သိသိသာသာ

ပြောင်းလဲသွားသည်။

ဆူး…

အရှူးလူငယ်က

သက်လတ်ပိုင်းအမျိုးသား၏

နောက်ကွယ်တွင်ရုတ်တရက်ပေါ်လာသ

ည်။ တစ်ချိန်တည်းမှာပဲ

သွေးစီးကြောင်းများ နှင့်အတူ

ခေါင်းပြတ်တစ်လုံး လေထဲသို့

ပျံတက်သွားသည်။

ဤအချိန်တွင် အရှုးလူငယ်က

သူ့လက်ကို ဆန့်ပြီး ခေါင်းပြတ်ကို

ဖမ်းယူလိုက်သည်။ ထို့နောက်

ခေါင်းပြတ်ကို လွှဲယမ်းပြီး

မူလမြို့တော်ဆီသို့ပစ်ပေါက်လိုက်လေ

သည်။

ဘမ်း...

ခေါင်းပြတ်က ချက်ချင်းပင် မြို့ရိုးပေါ်၌ ကျရောက်သွားသည်။

"မင်းဘယ်လိုလုပ်ရဲသလဲ..." မြို့ထဲမှ ဒေါသတကြီးအော်သံ ရုတ်တရက်ထွက်ပေါ်လာသည်။ သိပ်မကြာလိုက်ဘဲ ကောင်းကင်ယံမှ

ငွေရောင်အလင်းတန်းတစ်ခု
ဆင်းသက်လာသည်။

အလင်းတန်းက အလွန်လျင်မြန်ပြီး
အရှူးလူငယ် အထက်သို့
ချက်ချင်းကျရောက်သွားခဲ့သည်။

အရှူးလူငယ်က ရုတ်တရက်
မော့ကြည့်လိုက်သည်။ ထို့နောက် သူ့ထံမှ
ကြောက်မက်ဖွယ်ကောင်းသော

စိတ်ဆန္ဒတစ်ခု

ပေါက်ကွဲထွက်လာခဲ့သည်။

"ရှုးသွပ်သော စိတ်ဆန္ဒ (အရှုးစိတ်) "

၎င်းသည် မကြုံစဖူး အစွမ်းထက်ပြီး

ယန်ယဲ့၏

ဖန်ဆင်းရှင်အဆင့်စိတ်ဆန္ဒနှစ်ခုကိုတော

င် ဖိနှိပ်ထားခဲ့သည်။ အရှုးစိတ်

ပျံ့လွင့်လာသည်နှင့် တပြိုင်နက်

ငွေရောင်အလင်းတန်းဟာ
အပိုင်းပိုင်းကွဲထွက်သွားသည်။

တစ်ချိန်တည်းမှာပဲ
ယန်ယဲ့၏နဖူးရှေ့တွင်
လှံတစ်ချောင်းရောက်လာသည်။

သို့သော် ငွေလှံက သူနှင့်
တစ်လက်မအကွာတွင်ပဲ
ရပ်တန့်သွားခဲ့သည်။

ယန်ယဲ့၏လက်တစ်ဖက်က လုံကို ဖမ်းကိုင်ထားသည်။ အခြားတစ်ဖက်တွင် သက်လတ်ပိုင်းအမျိုးသားတစ်ဦး ရပ်နေခဲ့သည်။ ၎င်းက အခြားမဟုတ်ဘဲ ချီးမြှောက်ခြင်း ချင် ပါ။

ချီးမြှောက်ခြင်း ချင်၏ အမူအရာက အနည်းငယ်ပြောင်းလဲသွားသည်။

အရှုးလှူငယ်ကို ကြည့်ကာ "ယန်ယဲ့၊

မင်းဖြစ်နေတာကိုး... "

ယန်ယဲ့က အံ့သြသွားသည့်အမူအရာဖြင့်

ချီးမြှောက်ခြင်း ချင်

ကိုမော့ကြည့်လိုက်သည်။ ဒီအချိန်မှာ

သူ့ထံမှ အရှူးစိတ်များ

ရုတ်တရက်မြင့်တက်လာသည်။

ခဏအကြာတွင် ငွေလုံ့က

ထက်ပိုင်းကျိုးသွားလေတော့သည်။

ချိုးမြှောက်ခြင်း ချင်၏အမူအရာက

သိသိသာသာ ပြောင်းလဲသွားခဲ့သည်။

သူက တွေဝေမနေဘဲ

ညာခြေကိုတစ်ချက်ပုတ်ကာ ၃

ကီလိုမီတာအကွာသို့

ချက်ချင်းပြန်ဆုတ်သွားလိုက်သည်။

သို့သော် ကြယ်တစ်ပွင့်ကဲ့သို့

တလက်လက်တောက်ပနေသော

ဆားစွမ်းအင်တစ်စင်းက သူ့ရှေ့တွင် ရောက်ရှိလာခဲ့သည်။

တစ်ချိန်တည်းမှာပဲ ချီးမြှောက်ခြင်း ချင် အထက်ကနေ ဆားတစ်ချောင်းပိုင်းချလာသည်။

ယန်ယဲ့၏ တိုက်ခိုက်မှုကို မြင်သောအခါ ချီးမြှောက်ခြင်း ချင်၏မျက်လုံးများက

အပ်တစ်ချောင်းအရွယ်အစားထိ
ကျဉ်းမြောင်းသွားသည်။

သူသည် ယန်ယွဲ့၏ဓားပိုင်းချက်က
မည်မျှကြောက်စရာကောင်းမှန်း
ခံစားမိလိုက်လို့ပါ။

သို့သော် ချီးမြှောက်ခြင်း
ချင်၏တုံ့ပြန်မှုက မနှေးပေ။
ဒူးနှစ်ဖက်ကိုကွေးညွတ်ပြီးနောက်

လှုံကိုလက်နှစ်ဖက်ဖြင့်ဆုပ်ကိုင်လျက်
ယန်ယဲ့အား လှမ်းထိုးလိုက်သည်။

ချီးမြှောက်ခြင်း ချင် နှင့်အတူ
ငွေရောင်အလင်းတန်းတစ်ခုသည်
လေထဲသို့ လွင့်ပျံလာသည်။

သို့သော်လည်း ငွေရောင်အလင်းတန်းက
ဓားကိုထိမှန်လိုက်သည်နှင့်
ဆီပူအိုးထဲကျသွားသော နှင်းခဲများကဲ့သို့

အရည်ပျော်ကျသွားသည်။

ဓားပိုင်းချက်က လျင်မြန်စွာ

ဆင်းသက်လာပြီး လုံ့ကို

နှစ်ခြမ်းခွဲပစ်လိုက်သည်။

ဤအတောအတွင်း ချီးမြှောက်ခြင်း ချင်

က

၁ ကီလိုမီတာအကွာကို

ပြန်ဆုတ်သွားခဲ့သည်။ သို့သော်

မြေကြီးပေါ်ကို မရောက်သေးခင်မှာပဲ

ယန်ယဲ့၏ဓားက သူ့အထက်သို့

ခုတ်ချလာတော့သည်။

၎င်းသည် သာမန်ဓားချက်မဟုတ်ဘဲ

အရှူးဆန္ဒနှင့် ပေါင်းစပ်ထားသော

ဓားနယ်မြေစွမ်းအား ပင်။

ချီးမြှောက်ခြင်း ချင်၏မျက်လုံးများက

သိသိသာသာကို ကျဉ်းမြောင်းလာသည်။

သို့သော်လည်း သူ့တွင် စဉ်းစားရန်

အချိန်မရှိပေ။ သူ့ခန္ဓာကိုယ်ထဲမှ

ကြောက်မက်ဖွယ်ရာအရှိန်အဝါများ

ရုတ်တရက်ပေါက်ကွဲထွက်လာခဲ့သည်။

ထို့နောက် သူ့ရှေ့တည့်တည့်တွင်

စုစည်းကာ

ထူးထပ်သောအလွှာကြီးတစ်ခုဖြစ်ပေါ်လာ

သည်။

သို့သော် ယခုအချိန်တွင် ယန်ယဲ့၏

ဓားနယ်မြေစွမ်းအားကို

မတားဆီးနိုင်ခဲ့ပေ။

မူလတာအိုအဆင့်

အတားအဆီးစွမ်းအားက

ဓားပိုင်းချက်ကိုမတားဆီးနိုင်ခဲ့ပါ။

ယန်ယဲ့၏ဓားက ချီးမြှောက်ခြင်း ချင်၏

ခေါင်းပေါ်သို့ ခုတ်ချလာသည်။

ဓားက သူ့ခေါင်းပေါ်သို့

ခုတ်ချလိုက်ချိန်တွင် ချီးမြှောက်ခြင်း

ချင်၏ မူလဝိညာဉ်က

ခန္ဓာကိုယ်ထဲကနေ ထွက်လာကာ

အဝေးဆီသို့ ထွက်ပြေးသွားသည်။

ဆူး...

ယန်ယဲ့စားပိုင်းချက်က ချီးမြှောက်ခြင်း
ချင်၏ခန္ဓာကိုယ်ကို
နှစ်ပိုင်းခွဲပစ်လိုက်သည်။

အဝေးတွင်ရှိနေသော ချီးမြှောက်ခြင်း
ချင်၏ မူလဝိညာဉ်က သုန်မှုန်နေခဲ့သည်။

သူသည် ယန်ယဲ့ ပြန်လာဖို့ကို
မမျှော်လင့်ထားခဲ့သလို ရုတ်တရက်ကြီး

အစွမ်းထက်လာမည်ဟုပင်

မထင်ထားခဲ့ပေ။

ထို့အပြင် ယန်ယဲ့ထံမှ ထွက်လာသော

အမည်မသိစိတ်ဆန္ဒက

အလွန်ကိုကြောက်စရာကောင်းလှသည်။

ဤအချိန်တွင် ယန်ယဲ့က ချီးမြှောက်ခြင်း

ချင်၏မူလဝိညာဉ်ကို လစ်လျူရှုကာ

မြို့ဆီသို့ လျှောက်သွားလိုက်သည်။

ချီးမြှောက်ခြင်း ချင်၏အမူအရာသည်
သိသိသာသာ ပြောင်းလဲသွားပြီး "သူ့ကို
တားကြစမ်း..."

သိပ်မကြာလိုက်ဘဲ ယန်ယွဲ့ရှေ့တွင်
အဘိုးကြီးနှစ်ယောက် ပေါ်လာကြသည်။

နှစ်ယောက်လုံးက
မူလတာအိုသခင်များဖြစ်ကြ၏။

ယန်ယဲ့ သည် နေရာမှာပင်

ဖျတ်ခနဲပျောက်သွားပြီး

မူလတာအိုသခင် ၂

ပါးရှေ့တွင်ပြန်ပေါ်လာခဲ့သည်။

တစ်ချိန်တည်းမှာပဲ

ကြောက်မက်ဖွယ်ကောင်းသော

ဓားစွမ်းအင်တစ်စင်းက မူလတာအိုသခင်

၂ ပါးထံ တိုးဝင်သွားသည်။

မူလတာအိုသခင် ၂ ပါးစလုံး

ပေါ့တိပေါ့ဆ မလုပ်ရဲကြပေ။

နှစ်ယောက်စလုံးက လက်သီးများကို

တင်းတင်းဆုပ်ပြီး ယန်ယွဲ့အား

ပြေးထိုးလိုက်သည် ။

လက်သီးလေးချက်က အာကာသကို

ဆုတ်ဖြဲပစ်လိုက်သည်။

သို့သော်လည်း ယန်ယဲ့၏ဓားချက်

ဆင်းလက်လာသည်နှင့်

အဘိုးကြီးနှစ်ယောက်စလုံး

လွင့်ထွက်သွားသည်။

“ဟီးဟီး…” ယန်ယဲ့၏ပတ်ပတ်လည်၌

သေလွန်သူဝိညာဉ်များ

လှည့်ပတ်နေသည်။

အကယ်၍သာ ယခင်ကဆိုလျှင်

ယန်ယွဲ့၏ ဖန်ဆင်းရှင်အဆင့်

စိတ်ဆန္ဒနှစ်ခုက

သေလွန်သူဝိညာဉ်များကို

ဖိနှိပ်ထားနိုင်ပါသည်။ သို့သော်လည်း

လက်ရှိမှာတော့ ယန်ယွဲ့၏စိတ်က

အရူးစိတ်ဖြစ်နေလေရာ ဖိနှိပ်ထားရန်

မလိုတော့ပေ။ တစ်ချိန်တည်းမှာပဲ

သူ၏အရူးစိတ်က

သေလွန်သူဝိညာဉ်များကိုပင်
ကူညီပေးခဲ့သည်။ ဤအခိုက်အတန့်တွင်
သေလွန်သူဝိညာဉ်များ အပြည့်အဝ
လွတ်မြောက်သွားပြီဟု ဆိုနိုင်သည်။

အဘိုးကြီးနှစ်ယောက်ကို
ရိုက်ထုတ်လိုက်ပြီးနောက် ယန်ယွဲ့သည်
မူလမြို့ထဲသို့
တဟုန်ထိုးပြေးဝင်သွားခဲ့သည်။

သူ့ပတ်ပတ်လည်၌ရှိ မရေမတွက်နိုင်သော
သေလွန်သူဝိညာဉ်များထံမှ
ရက်စက်ကြမ်းကြုတ်သော
ငြီးတွားသံများ ထွက်ပေါ်လာသည်။

ဤမြင်ကွင်းကြောင့် ချီးမြှောက်ခြင်း
ချင်က ထိတ်လန့်သွားပြီး
ဒေါသတကြီးအော်ဟစ်လိုက်လေသည်
“သူ့ကိုတားလိုက်။ မြန်မြန်
တားလိုက်ကြ...."

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၆၆၈ - ငရဲကမ္ဘာအလား....

ဤအခိုက်အတန့်တွင် ချီးမြှောက်ခြင်း

ချင် သည်

အကြီးအကျယ်ထိတ်လန့်သွားသည်။

ယန်ယဲ့သည်

သာမန်အခြေအနေမဟုတ်သည်မှာ

သိသာလှသည်။ သူ့ပတ်ပတ်လည်ရှိ

သေလွန်သူဝိညာဉ်များ၊ အလွန်တရာမှကို

ရှုံးသွပ်တမ်းတမ်းပါသည်။ထိုသေလွန်သူ

ဝိညာဉ်များသာ မြို့ထဲကို

ဝင်ရောက်သွားပါက မူလမြို့တော် ဟာ
ငရဲကမ္ဘာဖြစ်သွားနိုင်လေသည်။

ထို့အပြင် သေလွန်သူဝိညာဉ်များသည်
ကြောက်စရာအကောင်းဆုံးအရာမဟုတ်
ပေ၊ ကြောက်စရာအကောင်းဆုံးမှာ
ယန်ယဲ့ ပင်ဖြစ်သည်။

လက်ရှိတွင် ယန်ယဲ့က
သာမန်လူမဟုတ်တော့ပေ။

မူလတာအိုသခင် များပင် ယန်ယဲ့အား
လုံးဝမတားနိုင်ခဲ့ကြ။ ယန်ယဲ့သည်
သေလွန်သူဝိညာဉ်များကို
ထုတ်ဖော်လျက်
မူလမြို့ထဲသို့လျှောက်ဝင်သွားခဲ့သည်။

မြို့ထဲကို ဝင်လာသည်နှင့် ယန်ယဲ့
ဖြတ်သွားရာ နေရာတိုင်းတွင်

ခေါင်းပြုတ်များ လေထဲသို့
ပျံတက်သွားသည်သာ။

သူသတ်လိုက်တာမဟုတ်ဘဲ
သူ့ဘေးနားရှိ
သေလွန်သူဝိညာဉ်များ ဖြစ်သည်။
သို့သော် သူ့လမ်းကြောင်းကို
လာပိတ်ထားသူ မည်သူမဆို
ဓားစွမ်းအင်ဖြင့် နှစ်ပိုင်းခွဲခံလိုက်ရသည်။

"အစီအရင်ကို အသက်သွင်းကြတော့"

မြို့တွင်းတစ်နေရာမှ

ဒေါသတကြီးအော်ဟစ်သံ ရုတ်တရက်

ထွက်ပေါ်လာသည်။

ထိုခဏလေးမှာပဲ တစ်မြို့လုံး

ပြင်းထန်စွာ တုန်ခါသွားပြီးနောက်

မြို့ထောင့်တိုင်းမှ အလင်းတိုင်များ

ထွက်လာကာ လေထဲသို့

ထိုးတက်သွားသည်။ ထို့နောက်

အလင်းတိုင်များဟာ မြို့အထက်

ကောင်းကင်ယံတွင် စုစည်းသွားသည်။

တစ်ချိန်တည်းမှာပင်

မူလမြို့တော်တစ်ခုလုံးမှ

အလင်းရောင်ဖျော့

အလွှာတစ်ခုပေါ်လာပြီး မြေများကဲ့သို့

အဆက်မပြတ် တွန့်လိမ်နေတော့သည်။

ဤအချိန်တွင် ယန်ယဲ့ သည် ရုတ်တရက်

ရပ်တန့်သွားသည်။ သူ့ပတ်ဝန်းကျင်

၁ ကီလိုမီတာကျော် ဧရိယာသည်

သေလွန်သူဝိညာဉ်များ

ပြည့်နှက်နေခဲ့သည်။

မရေမတွက်နိုင်သော

သေလွန်သူဝိညာဉ်များဟာ ယန်ယဲ့ထံမှ

ထွက်လာသော ရက်စက်မှုနှင့်

နာကြည်းမုန်းတီးတို့ကိုစုပ်ယူကာ

တဖြည်းဖြည်းအားကောင်းလာတော့သ

ည်။

ထို့အပြင်

၎င်းတို့၏အတိတ်ဘဝနာကြည်းမှုများကို

ဖိနှိပ်ထားခဲ့သောကြောင့်

လွတ်မြောက်လာချိန်တွင်

မည်မျှထိတ်လန့်စရာကောင်းသည်ကို

သိသာလေသည်။

မူလမြို့ထဲကို ယန်ယွဲ့ဝင်လာပြီးနောက်

လူပေါင်း (၁၀,၀၀၀) ကျော်

အသတ်ခံလိုက်ရသည်။

မြို့ဝင်ပေါက်မှတစ်ဆင့်

လမ်းကြောင်းတစ်လျှောက်သည်

လူသေအလောင်းများ

ဖုံးလွှမ်းထားခဲ့သည်။ သို့သော် ယန်ယဲ့

သည် သွေးအဆီအနှစ်အားလုံးကို

စုပ်ယူထားသောကြောင့်

လူသေအလောင်းများဟာ

ခြောက်ကပ်နေခဲ့သည်။

ဖန်ဆင်းရှင်အထွတ်အထိပ်အဆင့်

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ

လူသေအလောင်းများထံမှ

သွေးအဆီအနှစ်များကို စုပ်ယူလေလေ

ယန်ယဲ့၏ သတ်ဖြတ်ခြင်းစိတ်ဆန္ဒ

ပို၍ပင်အားကောင်းလာသည်။

သို့သော်လည်း အမည်မသိ အရှုးဆန္ဒက
သူ၏သတ်ဖြတ်ခြင်းစိတ်ဆန္ဒကို
ဖိနှိပ်ထားဆဲပါ။

ဤအခိုက်အတန့်တွင် ရှီယွမ်မျိုးနွယ်စု၏
ကျင့်ကြံသူများအားလုံး
စုစည်းလာကြသည်။

ခဏအကြာတွင်ပဲ ယန်ယဲ့သည်

ရာချီသောကျင့်ကြံသူများဖြင့်ဝိုင်းရံခံလို

က်ရသည်။

ထိုအထဲတွင် မူလတာအိုသခင် ၃

ပါးပင်ပါဝင်ခဲ့သည်။ ထို့အပြင်

အခြားသော ဖန်ဆင်းရှင် ၇

ပါးလည်းရှိနေသည်။

အားလုံးက မြို့လယ်ခေါင်တွင်

ရပ်နေသော ယန်ယဲ့ ကို

စူးစိုက်ကြည့်နေကြသည်။

သူတို့အားလုံး၏ မျက်နှာပေါ်တွင်

အလွန်လေးနက်သော အမူအရာများ

ရှိနေကြသည်။

ယန်ယဲ့၏ခန္ဓာကိုယ်သည် အဆက်မပြတ်

တုန်ခါနေခဲ့သည်။ သူ့ပတ်ဝန်းကျင်တွင်

ဓားစွမ်းအင်က

အဆက်မပြတ်ဖြာထွက်နေသည်။

တစ်ချိန်တည်းမှာပင် သူသည်

တစ်စုံတစ်ခုကို ဆက်ပြောနေခဲ့သည်။

သူ့ပုံစံက

လုံးဝကိုစိတ်လွတ်သွားပုံရသည်။

"ယန်ယဲ့..." ဤအချိန်တွင်

ရှိယွမ်မျိုးနွယ်မှ ကျင့်ကြံသူတစ်ဦးက

ရုတ်တရက် “မင်း ဘာလိုချင်လို့လဲ” ဟု

လေးနက်စွာ ပြောလိုက်၏။

ရှီယွမ်မျိုးနွယ်၏ဘိုးဘေး ရှီယွမ်ယင်ကို

အကြောင်းကြားထားသောကြောင့်

လူတိုင်းက ချက်ချင်းမတိုက်ခိုက်ကြပေ။

ဘိုးဘေး ပြန်လာမယ့်အချိန်ထိသာ

စောင့်ဆိုင်းနေကြသည်။

ငါဘာလိုချင်တာလဲ။

ယန်ယဲ့ သည် ရုတ်တရက်
မော့ကြည့်လိုက်သည်။
ယန်ယဲ့၏အသိစိတ်လွှတ်နေသော
အကြည့်များကို မြင်သောအခါ
အဆိုပါကျင့်ကြံသူ၏နှလုံးသားက
ပြင်းထန်စွာတုန်လှုပ်သွားခဲ့သည်။

ဤအချိန်တွင် ယန်ယဲ့ သည် ရုတ်တရက်
သူ့ပါးစပ်ကိုဟလိုက်ပြီး “သတ်ပစ်"

ဟူသော စကားတစ်ခွန်းသာ

ထွက်လာသည်။

ဘမ်း

သူ့ပတ်ဝန်းကျင်မှာ လွင့်မျောနေသော

သေလွန်သူဝိညာဉ်များဟာ

ယန်ယွဲ့၏လက်ဝါးပေါ်သို့

စုစည်းလာသည်။ ထို့နောက်

ရောမအနက်ရောင်ဆားကြီးတစ်ချောင်းအ
ဖြစ် ပြောင်းလဲသွား၏။

ဤမြင်ကွင်းကို မြင်လိုက်ရသောအခါ
အဘိုးကြီး၏မျက်လုံးများက
ကျဉ်းမြောင်းသွားကာ “တိုက်ခိုက်ကြ...”
ဟု ပြင်းထန်စွာ
အော်ဟစ်လိုက်ပါတော့သည်။

တစ်ချိန်တည်းမှာပင်

ယန်ယဲ့၏ခြေထောက်အောက်ကနေ

အလင်းတန်းများ ရုတ်တရက်

ဖြာထွက်လာကာ တစ်ကိုယ်လုံး

ဖုံးလွှမ်းသွားသည်။

ဤအလင်းတန်းများသည် စူးရှသော

ဓားသွားများသဖွယ်ပြောင်းလဲသွားသည်

။ ဓားသွားတစ်ခုစီတိုင်းဟာ

ပြင်းထန်သော အဖျက်စွမ်းအားကို

သယ်ဆောင်လာသည်။ အလင်းတန်းများ
ဖြတ်သွားရာ နေရာတိုင်းတွင်
အာကာသက အပိုင်းပိုင်း
ဖြတ်တောက်ခံရသည်။

ဤအစီအရင်က ပြင်ပရန်သူများကို
တိုက်ခိုက်ရန် ဖန်တီးထားတာဖြစ်သည်။
သို့သော်လည်း ယန်ယွဲ့သည်
မြို့ထဲကိုရောက်နေခဲ့သည်။ ထို့ကြောင့်

အစီအရင်ကိုအသက်သွင်းလိုက်ချိန်တွင်
မူလမြို့တော်သည် ငရဲကမ္ဘာကဲ့သို့
ပြောင်းလဲသွားခဲ့သည်။ သို့သော်
ရှီယွမ်မျိုးနွယ်အတွက်
အခြားရွေးချယ်စရာမရှိပေ။
ယန်ယွဲ့ကိုသာ သတ်နိုင်သရွေ့တော့
မူလမြို့တော်ကိုစတေးရလျှင်ပင်
ထိုက်တန်ပါသည်။

ဓားသွားမုန်တိုင်း

ထွက်ပေါ်လာသည့်အချိန်တွင်

ယန်ယွဲ့သည် အနက်ရောင်ဓားကြီးကို

လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ

မြေပြင်သို့ ထိုးချလိုက်သည်။

အနန္တဓားနယ်မြေ

အနန္တစားနယ်မြေ

ကိုအသက်သွင်းမှုသာလျှင် သူ့အနေဖြင့်

အစီအရင်ကိုတိုက်ခိုက်နိုင်မည်ဖြစ်သည်။

ထို့အပြင် မူလတာအိုသခင်များကို

အဆင့်ကျော်ပြီး တိုက်ခိုက်နိုင်သည့်

အကြောင်းအရင်းက အနန္တစားနယ်မြေ

ကိုပိုင်ဆိုင်ထားလို့ပါ။

လက်ရှိတွင် သူသည်

ဖန်ဆင်းရှင်ဖြစ်နေသောကြောင့်

ဓားနယ်မြေကို

ဆက်တိုက်မသုံးနိုင်သော်လည်း

အကြိမ်အနည်းငယ်ခန့်ထုတ်သုံးနိုင်၏။

ဂျုန်း...

အနက်ရောင်ဓားကြီးက

မြေပြင်ကိုထိုးစိုက်လိုက်သည့်အခိုက်တွင်

မူလမြို့တော်တစ်ခုလုံးသည်

ပြင်းထန်စွာတုန်ခါလာတော့သည်။

ထို့နောက်တွင် မြေပြင်သည်

တစ်လက်မချင်းစီ အက်ကွဲလာခဲ့သည်။

ဤအချိန်တွင် ရှီယွမ်မျိုးနွယ်

အသက်သွင်းထားသော

တိုက်ခိုက်ရေးအစီအရင်က ချက်ချင်းပင်

ပျက်စီးသွားတော့သည်။

တစ်ချိန်တည်းမှာပင် သူ၏

အနက်ရောင်ဓားကြီးက

မရေမတွက်နိုင်သော

သေလွန်သူဝိညာဉ်များ အဖြစ်

ပြောင်းလဲသွားကာ ပတ်ဝန်းကျင်ကို

ပြန့်ကျဲသွားလေသည်။

သေလွန်သူဝိညာဉ်များသည်

ကြောက်မက်ဖွယ် အရူးဆန္ဒနှင့်

ဓားစွမ်းအင်ကို

သယ်ဆောင်လာကြသည်။

မရေမတွက်နိုင်သော

သေလွန်သူဝိညာဉ်များရှေ့တွင်

ပတ်ဝန်းကျင်ရှိ

ဓားသွားအလင်းတန်းများသည်

အလွှာလိုက် အလွှာလိုက်

ပျောက်ကွယ်သွားသည်။

ခဏအကြာတွင်

ဓားသွားအလင်းတစ်ခုပင်

မကျန်တော့ပေ။

ရှီယွမ်မျိုးနွယ်၏ ပညာရှင်များသည်

ဤမြင်ကွင်းကို မြင်လိုက်သောအခါ

မျက်နှာပျက်သွားကြတော့သည်။

ဤအချိန်တွင် ယန်ယဲ့ သည် သူ့လက်ကို

ရုတ်တရက်ဆန့်လိုက်သည်။

မရေမတွက်နိုင်သော

သေလွန်သူဝိညာဉ်များက

အနက်ရောင်ဓားကြီးအဖြစ် စုစည်းကာ

သူ့လက်ထဲကိုပြန်ရောက်သွားသည်။

ထို့နောက် သူ့ညာခြေကို

တစ်ချက်ဆောင့်၍

ရှေ့သို့တရကြမ်းပြေးထွက်လာသည်။

တစ်ချိန်တည်းမှာပင်

အနက်ရောင်ဓားစွမ်းအင်များ

ဖြာထွက်လာခဲ့သည်။

ဆူး ....ဆူး ....ဆူး ....ဆူး....

သူဖြတ်သွားရာ နေရာတိုင်းမှာ မြို့ထဲရှိ
အရာအားလုံးကို အပိုင်းပိုင်း
ခွဲခံလိုက်ရသည်။

ဤအချိန်တွင် မူလတာအိုသခင် ၃ ပါးက
နေရာမှာပင် ပျောက်သွားကြသည်။
ထို့နောက် ယန်ယွဲ့ရှေ့ရှိ အာကာသထဲမှ

မူလတာအိုအဆင့် စွမ်းအင်လှိုင်း ၃ ခု ထွက်လာပြီး သူ့ကို ပစ်ချလိုက်သည်။

အုန်း…

ယန်ယဲ့ သည် ၁၀ ကီလိုမီတာအကွာသို့ ချက်ချင်းလွင့်ထွက်သွားသည်။ သူ့ကိုယ်သူ ရပ်တန့်လိုက်သည်နှင့် သူ့ရှေ့မှ အာကာသက ရုတ်တရက် ပွင့်ထွက်သွားသည်။ ထိုနေရာမှ

ရှုံ့တွနေသောလက်ကြီးတစ်ဖက်

ထွက်လာပြီး ယန်ယဲ့ကို ဖိချလိုက်သည်။

ရောမမီးတောင်ကြီး

ပေါက်ကွဲသွားသလိုမျိုး မမြင်နိုင်သော

စွမ်းအင်လှိုင်းတစ်ခု ထွက်ပေါ်လာပြီး

ယန်ယဲ့ရှေ့တွင် ပေါက်ကွဲသွားသည်။

ဤအချိန်တွင် ယန်ယဲ့၏ခန္ဓာကိုယ်ထဲမှ

ပြင်းထန်သော

စိတ်ဆန္ဒဖိအားလှိုင်းတစ်ခု

ထွက်လာသည်။

မူလတာအိုအဆင့် အရှူးဆန္ဒ
ပင်ဖြစ်သည်။

အဘိုးကြီး၏ တိုက်ခိုက်မှုကို
တားဆီးရန်ပြင်လိုက်စဉ်မှာပဲ
ယန်ယွဲ့အထက်ကနေ အနီရောင်
ထီးတစ်လက် ရုတ်တရက် ပေါ်လာသည်။
အနီရောင်ထီးက

အဆက်မပြတ်လည်ပတ်နေရင်း

ယန်ယဲ့၏ခေါင်းပေါ်သို့ကျရောက်လာသ

ည်။ တစ်ချိန်တည်းမှာပင်

ဆံချည်မျှင်ကဲ့သို့ ပါးလွှာသော

အနီရောင်အပ်ချောင်းများ

ပျံ့လွင့်လာသည်။ ထို့နောက်

ယန်ယဲ့၏ခန္ဓာကိုယ်အား

ဖုံးလွှမ်းသွားသည်။ သိပ်မကြာလိုက်ပေ၊

ယန်ယဲ့၏ခန္ဓာကိုယ်က တဖြည်းဖြည်း ယိုယွင်းလာသည်။

ယန်ယဲ့ သည် အနီရောင်ထီးကို မော့ကြည့်လိုက်သည်။ ဤအချိန်တွင် အနီရောင်ထီးကြီးက သူ့ခေါင်းနှင့်သိပ်မဝေးတော့ပေ။

ယန်ယဲ့က သူ၏အနက်ရောင်ဓားကြီးကို

ရုတ်တရက် မြှောက်ပြီး

ပင့်ခုတ်လိုက်လေသည်။

ဓားစွမ်းအင်က

အနီရောင်အပ်ချောင်းများကို

ဖြတ်သန်းကာ အနီရောင် ထီးကို

ချက်ချင်း ပိုင်းချလိုက်ပါတော့သည်။

ဆူး…

အနီရောင်ထီးက ချက်ချင်းပင်
နှစ်ခြမ်းကွဲထွက်သွားသည်။

ယန်ယဲ့ သည် သူ၏ဓားကိုမြှောက်ပြီး
ထပ်မံတိုက်ခိုက်ရန်ပြင်လိုက်သည်။
ဤအချိန်တွင်
ယန်ယဲ့၏နောက်ကျောဖက်မှ
ပုံရိပ်တစ်ခုပေါ်လာသည်။ ထို့နောက်
လက်ဝါးတစ်ဖက်က သူ့ကျောပြင်ကို
ထိမှန်သွားသည်။

ဘမ်း...

ယန်ယဲ့သည် လွင့်ထွက်သွားသည်။
ဤအချိန်တွင် မတူညီသော
စွမ်းအင်သုံးမျိုးထွက်ပေါ်လာပြီး
ယန်ယဲ့၏အရှုးဆန္ဒကိုချေမှုန်းပစ်လိုက်
သည်။

မူလတာအိုသခင် ၃
ပါးပေါင်းတိုက်ခိုက်မှုပင်ဖြစ်သည်။

မူလတာအိုသခင် ၃ ပါးက ယန်ယွဲ့အား
တစ်ယောက်ချင်းမတိုက်ခိုက်ရဲကြပေ။
အကြောင်းကတော့ လက်ရှိတွင်
မူလတာအိုသခင်များက ယန်ယွဲ့ကို
ဘာမှမလုပ်နိုင်တော့ပေ။
ယခုလက်တွေ့ပါ၊ မူလတာအိုသခင် ၃

ပါးပေါင်းလိုက်မှသာ ယန်ယဲ့ကို
ဖိနှိပ်နိုင်ကြသည်။

ယန်ယဲ့ သည် သူ၏ဒဏ်ရာများကို
လစ်လျူရှုကာ ရှေ့သို့
ခြေတစ်လှမ်းတိုးလိုက်သည်။
ထို့နောက်တွင် သူ့ခန္ဓာကိုယ်က
ထူးဆန်းစွာ ပြောင်းလဲသွားပြီး
အနက်ရောင်ဓားကြီးကို လက်နှစ်ဖက်ဖြင့်

ဆုပ်ကိုင်လျက် ရှေ့သို့

ခုတ်ချလိုက်သည်။

ဆူး...

ယန်ယဲ့ ရှေ့ကိုရောက်လာသော

ဖိအားလှိုင်း ၃ ခုဟာ ချက်ချင်း

ပွင့်ထွက်သွားသည်။ ဤအချိန်မှာပဲ

ယန်ယဲ့၏နောက်ကျောဖက်မှ

စွမ်းအင်လှိုင်းတစ်ခု တိုးဝင်လာပြီး
သူ့ကိုထိမှန်သွားသည်။

ဖန်ဆင်းရှင် ၇ ပါးက
တိုက်ခိုက်လိုက်ခြင်းပင်။

သူတို့၏ ရည်ရွယ်ချက်က ယန်ယဲ့ကို
ယာယီအချိန်ဆွဲထားဖို့ သာဖြစ်သည်။

ဖန်ဆင်းရှင် ၇ ပါး၏အော်ရာက

မူလတာအိုသခင် ၃ ပါးထက်

နိမ့်ကျနေသော်လည်း ထင်သလောက်

အားမနည်းလှပေ။ ထို့အပြင်

၎င်းတို့၏တိုက်ခိုက်မှုက ယန်ယဲ့အား

ယာယီအချိန်ဆွဲထားနိုင်ခဲ့သည်။

သို့သော်လည်း ယန်ယဲ့သည် နောက်ကို

လှည့်တောင်မကြည့်ဘူး။ သူက

နောက်ပြန် တိုက်ခိုက်မှုကို တစ်ချက်သာ

တုံ့ပြန်လိုက်သည်။ ဖန်ဆင်းရှင် ၇ ပါး၏ အော်ရာများက သဲလွန်စပင်မရှိဘဲ ပျောက်ကွယ်သွားခဲ့သည်။

ဤအချိန်တွင် မူလတာအိုသခင် ၃ ပါးဟာ တိုက်ခိုက်လိုက်ကြသည်။

သို့သော် ယန်ယဲ့ သည် နေရာမှာပင် ပျောက်ကွယ်သွားခဲ့သည်။

မူလတာအိုသခင် ၃ ပါးလုံး

အံ့ဩသွားခဲ့သည်။ သူတို့က ယန်ယဲ့ထွက်ပြေးတာလားဟုပင်ထင်နေခဲ့သည်။

သို့သော် ခဏအကြာတွင်တော့ မူလတာအိုသခင် ၃ ပါး၏ အမူအရာများက သိသိသာသာပြောင်းလဲသွားသည်။ ထို့နောက် ယန်ယဲ့ထံ တရကြမ်းခုန်ဝင်လိုက်ကြသည်။

ယန်ယဲ့က ထွက်ပြေးသွားတာမဟုတ်ပေ။

ထိုအစား ဖန်ဆင်းရှင် ၇ ပါးကို

တိုက်ခိုက်ရန်ကြံစည်နေတာပါ။

ယန်ယဲ့က တိုက်ခိုက်လာသဖြင့်

ဖန်ဆင်းရှင်

၇ ပါးစလုံး အမူအရာများ သိသိသာသာ

ပြောင်းလဲသွားကြသည်။ လက်ရှိယန်ယဲ့

က သူတို့ရင်ဆိုင်နိုင်သူမဟုတ်ပေ။

သို့သော် ဘယ်သူမှ

သေခြင်းတရားရောက်လာမည့်အချိန်ကို

စောင့်ဆိုင်းနေမှာမဟုတ်ပါ။

ဖန်ဆင်းရှင် ၇ ပါးထံမှ

ပြင်းထန်သောအော်ရာများ

ပျံ့လွင့်လာသည်။ ထို့နောက် လေထဲတွင်

စုစည်းသွားသည်။ ဤအခိုက်အတန့်တွင်

ဖန်ဆင်းရှင် ၇ ပါး၏ပေါင်းစပ်အော်ရာက

မူလတာအိုသခင် ထက်ပင်

ပို၍အားကောင်းနေခဲ့သည်။

သို့သော် လက်ရှိယန်ယွဲ့ အတွက်တော့

ကလေးကစားစရာလိုပင်။

ဘမ်း...

ဓားတစ်ချက်ယမ်းလိုက်ရုံဖြင့်

ဖန်ဆင်းရှင် ၇ ပါး၏

ပေါင်းစပ်အော်ရာက ကြေမွသွားခဲ့သည်။

ထို့နောက် ဓားစွမ်းအင်တစ်စင်း

လင်းလက်လာသည်။

ဆူး...

ဖန်ဆင်းရှင် တစ်ပါး၏ခေါင်းက

လေထဲသို့ ပျံတက်သွားသည်။

ထိုဖန်ဆင်းရှင်က

တစ်ချက်တောင်ခုခံနိုင်စွမ်းမရှိခဲ့ပေ။

ချက်ချင်းကို အသတ်ခံလိုက်ရသည်။

ဤမြင်ကွင်းကြောင့်

အခြားဖန်ဆင်းရှင်များ၏

အမူအရာများသည် သိသိသာသာ

ပြောင်းလဲသွားသည်။

တစ်ချိန်တည်းမှာပင် အသံတစ်သံ

ရုတ်တရက်ထွက်ပေါ်လာခဲ့သည်

"မူလတာအိုအဆင့် အောက်ကလူတွေ
အခုထွက်သွားကြစမ်း။
အခုချက်ချင်းပြန်ဆုတ်ကြ..."

ဤအသံကိုကြားသောအခါ ဖန်ဆင်းရှင်
၆ ပါးနှင့် ကျန်လူတိုင်း ချက်ချင်း
နောက်ပြန်လှည့်ကာ မြို့ထဲသို့
ပျောက်ကွယ်သွားကြသည်။

ရှိယွမ်မျိုးနွယ်အတွက်
မူလတာအိုသခင်များအပြင်
အခြားသူများကိုစေလွှတ်ပါက
ယန်ယဲ့၏လက်ချက်ဖြင့်
အကုန်အသတ်ခံရမည်ကိုသိသွားခဲ့သည်
။

သို့သော်လည်း ယန်ယဲ့က
လက်မလျှော့ခဲ့ပေ။ သူသည်
အနက်ရောင်အလင်းတန်းတစ်ခုအဖြစ်

ပြောင်းလဲကာ ပြန်ဆုတ်သွားသော
ရှီယွမ်မျိုးနွယ်ဝင်များ
နောက်ကိုပြေးလိုက်သွားသည်။

မူလတာအိုသခင် ၃ ပါးဟာ
ယန်ယွဲ့၏နောက်ကနေ
ပြေးလိုက်လာနေကြသည်။

ၵင်းတို့က ရှူးသွားသလိုမျိုး
ယန်ယွဲ့နောက်ကို
အပြေးလိုက်သွားကြသည်။

သိပ်ပြီးမကြာလိုက်ဘဲ တစ်မြို့လုံး
ဝမ်းနည်းပူဆွေးသံများ၊ အော်ဟစ်
ညည်းတွားသံများ
ပြည့်လာပါတော့သည်။

ယန်ယဲ့ ဖြတ်သွားရာ နေရာတိုင်းတွင်

လူသေအလောင်းများ

အပြည့်လဲကျနေခဲ့သည်။

မရေမတွက်နိုင်သော

သွေးစီးကြောင်းများဟာ

သွေးမြစ်များအလား ယန်ယဲ့ဆီသို့

စီးဝင်နေခဲ့သည်။ ထို့အပြင်

သေလွန်သူဝိညာဉ်များဟာ

လူသေအလောင်းများမှ

နာကြည်းမုန်းတီးမှုများကို
ဝါးမျိုကြသည်။ ထို့နောက်
သေလွန်သူဝိညာဉ်များထံမှ
ကြောက်စရာကောင်းသော
အငွေ့အသက်များ ပျံလွင့်လာသည်။

ဤအချိန်တွင် မူလမြို့တော်သည်
ငရဲကမ္ဘာအဖြစ် ပြောင်းလဲသွားလေပြီ။

၁၀ မိနစ်လောက်အကြာတွင် ယန်ယဲ့

သည် ရုတ်တရက်ရပ်တန့်လိုက်သည်။

သူ့ဘယ်ဖက်လက်ထဲ၌ သွေးစွန်းနေသော

ခေါင်းပြတ်တစ်လုံးကိုကိုင်ထားလေသည်

။

ထို့နောက် ကောင်းကင်ကို

မော့ကြည့်လိုက်သည်။ ကောင်းကင်ယံမှ

ပြင်းထန်လွန်းသော အော်ရာတစ်ခု

ကျရောက်လာကာ သူ့တစ်ကိုယ်လုံး
ကွဲထွက်လုမတတ်ပင်။

ရှီယွမ်မျိုးနွယ်၏ဘိုဘေး ရောက်လာပြီ။

ဤအော်ရာကို ခံစားမိသောအခါ
ရှီယွမ်မျိုးနွယ်မှ လူတိုင်း
သက်ပြင်းချကြသည်။

ဤအချိန်မှာပဲ ယန်ယွဲ့၏ပုံရိပ်က ဝေဝါးသွားပြီး မြို့အပြင်ဖက်၌ ထွက်ပေါ်လာသည်။

"မင်းကဘယ်သွားလို့ရမယ်ထင်လဲ" အထက်ကောင်းကင်ယံကနေ ဒေါသတကြီးအော်သံ ပဲ့တင်ထပ်လာပြီး ရောမလက်ကြီးတစ်ဖက်က အောက်သို့ ဖိချလိုက်လေသည်။

ယန်ယဲ့က သူ၏ဓားကို မြှောက်လိုက်ပြီး

ပင့်ခုတ်လိုက်သည်။

ဘမ်း...

ဓားစွမ်းအင်က လေထုကို

အပိုင်းပိုင်းဖြတ်တောက်ကာ

ရောမလက်ကြီးကို ထိမှန်သွားသည်။

သို့သော် ဘာမှမထူးခြားပေ။

ဤအချိန်တွင် ရောမလက်ကြီးက

လျှပ်စီးတန်းအလား ကျဆင်းလာက ယန်ယွဲ့ကိုရိုက်ချလိုက်လေတော့သည်။

အုန်း…

ယန်ယွဲ့သည် ခုခံချိန်တောင်မရလိုက်ပေ။ ချက်ချင်း လွင့်ထွက်သွားပြီး မြို့နှင့် မီတာရာချီဝေးသော တောအုပ်ထဲသို့ ပြုတ်ကျသွားခဲ့သည်။ ဒီအချိန်မှာ သူ့တစ်ကိုယ်လုံး အက်ကွဲရာများ

ဖုံးလွှမ်းနေကာ သွေးများ

တလဟောစီးကျလာသည်။

သူ၏ခန္ဓာကိုယ်သွေးကြောများအားလုံး

ကွဲအက်သွားသည်။

ဤအချိန်တွင် လေထဲမှ အဖြူရောင်ဝတ်

စုံဝတ်အမျိုးသမီးတစ်ယောက်

ဆင်းသက်လာပြီး ယန်ယွဲ့ရှေ့တွင်

ပေါ်လာသည်။ အမျိုးသမီးက

လက်နှစ်ဖက်ကိုနောက်ပစ်ထားလျက်

မျက်နှာပေါ်တွင်

ဂရုမစိုက်သောအကြည့်ဖြင့်

သတိလစ်နေသော ယန်ယွဲ့ကို

စိုက်ကြည့်နေသည်။

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၆၆၉ - အန်နန်ကျင်း....

ဤအချိန်တွင် ယန်ယဲ့သည်
မြေပြင်ပေါ်တွင် မလှုပ်မယှက်
လဲလျောင်းနေခဲ့သည်။ သေသွားသလိုပင်
ထင်ရ၏။

အမျိုးအမည်မသိနိုင်သော
စိတ်ဆန္ဒတစ်ခုက
သူ့အားဖုံးလွှမ်းထားသည်။
ထို့အပြင်ကြောက်မက်ဖွယ်

သေလွန်သူဝိညာဉ်များကလည်း

ပတ်ပတ်လည်တွင်အပြည့်ဖြစ်နေသည်။

အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီးက

ယန်ယဲ့ကို စိုက်ကြည့်နေသည်။

သူမ၏မျက်နှာတွင်

လူသတ်ချင်စိတ်လည်း မရှိခဲ့ပေ။

သူမက အခြားမဟုတ်ပေ၊

အဖြူရောင်ကေရာဇ်မြို့တော်၏

ကေရီအဖြူဖြစ်သည်။

အမှန်တော့ ကေရီအဖြူ က

ယန်ယဲ့နောက်သို့

တောက်လျှောက်လိုက်နေခဲ့တာပါ။

မူလမြို့တော်တွင်

ယန်ယဲ့တိုက်ခိုက်နေသည့် မြင်ကွင်းအား

တစ်ချိန်လုံး စောင့်ကြည့်နေခဲ့သည်။

အကြောင်းမှာ

သူမ၏ပင်ကိုယ်အသိစိတ်က ယန်ယဲ့ဟာ

လွယ်လွယ်နဲ့မသေနိုင်ကြောင်း

ပြောနေလို့ပါ။

ယခုလက်ရှိအဖြစ်အပျက်က

သူမ၏ထင်မြင်ယူဆချက်

မှန်ကန်ကြောင်း သက်သေပြခဲ့သည်။

ဤအချိန်တွင်

ကောင်းကင်အဝေးတစ်နေရာမှ

ပြင်းထန်သောအရှိန်အဝါများ

ပျံ့လွင့်လာခဲ့သည်။

ပိုင်ဇီရှန် (ကေရီအဖြူ) က အနည်းငယ်

မျက်မှောင်ကြုတ်ကာ ခဏမျှ

ငြိမ်သက်သွားပြီး သူမ၏ ညာလက်ကို

ဝှေ့ယမ်းလိုက်သည်။

အဖြူရောင်အလင်းတန်းတစ်ခု

လင်းလက်လာပြီး ယန်ယဲ့ဆီသို့

တိုးဝင်လာသည်။ သို့သော်လည်း

အဖြူရောင်အလင်းတန်းက

ယန်ယဲ့အနားကို မရောက်လိုက်ပေ၊

သေလွန်သူဝိညာဉ်များနှင့် အရှူးဆန္ဒက

အဖြူရောင်အလင်းတန်းကို

တားဆီးထားသည်။

ပိုင်ဇီရှန်၏ မျက်နှာက အေးစက်လာပြီး

"နင်တို့က သူ့ကို သေစေချင်တာလား"

ခဏမျှကြာသွားပြီးနောက်
သေလွန်သူဝိညာဉ်များနှင့် အရှုးဆန္ဒ ဟာ
ယန်ယွဲ့၏ ခန္ဓာကိုယ်ထဲသို့
ပြန်ဝင်ရောက်သွားသည်။

၎င်းတို့ဟာ အသိဉာဏ်ရည်များ
ပိုင်ဆိုင်ထားသဖြင့် ယန်ယွဲ့ကို
အကာအကွယ်ပေးထားကြပါ။
အကြောင်းမှာ

ယန်ယဲ့ရှိနေသောကြောင့်သာ

ဧင်းတို့သန်မာလာရသည်မဟုတ်ပါလား။

ယန်ယဲ့သာ သေဆုံးသွားခဲ့ပါက

သူနဲ့အတူပျောက်ကွယ်သွားရပေမည်။

အထူးသဖြင့် အရူးဆန္ဒ ပင်။

ယန်ယဲ့ကိုယ်တိုင် ဖန်တီးထားသော

စိတ်ဆန္ဒပင်ဖြစ်သည်။

ယန်ယဲ့သေဆုံးသွားပါက
ရှိနိုင်တော့မည်မဟုတ်ပေ။

သေလွန်သူဝိညာဉ်များ အတွက်လည်း
အတူတူပင်။ ယန်ယဲ့သည် ၎င်းတို့၏
အသင့်တော်ဆုံး မှီခိုရာဖြစ်သည်။

နာကြည်းမုန်းတီးစိတ်များနှင့်
အရူးဆန္ဒက မတားဆီးတော့သဖြင့်
အဖြူရောင်အလင်းတန်းဟာ

ယန်ယဲ့ကိုယ်ပေါ်သို့ ကျရောက်လာသည်။

ထို့နောက် ပိုက်ကွန်သဖွယ်ပြန့်ကျဲကာ

ယန်ယဲ့အားဖုံးလွှမ်းသွားသည်။

ဤအချိန်တွင် ပိုင်ဇီရှန် က

ရွှေရောင်ခြသေ့တံဆိပ်ကို

ထုတ်ယူလိုက်သည်။

သူမ၏မျက်လုံးများက

တွန့်ဆုတ်နေသော အရိပ်အယောင်များ

ရှိနေသည်။

သို့သော် ကောင်းကင်ယံမှ ပြင်းထန်သော

အရှိန်အဝါများကား နီးကပ်လာလေပြီ။

ပိုင်ဇိုရှန် က မြေပြင်ပေါ်မှာ

အလောင်းတစ်လောင်းကဲ့သို့

လဲလျောင်းနေသော ယန်ယွဲ့ကို

အေးစက်စွာ စိုက်ကြည့်ကာ

ရွှေခြည်သေ့တံဆိပ်ကိုချေမွလိုက်သည်။

ဆူး...

ရွှေရောင်အလင်းတန်းတစ်ခု
လင်းလက်လာပြီးနောက် ယန်ယဲ့နှင့်
ပိုင်ဇီရှန် တို့နှစ်ယောက်စလုံး  နေရာတွင်
ပျောက်ကွယ်သွားသည်။
ဘာသဲလွန်စမှကို မကျန်ခဲ့ပေ။

သူတို့ ပျောက်ကွယ်သွားပြီးနောက်
အချိန်အတန်ကြာတော့ ဤနေရာတွင်
ကြောက်မက်ဖွယ်အရှိန်အဝါ ၄ ခု

ရုတ်တရက်ပေါ်လာခဲ့သည်။ ယန်ယဲ့

လဲကျနေခဲ့သည့်နေရာတွင်

အနက်ရောင်ဝတ်စုံဝတ်သက်လတ်ပိုင်းအ

မျိုးသားတစ်ဦး ရပ်နေခဲ့သည်။

ထိုလူက ရှီယွမ်ယင်၊ ရှီယွမ်မျိုးနွယ်၏

ဘိုးဘေး ဖြစ်သည်။

ရှီယွမ်ယင် ပေါ်လာသည်နှင့်
မရှေးမနှောင်းပင် မူလတာအိုသခင် ၃ ပါး
ထပ်ပေါ်လာသည်။

ထိုသုံးယောက်က ယန်ယဲ့ကို
ပိုင်းရံတိုက်ခိုက်ခဲ့သော
မူလတာအိုသခင်များဖြစ်ကြသည်။

ဤ]နေရာတွင် ဘာမှမရှိကြောင်း
မြင်သောအခါ လူတိုင်း၏မျက်နှာက
အတော်လေးကိုဆိုးရွားသွားသည်။

အနက်ရောင်ဝတ်ရုံဝတ်အဘိုးကြီးတစ်
ယောက်က “ငါတို့ရှေ့မှာ
တစ်စုံတစ်ယောက်ရောက်လာတယ်” ဟု
လေးနက်စွာ ပြောလိုက်သည်။

ရှီယွမ်ယင် က ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်သည်။
သူ့အကြည့်က ကီလိုမီတာ (၅၀၀,၀၀၀)
အကွာထိ လွှမ်းခြုံထားသော်လည်း
ဘာကိုမှ သတိမထားမိပေ။

ရှီယွမ်ယင်၏ မျက်နှာက တဖြည်းဖြည်း
ညို့မှိုင်းလာသည်။

"သူ အသက်ရှင်နေသရွေ့
ငါတို့ရဲ့ရှီယွမ်မျိုးနွယ်က အနာဂတ်မှာ
ဆိုးရွားတဲ့ ပြဿနာတွေနဲ့
ရင်ဆိုင်ရလိမ့်မယ်" ဤအတောအတွင်း
အနက်ရောင်ဝတ်ရုံအဘိုးအိုက “သူက
ဖန်ဆင်းရှင်အဆင့် ပဲရှိပေမယ်လို့
သူ့ခွန်အားကျတော့
သာမန်မူလတာအိုသခင်တွေထက်သန်မာ
တယ်။ အနည်းဆုံးတော့

မူလတာအိုသခင် ၃ မပါးမရှိရင်

သူ့ကိုသတ်ဖို့ဆိုတာဘယ်လိုမှမဖြစ်နိုင်

ဘူး။ သူ့ကို

ဆက်ပြီးအသက်ရှင်ခွင့်ပေးလိုက်ရင်

ငါတို့ရှီယွမ်မျိုးနွယ်တင်မကဘဲ

ထာဝရနယ်စပ်တစ်ခုလုံးပါ

ကပ်ဘေးကျနိုင်တယ်”

ရှီယွမ်မျိုးနွယ်၏ ဘိုးဘေးဖြစ်သော

ရှီယွမ်ယင် တစ်ယောက်ကလွဲ၍

ကျန်သုံးယောက်စလုံး မျက်လုံးထဲတွင်

စိုးရိမ်ပူပန်မှုတို့အပြည့်ပါ။

ထိုသုံးယောက်က

ယန်ယွဲ့ကိုတိုက်ခိုက်ခဲ့သော

မူလတာအိုသခင် ၃ ပါးပါ။ ယန်ယွဲ့နှင့်

အချိန်အတော်ကြာအောင်

တိုက်ခိုက်ပြီးနောက်တွင်

မည်မျှကြောက်စရာကောင်းမှန်း

သိနေကြသည်။ အရေးကြီးဆုံးကတော့

လက်ရှိတွင် ယန်ယွဲ့က ဖန်ဆင်းရှင်

တစ်ပါးသာဖြစ်နေခဲ့၏။ အကယ်၍

သူသာ မူလတာအိုအဆင့်ကို

ရောက်သွားပါက

ရှီယွမ်မျိုးနွယ်တစ်ခုလုံး

ငါးပါးမှောက်ပြီဖြစ်သည်။

ရှီယွမ်မျိုးနွယ်ဘိုးဘေး ပင်လျှင်

တားဆီးနိုင်တော့မည်မဟုတ်ပေ။

ရှီယွမ်ယင် က သူ့မျက်လုံးများကို

ဖြည်းညှင်းစွာမှိတ်လိုက်ပြီး

"ငါတို့လုပ်ချက် မှားသွားပြီ"

အမှန်တော့ ရှီယွမ်မျိုးနွယ်သည်

ယန်ယဲ့အကြောင်းကို အားလုံးနီးပါး

သိထားတာပါ။ ထို့ကြောင့်ပင် ယန်ယဲ့အား

အင်အားအပြည့်ကြီးထွားလာခွင့်မပေးခဲ့

ပေ။ ရှီယွမ်မျိုးနွယ် သည်

ဖန်ဆင်းရှင်တစ်ပါးကိုသတ်ရန်အတွက်

မူလတာအိုသခင် ၃ ပါးနှင့်

ချုပ်နှောင်ခြင်းအစီအရင်ကိုပင်

သုံးခဲ့ရသည်။

၎င်းသည် ထာဝရစကြာဝဠာ၏

သမိုင်းတစ်လျှောက်

လက်တွေ့မကြုံစဖူးဖြစ်ခဲ့သည်။

သို့သော်လည်း ယန်ယဲ့ကိုမသတ်နိုင်ခဲ့ပေ၊

လွတ်မြောက်သွားခဲ့၏။

ဤနေရာရှိ လေထုသည်

တဖြည်းဖြည်းလေးလံလာသည်။

အချိန်တော်တော်ကြာမှ ရှီယွမ်ယင်က

မျက်လုံးပြန်ဖွင့်ကာ "လင်းရှူ

ပြန်မလာသေးဘူးလား"

အနက်ရောင်ဝတ်စုံဝတ် အဘိုးကြီးက

ခေါင်းခါပြီး “မလာသေးဘူး။ ဒါပေမဲ့

သူ့အသက်ရှင်နေပါသေးတယ်”

ရှီယွမ်ယင် က

"ဟင်းလင်းပြင်ဝိညာဉ်ဧကရီ နဲ့

အင်မော်တယ်ဘိုးဘေး တို့ကော

ဘယ်လိုလဲ"

အနက်ရောင်ဝတ်ရုံအဘိုးကြီးက “

သေချာတော့မသိဘူး။ ဒါပေမဲ့ သူတို့

မသေချင်ဘူးဆိုရင်

ထာဝရစကြာဝဠာမှာတောင် သူတို့ကို

သတ်နိုင်တဲ့သူ အများကြီး မရှိပါဘူး”

ရှီယွမ်ယင် က အစောပိုင်းက

ယန်ယဲ့လဲကျနေသောနေရာကို

တစ်ချက်ကြည့်လိုက်ပြီး "လင်းရှူကို

အမြန်ဆုံးပြန်လာခိုင်းပါ။ ဒါ့အပြင်

ငါတို့မျိုးနွယ်စုရဲ့

အရင်းအမြစ်တွေအကုန်သုံးပြီးယန်ယဲ့ကို

လိုက်ရှာကြ"

အဘိုးကြီးက “အင်မော်တယ်အိမ်တော်က ဘယ်လိုလဲ” ဟု မေးလိုက်သည်။

ရှီယွမ်ယင် က "ယန်ယဲ့က သူတို့လူတစ်ယောက်ကို သတ်လိုက်တာဆိုတော့ သဘာဝအတိုင်း လွှတ်ထားမှာမဟုတ်ဘူး။ ဒါပေမဲ့ အခုအချိန်မှာ ယန်ယဲ့ကို အာရုံစိုက်ဖို့ အချိန်မရှိဘူး”

အဘိုးကြီးက အံ့သြသွားပြီး

“ဘာဖြစ်လို့လဲ” ဟုမေးခဲ့သည်။

ရှီယွမ်ယင် က

“လျှို့ဝှက်ဆန်းကြယ်တဲ့စွမ်းအားရှင်တစ်

ယောက်က အင်မော်တယ်အိမ်တော်ကို

ခိုးဝင်ပြီးတော့ သူတို့ရဲ့

နတ်ရတနာတွေထဲက တစ်ခုကို

ယူသွားခဲ့တယ်။ အခုလောလောဆယ်

အင်မော်တယ်အိမ်တော်တစ်ခုလုံးကို

သူ့ကိုလိုက်ရှာနေတယ်”

အဘိုးကြီး၏အမူအရာက

အနည်းငယ်ပြောင်းလဲသွားကာ

“တစ်စုံတစ်ယောက်က

အင်မော်တယ်အိမ်တော်ရဲ့

နတ်ရတနာတစ်ခုကိုယူပြီးတော့

ဒီဒီအတိုင်းပဲပြန်ထွက်သွားတယ်။

ဒါမဖြစ်နိုင်ဘူး"

ရှီယွမ်ယင်က သူ့မျက်လုံးများကို

ဖြည်းညှင်းစွာမှိတ်လိုက်ပြီး "ငါလည်း

မဖြစ်နိုင်ဘူးထင်တာ။ ဒါပေမဲ့

တကယ်ဖြစ်နိုင်လောက်တယ်။

ငါရောက်သွားတဲ့အချိန်မှာ

အင်မော်တယ်အိမ်တော်တစ်ခုလုံးရဲ့ပတ်

ဝန်းကျင်မှာ

အစီအရင်တွေအပြည့်ချထားတယ်။

ငါ့အထင် သူတို့က

ကြောက်စရာကောင်းတဲ့ ရန်သူနဲ့

ရင်ဆိုင်နေရတာထင်တယ်”

"အဲဒါဘယ်သူလဲ..." အဘိုးကြီးက

“တကယ်ပဲ ဘယ်သူကများ

အင်မော်တယ်အိမ်တော်ကို

ခိုးဝင်နိုင်တာလဲ၊ ပြီးတော့

သူတို့ရဲ့နတ်ရတနာကိုယူပြီး

ဘာမှမဖြစ်ဘဲ ပြန်ထွက်သွားတယ်။

ဘယ်လိုဖြစ်နိုင်မှာလဲ”

ရှီယွမ်ယင် က ခေါင်းကို
အနည်းငယ်ခါယမ်းလိုက်ပြီး "ဒါက
ဓားသမားလို့ ပြောပေမယ့်
အတိအကျတော့ ငါလည်းမသိဘူး"

“ဒါက ဓားအပျက်အစီးနယ်မြေ လား”
အဘိုးကြီးက မျက်မှောင်ကြုတ်ကာ
“ဒါလည်း မဖြစ်နိုင်ပါဘူး။ သူမက
ဓားအပျက်အစီးနယ်မြေကို

ဘယ်တော့မှစွန့်ပစ်မသွားဘူးလို့ပြော ထားတယ်။ ဒါ့အပြင် သူမ ဖြစ်နေရင် အင်မော်တယ်အိမ်တော်က အဲဒီနေရာကို တိုက်ရိုက်သွားလောက်ပြီ”

“ဒါကိုထားလိုက်ပါ” ဤအချိန်တွင် ရှီယွမ်ယင် က ရုတ်တရက်ပြောခဲ့သည် "ယန်ယဲ့ကို ရှာဖို့ တတ်နိုင်သမျှ အကုန်သုံးပါ။ မဖြစ်နိုင်တဲ့တန်ကြေးနဲ့ ပေးချေရမယ်ဆိုရင်တောင်မှ သူ့ကို

မတွေ့တွေ့အောင် လိုက်ရှာပါ။

သူသေရမယ်"

ဒီအချိန်မှာ ရှီယွမ်ယင်၏ အသံက

အေးစက်နေသည်။

...

မူလမြို့တော်ရှိ အဖြစ်အပျက်သည်
ထာဝရနယ်စပ်တစ်ခုလုံးကို
ချက်ချင်းပြန့်နှံ့ခဲ့သည်။

သတင်းကြားကြားချင်း အားလုံး
ထိတ်လန့်သွားခဲ့ကြသည်။

အစကတော့
ရှီယွမ်ကလန်၏လက်ချက်ဖြင့် ယန်ယွဲ့
သေမည်ဟုသာ

ထာဝရနယ်စပ်တစ်ခုလုံးက

ယူဆထားကြသည်။

သို့သော်လည်း အဖြစ်မှန်ကတော့

သူတို့ထင်ထားသလိုမဟုတ်ခဲ့ပေ။

ယန်ယဲ့က မသေခဲ့သည့်အပြင်

မူလမြို့တော်တစ်ခုလုံးနီးပါးကို

အစုလိုက်အပြုံလိုက်တောင်သတ်ဖြတ်ပ

စ်ခဲ့သေးသည်။

ရှီယွမ်ယင် သာ မူလမြို့တော်ကို
အမြန်ပြန်မသွားပါက
မူလမြို့တော်တစ်ခုလုံးသည်
ပျောက်ကွယ်သွားနိုင်ချေများ၏။

မူလမြို့တော်ကို စောင့်ကြပ်နေသော
မူလတာအိုသခင် ၃ ပါးပင် ယန်ယဲ့ကို
လုံးဝမတားနိုင်ခဲ့ပါ။

ဤအခိုက်အတန့်တွင် အချို့က

စိုးရိမ်ပူပန်မှုတွေ ပြည့်နှက်နေသလို

တချို့က ပျော်ရွှင်ကြသည်။

ဝမ်းသာအားရဖြစ်နေသူများက

သဘာဝအတိုင်း

ကောင်းကင်ဓားမြို့တော်ပင်ဖြစ်သည်။

ယန်ယဲ့ သည် ကောင်းကင်ဓားမြို့တော်

အပေါ်ကျေးဇူးကြွေးတင်နေခဲ့သည်။

သူသာ ပိုပြီးသန်မာလေလေ

ကောင်းကင်ဓားမြို့တော်အတွက်

ယန်ယဲ့၏ ကျေးဇူးကြွေးက ပို၍

အဖိုးတန်လေလေဖြစ်သည်။

တစ်နည်းအားဖြင့်

ကောင်းကင်ဓားမြို့တော် သည်

အကျိုးအမြတ်အများဆုံး ရခဲ့သူဟု

ဆိုနိုင်ပါသည်။ အကြောင်းမှာ

မူလတာအိုသခင် တစ်ပါးမှ

မဆုံးရှုံးခဲ့ပေ။ ထို့အပြင် ယန်ယဲ့သည်

ကောင်းကင်ဓားမြို့တော်ကို

မျက်နှာသာပေးထား၏။

ဤအဖြစ်အပျက်ပြီးနောက်တွင်

ရှီယွမ်မျိုးနွယ်သည်

အင်အားအပြည့်သုံးကာ ယန်ယွဲ့ကို

လိုက်လံရှာဖွေခဲ့သည်။

...

အဖြူရောင်ကေရာဇ်မြို့တော် ။

သာမန်ရိုးရှင်းသော အခန်းတစ်ခုထဲတွင်

အမျိုးသမီးတစ်ဦး ထိုင်နေခဲ့သည်။

အခန်းက ထူးထူးခြားခြား ဘာမှမရှိပေ။

ကုတင်တစ်လုံး၊ စားပွဲတစ်လုံး၊

ကုလားထိုင်နှင့် မှန်တစ်ချပ်သာ

ရှိခဲ့သည်။ ကျန်တာဘာမှကိုမရှိပေ။

ကုတင်ပေါ်တွင်တော့ ရှုံးသွပ်နေပုံရသော

အမျိုးသားတစ်ယောက်

လဲလျောင်းနေခဲ့သည်။

အခြားမဟုတ်ပေ၊ ယန်ယဲ့ ပင်ဖြစ်သည်။

ဤအချိန်တွင် သူ၏အဝတ်အစားများက

စုတ်ပြတ်သတ်ကာ

သွေးများဖုံးလွှမ်းနေသည်။

စုတ်ပြဲနေသော အဝတ်များအောက်တွင်

အက်ကွဲကြောင်းများဖုံးလွှမ်းနေသော
ခန္ဓာကိုယ်တစ်ခုရှိနေ၏။

ယန်ယဲ့သည် မသေသော်လည်း
ဒဏ်ရာအပြင်းအထန် ရသွားခဲ့သည်။

ကံကောင်းထောက်မစွာဖြင့် သူ့တွင်
မူလခရမ်းရောင်စွမ်းအင် ရှိနေလို့သာ။
မူလစေတီ မရှိတော့သော်လည်း
သူ၏ဆန်းကြယ်ချီစွမ်းအင်ဟာ

သာမန်မဟုတ်ဘဲ

မူလခရမ်းရောင်စွမ်းအင် ဖြစ်နေခဲ့သည်။

သို့သော် မူလစေတီ ရှိနေရင်တော့

မူလခရမ်းရောင်စွမ်းအင်

ပိုပြီးသိပ်သည်းလေရာ

သူ၏ဒဏ်ရာများကို

အမြန်ကုသနိုင်ပါသည်။ မူလစေတီက

သူ့အတွက် ဒုတိယမြောက်မူလဒန်တျန်

လိုပင်။ အဆုံးမရှိသော

မူလခရမ်းရောင်စွမ်းအင်များကို

ထုတ်သုံးနိုင်၏။

ထို့ကြောင့် ယန်ယဲ့ သည်

ဆန်းကြယ်ချီစွမ်းအင်

ကုန်ဆုံးသွားသည်ဟူ၍

တစ်ခါမှမကြုံရပေ။

ဤအတောအတွင်း

မူလခရမ်းရောင်စွမ်းအင်သည်

ယန်ယဲ့၏ခန္ဓာကိုယ်အနှံ့ ဖြန့်ကျက်ကာ

သွေးကြောများနှင့် အရိုးများကို

အဆက်မပြတ် ပြုပြင်ပေးနေသည်။

သူရခဲ့သော ဒဏ်ရာများက

လုံးဝကိုပြင်းထန်ခဲ့သည်။ တစ်ကိုယ်လုံးရှိ

အရိုးများကွဲကြေသွားကာ

ဒုက္ခိတဖြစ်လုနီးပါးပင်။

ဤအချိန်တွင် အခန်းတံခါးကို

တွန်းဖွင့်သံနှင့်အတူ

အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီးတစ်ဦး

အထဲကို ဝင်လာသည်။

ကေရီအဖြူ... ပင်ဖြစ်သည်။

ကေရီအဖြူ က

ယန်ယွဲ့၏ကုတင်ဘေးနားကို

လျှောက်သွားလိုက်ပြီး

အမျိုးအမည်မသိနိုင်သောအကြည့်များ

ဖြင့်စိုက်ကြည့်နေသည်။

ဤအချိန်တွင်
ကေရီအဖြူ၏နောက်ကွယ်မှ
အဘိုးကြီးတစ်ယောက် ရုတ်တရက်
ပေါ်လာသည်။

ကေရီအဖြူ က အကြည့်ကို
ဆုတ်လိုက်ပြီး အဘိုးကြီးအား
လှည့်ကြည့်ကာ "အဖေ..."

ပိန်ပိန်ပါးပါး အဘိုးအိုက
ခေါင်းညိတ်ပြပြီး "မင်း သူ့ကို
ကယ်ခဲ့တာလား"

ကေရီအဖြူ က
ခဏတာလေးလေးနက်နက် စဉ်းစားပြီး
"မဟုတ်ဘူး၊ ဒီနတ်ရတနာတွေကိုပဲ
ယူချင်တာ။ ကံမကောင်းစွာပဲ၊ သူတို့က
သူ့လက်ထဲမှာ မရှိတော့ဘူး"

အဘိုးအိုက “ဒါဆို သူ့ကိုသတ်လိုက်ပါ”

ဟု ဂရုမစိုက်ဘဲ ထပ်ပြောသည်။

ပိုင်ဇိရှန် လည်း အံ့သြသွားသည်။

အဘိုးအိုက သူမကို စိုက်ကြည့်ရင်း

“ဘာဖြစ်တာလဲ”

ပိုင်ဇိရှန် က အချိန်အတော်ကြာအောင်

နှုတ်ဆိတ်သွားပြီး “သူ့ကို

အသုံးချနိုင်မယ်ထင်တယ်” ဟု ပြန်ဖြေသည်။

အဘိုးအိုက သက်ပြင်းချရင်း “အဲဒါ မီးနဲ့ကစားနေတာ”

သူက ယန်ယွဲ့ကို စိုက်ကြည့်ပြီး “သူ့ရဲ့ အရည်အချင်းနဲ့ ခွန်အားကို ငါတောင်မှ ကြောက်တယ်။ အခု သူက နတ်ဆိုးဆန်ဆန် ရှူးသွပ်နေတော့

နည်းနည်းလေး အမှားလုပ်တာနဲ့
အဖြူရောင်ကေရာဇ်မြို့တော် တစ်ခုလုံး
သွေးချောင်းစီးသွားလိမ့်မယ်”

ပိုင်ဇိရှန် က လေးနက်စွာပြန်ပြောသည်
"သူဘာလို့ဒီလိုဖြစ်လာတာလဲ
ငါသိတယ်။ ဒါ့ကြောင့် သူ့ကို
ထိန်းချုပ်နိုင်မလားဆိုတာ
ကြည့်ချင်ပါတယ်”

ခပ်ပိန်ပိန်အဘိုးအိုက

ပိုပြောချင်နေသော်လည်း ပိုင်ဇိရှန် က

“အဖေ၊ အဖြူရောင်ဧကရာဇ်မြို့တော်မှာ

ငါတို့တွေပဲ

ကျန်တော့တယ်။ အခုအချိန်မှာ ငါတို့က

တခြားစွမ်းအားရှင်တွေရဲ့ မျက်လုံးထဲမှာ

အရည်ရွှမ်းတဲ့

အသားတစ်ပိုင်းလိုပဲ။အားလုံးက ငါတို့ကို

ဝေစုခွဲချင်နေကြတယ်။ ဒီမတိုင်ခင်

သူတို့မှာ အခွင့်အရေးမရှိပေမယ့် မကြာခင်မှာ ထာဝရလျှို့ဝှက်နယ်မြေက ဖွင့်တော့မယ်။ ငါ အဲဒီမှာ တစ်ခုခုဖြစ်သွားသရွေ့ သူတို့က အဖြူရောင်ဧကရာဇ်ဖြူမြို့တော်ကို သေချာပေါက်တိုက်ခိုက်လိမ့်မယ်”

ပိုင်ဇီရှန် က သူမ၏မျက်လုံးတွေကို ဖြည်းညှင်းစွာမှိတ်လိုက်ပြီး “ထာဝရလျှို့ဝှက်နယ်မြေမှာ

ခြေကုပ်ရယူချင်တယ်ဆိုရင်တော့

အကူအညီလိုပါတယ်။ မဟုတ်ရင်

ထာဝရနယ်မြေက တချို့အရာတွေကို

ရယူဖို့ဆိုတာ မေ့ထားလိုက်ရုံပဲ၊

အသက်ရှင်ဖို့တောင်

ပြဿနာဖြစ်လိမ့်မယ်”

အဘိုးအိုက တိုးတိုးလေး

သက်ပြင်းချရင်း “အဲဒါကနေ

မင်းနုတ်ထွက်တယ်ဆိုတာ
တောင်းဆိုပေးဖို့ စိတ်ကူးထားတယ်”

ပိုင်ဇီရှန် က ခေါင်းကို
အနည်းငယ်ယမ်းလိုက်ပြီး
"ဘယ်လိုလုပ်ရမလဲ။ ငါတို့ရနိုင်တဲ့
နောက်ဆုံးအခွင့်အရေးတွေထဲကတစ်ခု
ပါ။ ဘာပဲဖြစ်ဖြစ် ကြိုးစားရမယ်။
ငါတို့မိသားစုရှေ ငါ့အတွက်ပါ"

အဘိုးအိုက အချိန်အတော်ကြာ

ငြိမ်သက်သွားပြီး “မင်းပဲဆုံးဖြတ်ပါ”

ဟုပြောလိုက်သည်။

ထို့နောက် နေရာမှာပင်

ပျောက်ကွယ်သွား၏။

ယန်ယွဲ့ နှင့် ပိုင်ဇီရှန် တို့သာလျှင်

အခန်းထဲတွင်သာ ကျန်ရှိနေခဲ့သည်။

ယန်ယဲ့ သည် ရုတ်တရက်

မျက်လုံးပွင့်လိုက်ပြီး ပိုင်ဇီရှန် ရှေ့တွင်

ပေါ်လာသည်။ တစ်ချိန်တည်းမှာပဲ

ဓားတစ်လက်က ပိုင်ဇီရှန်ကို

ပိုင်းချလိုက်သည်။

သို့သော် သူမက မရှောင်တိမ်းဘဲ

သူ့မျက်လုံးကို မှိတ်ထားကာ

"အန်နန်ကျင်း..."

ဟူ၍ ရေရွတ်လိုက်ပါသည်။

"အန်နန်ကျင်း...."ဟူသော ရေရွတ်သံကို

ကြားသည်နှင့် ယန်ယဲ့၏ခြေဖဝါးက

ရုတ်တရက် ရပ်တန့်သွားသည်။

သူ့ရှေ့ရှိ ပိုင်ဖိုရှန် ကို စိုက်ကြည့်ရင်း

ယန်ယဲ့၏မျက်လုံးအစုံမှ

သွေးမျက်ရည်များ

စီးကျလာတော့သည်။

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၆၇၀ - ဒါက

နင်ကောင်းဖို့အတွက်

ယန်ယဲ့ ငိုကြွေးနေသည်ကို

မြင်လိုက်သဖြင့် ပိုင်ဇီရှန်၏နှလုံးသားက

လှုပ်ခတ်သွားသည်။

သူမ၏နှလုံးသားထဲ၌

အမျိုးအမည်မသိသော

ခံစားချက်တစ်ခုပေါ်လာသည်။

ထိုလူတွင်

ပျော့ပျောင်းသောဖက်ခြမ်းရှိနေမည်ဟုမ

ထင်ထားခဲ့ပေ။

သူမ၏အမြင်အရ ယန်ယဲ့ဟာ

အရှက်ကင်းမဲ့ပြီး

ရက်စက်ကြမ်းကြုတ်လှသည်။

သို့ရာတွင် အများစုထက်

ပိုပြီးရက်စက်သော ထိုလူက

မိန်းမတစ်ယောက်အတွက်နှင့်ငိုကြွေးလိ

မ့်မည်ဟု မထင်ခဲ့မိပါ။

သို့သော် ယန်ယဲ့အတွက်

နာကြင်ဝမ်းနည်းစရာမဟုတ်ပါက

ငိုကြွေးမည်မဟုတ်ပေ။

ဤအခိုက်အတန့်တွင် ပိုင်ဇီရှန်က

အန်နန်ကျင်းကို ရုတ်တရက်

သိချင်လာသည်။

မည်သို့သောမိန်းမမျိုးက
ထိုရက်စက်ကြမ်းကြုတ်သောလူကို
ငိုကြွေးစေနိုင်သနည်း။

ဤအချိန်တွင် ယန်ယဲ့၏ဓားက
ပျောက်ကွယ်သွားသည်။
သူ့ညာလက်ကိုဆန့်ကာ
ပိုင်ဇီရှန်၏မျက်နှာကို ထိလိုက်သည်။

ပိုင်ဇီရှန်က မျက်မှောင်ကြုတ်ပြီး ယန်ယွဲ့ကို တွန်းထုတ်လုနီးပါး ဖြစ်သွားသည်။ သို့သော်လည်း တစ်ခုခုကို တွေးမိသည့်အလား သူမ၏လက်သီးဆုပ်ကို တဖြည်းဖြည်း ဖြေလျှော့လိုက်သည်။

ဤအခိုက်အတန့်တွင် ယန်ယွဲ့ထံမှ အရှူးဆန္ဒ ထွက်ပေါ်နေသေးသည်။ ရက်စက်ကြမ်းကြုတ်သော

အငွေ့အသက်များနှင့်

သတ်ဖြတ်ခြင်းစိတ်ဆန္ဒဟာ

လျော့နည်းသွားခဲ့သည်။

သို့သော် သူ့ပုံစံက လုံးဝကို

အရူးတစ်ယောက်လိုပါ။

ယန်ယွဲ့၏လက်က ပိုင်ဇီရှန်၏ခါးကို

တင်းတင်းကြပ်ကြပ်ပွေ့ဖက်ထားလိုက်သ

ည်။ ဒီအချိန်မှာ ပိုင်ဇီရှန်၏အမူအရာက

အလွန်ဆိုးရွားသွားသည်။ သို့တိုင် ဘာမှ မလုပ်ရဲပေ။

အကြောင်းမှာ အန်နန်ကျင်း မဟုတ်ပါက ယန်ယဲ့ဟာ ချက်ချင်းတိုက်ခိုက်မှာဖြစ်သည်။

ထိုအခါ အရင်ဆုံးအသတ်ခံရမည့်သူက သူမကိုယ်တိုင်ပင်။ ထို့နောက်တွင်

အဖြူရောင်ကေရာဇ်မြို့တော်ရှိ လူတိုင်း

အသတ်ခံရပေမည်။

ယန်ယဲ့၏လက်ရှိခွန်အားကို အခြေခံ၍

ထိုလူရှုးသွားသည်နှင့်

အဖြူရောင်ကေရာဇ်မြို့တော်ဟာ

ကပ်ဘေးကျပြီဖြစ်သည်။

ဘယ်သူမှ မတားနိုင်သော

ကြောက်မက်ဖွယ်ရာ ကပ်ဘေး....။

အချိန်အတော်ကြာသွားပြီးနောက်

ပိုင်ဇိရှန် က အခန်းထဲကနေ

ပြန်ထွက်သွားသည်။

သူမ၏ဘေးနားတွင်

ဝတ်ရုံရှည်ဝတ်ထားသော

အမျိုးသားတစ်ဦးရပ်နေသည်။

ဝတ်ရုံရှည်က ထိုလူ၏အသွင်အပြင်ကို

အပြည့်အဝဖုံးကွယ်ထားကာ

ထူးဆန်းသည့်မျက်နှာဖုံးကို
ဝတ်ဆင်ထားလေသည်။

အခြားလူမဟုတ်ဘဲ ယန်ယဲ့
ပင်ဖြစ်သည်။

ပိုင်ဇိရှန် က ယန်ယဲ့ဖြစ်နေကြောင်းကို
အပြင်ထုတ်မပြရဲပေ။ လက်ရှိအချိန်တွင်
ရှီယွမ်မျိုးနွယ်က ယန်ယဲ့ကို
အသည်းအသန်ရှာဖွေနေ၏။ အကယ်၍

ယန်ယဲ့ သာ

အဖြူရောင်ကေရာဇ်မြို့တော်မှာ

ရှိနေကြောင်းသိသွားပါက

ရှီယွမ်မျိုးနွယ်ဟာ

စစ်ကြေညာပါလိမ့်မည်။ ထို့အပြင်

ရှီယွမ်မျိုးနွယ်တင်မဟုတ်ဘဲ

အခြားသောအင်အားစုများပင်

ပါဝင်လာနိုင်ချေများ၏။

အဓိကအပိုင်းမှာ အင်မော်တယ်အိမ်တော်

ပင်။ သေချာပေါက် ရောက်လာပေမည်။

ယန်ယဲ့က အင်မော်တယ်အိမ်တော်၏

နံပါတ်တစ်အလှတရားကို

သတ်ပစ်လိုက်သောကြောင့်ပါ။

ထိုအချိန်က ပိုင်ဇီရှန် ပင်လျှင် တော်တော်

လေးကို တုန်လှုပ်သွားခဲ့ရသည်။

ထိုယန်ယဲ့က

အင်မော်တယ်အိမ်တော်ကိုပင်

အကြောက်အလန့်မရှိတိုက်ခိုက်ရဲသည်မ
ဟုတ်ပါလား။

ခဏအကြာတွင်တော့ ပိုင်ဇီရှန်က သူမ၏
အတွေးများကို ထိန်းလိုက်ပြီး ယန်ယဲ့ကို
ကြည့်လိုက်သည်။ ယန်ယဲ့ သည်
ပိုင်ဇီရှန်ကို အန်နန်ကျင်း အဖြစ်
မှတ်ယူနေသောကြောင့်
ထွက်မသွားခဲ့ပေ။ ဤအခြေအနေက
ပိုင်ဇီရှန်ကို အကြီးအကျယ်

ခေါင်းကိုက်စေသည်။ သို့သော်လည်း

သူမက ယန်ယဲ့ကို ဒေါသမထွက်ရဲပေ။

ထိုလူသာ ထပ်ပြီး ရှူးသွားပါက ဘယ်သူမှ

မတားနိုင်လို့ပါ။

တစ်နည်းအားဖြင့် သူမအနားတွင်

ယန်ယဲ့ရှိနေတာက

အကောင်းအဆိုးဒွန်တွဲနေသည်။

ပိုင်ဇီရှန်က ခေါင်းယမ်းလိုက်ပြီး
ယန်ယွဲ့၏လက်ကိုဆွဲကာ
မြေအောက်နန်းတော်ထဲသို့
ခေါ်သွားလိုက်သည်။

နန်းတော်အဝင်ဝ၌
အနက်ရောင်ဝတ်စုံဝတ်အမျိုးသားနှစ်
ယောက် ရပ်နေကြသည်။

ထိုနှစ်ယောက်ကို မြင်လိုက်သည်နှင့် ယန်ယွဲ့သည် နေရာမှာပင် ဖျတ်ခနဲ ပျောက်ကွယ်သွားခဲ့သည်။

ပိုင်ဇီရှန်၏အမူအရာက သိသိသာသာ ပြောင်းလဲသွားပြီး အလျင်စလို အော်ဟစ်လိုက်လေသည် "ရပ်လိုက်..."

ဘမ်း... ဘမ်း...

စကားပင်မဆုံးသေး၊

အနက်ရောင်ဝတ်စုံဝတ်အမျိုးသားနှစ်

ယောက်စလုံး လွင့်ထွက်သွားသည်။

ယန်ယဲ့က ထပ်ပြီးတိုက်ခိုက်ရန်

လုပ်နေစဉ် ပိုင်ဇီရှန် က သူ့နံဘေးမှာ

အမြန်ရောက်လာပြီး

လက်ကိုဆုပ်ကိုင်ထားလိုက်သည်။

ထိုအခါမှသာ ယန်ယဲ့ သည် ရပ်တန့်သွားခဲ့သည်။ ဤအချိန်တွင် ယန်ယဲ့ထံမှ ထွက်ပေါ်နေသော အရှူးဆန္ဒနှင့် သေလွန်သူဝိညာဉ်များဟာ သူ့ခန္ဓာကိုယ်ထဲကို ဖြည်းညှင်းစွာ ပြန်ဝင်လာသည်။

ပိုင်ဇီရှန် က သက်ပြင်းချပြီး ဘေးကို လှမ်းကြည့်လိုက်သည်။ အနက်ရောင်ဝတ်စုံဝတ်အမျိုးသားနှစ်ဦး

က အသက်ရှင်နေသေး၏။

သို့သော်လည်း

ဒဏ်ရာပြင်းထန်စွာရခဲ့သည်။

တစ်ယောက်က လက်တစ်ဖက်ပင်

အဖြတ်ခံထားရသည်။

ကံကောင်းထောက်မစွာ ယန်ယဲ့သည်

ဓားနယ်မြေကို ထုတ်မသုံးခဲ့ပေ။

မဟုတ်ပါက နှစ်ယောက်စလုံး

ချက်ချင်းအသတ်ခံရပေမည်။

ပိုင်ဇိရှန်က ယန်ယွဲ့ကို

စိုက်ကြည့်နေသည်။ ထိုအရူးက

အရင်ကထက် အများကြီး

ပိုသန်မာလာခဲ့သည်မဟုတ်ပါလား။

အထူးသဖြင့် ရူးသွပ်သွားပြီးနောက်

(အရူးဆန္ဒ)တွင် သူ၏ ခွန်အားက

အတိတ်ကနှင့်မယှဉ်နိုင်တော့ပေ။

ပိုင်ဇိရှန် က ယန်ယဲ့ကို

လေးလေးနက်နက်အကြည့်ဖြင့်

အကြာကြီး ကြည့်လိုက်ပြီး "ဘယ်သူကိုမှ

ထပ်မသတ်ပါနဲ့။ နားလည်လား"

ယန်ယဲ့က သူမကို ပြန်မဖြေ။

ပိုင်ဇိရှန် က

မျက်မှောင်ကြုတ်လိုက်သည်။

အမှန်တော့ သူမက အခြေအနေကို

ရှင်းရှင်းလင်းလင်း

သဘောပေါက်ထားသည်။

ယန်ယဲ့၏ရှုးနေသောပုံစံကို

ဖြေရှင်းလိုပါက

အထိရောက်ဆုံးနည်းလမ်းမှာ

သူ၏ဓားစိတ်ဆန္ဒနှင့်

သတ်ဖြတ်ခြင်းစိတ်ဆန္ဒကို

ပေါက်ကွဲထွက်လာအောင်လုပ်ဆောင်ရန်

သာ။ မတူညီသော စိတ်ဆန္ဒနှစ်ခုကသာ

အရူးစိတ်ကို ဖိနှိပ်ထားနိုင်ပါက

ယန်ယဲ့ဟာ

လူကောင်းပြန်ဖြစ်ပါလိမ့်မည်။

သို့သော် ပြဿနာမှာ ယန်ယဲ့၏

မတူညီသောစိတ်ဆန္ဒနှစ်ခုက

အရူးစိတ်ကို မယှဉ်နိုင်ပေ။

အဓိကကတော့

သေလွန်သူဝိညာဉ်များက အရှုံးစိတ်ကို

ပိုပြီးမြှင့်တင်ပေးနေလို့ပါ။

ယန်ယဲ့၏

ဖန်ဆင်းရှင်အထွတ်အထိပ်အဆင့်

စိတ်ဆန္ဒနှစ်ခုဟာ အရှုံးစိတ်ကို

လုံးဝမယှဉ်သာပေ။ အစပိုင်းမှာ

အချင်းချင်း တိုက်ခိုက်နေသော်လည်း

နောက်ဆုံးတွင် အရှူးစိတ်ကို
မဖိနှိပ်နိုင်ခဲ့ပါ။

သချာသည်မှာ ဤအချက်ကြောင့်
ယန်ယဲ့က
ရှူးသွပ်သွားခြင်းပင်ဖြစ်လေတော့သည်။

ပိုင်ဇိရှန် က
အနက်ရောင်ဝတ်စုံဝတ်အမျိုးသားနှစ်ဦး

ကို စိုက်ကြည့်ရင်း

"အပြင်ကပဲစောင့်နေကြ..."

နှစ်ယောက်လုံး ရိုသေစွာ ဦးညွှတ်ပြီး

ထွက်သွားကြသည်။

ပိုင်ဇိရှန် က ယန်ယဲ့၏လက်ကိုဆွဲပြီး

နန်းတော်ထဲကို လျှောက်ဝင်သွားသည်။

ခဏအကြာတွင် အခန်းငယ်တစ်ခုရှေ့သို့

ရောက်လာကြသည်။ ပိုင်ဇိရှန်က

သူမ၏လက်ကို မြှောက်၍
တံဆိပ်တစ်ခုကို ဖန်တီးလိုက်သည်။

ဤအချိန်တွင် ယန်ယဲ့က ရုတ်တရက်
မျက်မှောင်ကြုတ်လာသဖြင့် ပိုင်ဇီရှန်
လည်း  ထိတ်လန့်သွားသည်။
သူမ၏လက်ကို အမြန်ချပြီး
ယန်ယဲ့ကိုဆုပ်ကိုင်လိုက်ရာ
တဖြည်းဖြည်း ငြိမ်သက်သွားသည်။

ပိုင်ဇီရှန်က စိတ်သက်သာရာရကာ သူတို့

ရှေ့ကို လှမ်းကြည့်လိုက်သည်။

ဒီအချိန်မှာ သူတို့ရှေ့တွင်

အလင်းတိုင်လုံးကြီးတစ်ခုပေါ်လာသည်။

အလင်းတိုင်လုံးပေါ်၌

ကျောက်စိမ်းသေတ္တာတစ်လုံး ရှိနေ၏ ။

ကျောက်စိမ်းသေတ္တာထဲတွင်

ခရမ်းရောင်တံဆိပ်ပြားနှစ်ခုရှိနေပါသည်

။

ပိုင်ဇိရှန်က

ခရမ်းရောင်တံဆိပ်ပြားနှစ်ခုကို

အချိန်အကြာကြီး စိုက်ကြည့်ကာ

“လုပ်နိုင်မလား သေမလား” ဟု

တိုးတိုးလေး ပြောလိုက်သည်။

ထိုစကားပြောပြီးသည်နှင့်

ခရမ်းရောင်တံဆိပ်ပြားနှစ်ခုကို ယူကာ

ပြန်ထွက်လာကြသည်။ သို့သော်လည်း

ယန်ယဲ့ သည် ရုတ်တရက်

နောက်လှည့်ကြည့်ရာ သူ၏ဓားကို

ဝှေ့ယမ်းလိုက်လေသည်။

ဘမ်း...

အခန်းထဲမှာ ပေါက်ကွဲသံတစ်ခု

ထွက်ပေါ်လာပြီးနောက်

အခန်းထောင့်တွင် အနက်ရောင်

အရိပ်တစ်ခု ပေါ်လာသည်။

ဤမြင်ကွင်းအား မြင်သောအခါ

ပိုင်ဇိရှန်၏အမူအရာက

သိသိသာသာပင်ပြောင်းသွားသည်။

ဤနေရာတွင် တစ်စုံတစ်ယောက် ရှိနေဖို့

မမျှော်လင့်ထားပေ။

ယန်ယဲ့က

ထပ်ပြီးတိုက်ခိုက်ရန်ပြင်လိုက်သော်လ

ည်း ပိုင်ဇိရှန် က

ခဏတားထားလိုက်သည်။ ထို့နောက်

အနက်ရောင်အရိပ်ကို စိုက်ကြည့်ကာ

"နင်က ဘယ်သူလဲ"

အနက်ရောင်အရိပ် က

ဂရုမစိုက်သည့်လေသံဖြင့် ပြန်ပြောသည်

“ကေရီအဖြူ၊ ငါ့ဆရာက အဲဒီ

ထာဝရတံဆိပ်ပြား နှစ်ခုကို

လိုချင်နေတာ။ မင်းငါ့ကို

ပေးဖို့ဆန္ဒရှိသလားလို့ ငါမေးချင်တယ်"

ထာဝရတံဆိပ်တော် တွေလား

ပိုင်ဇိရှန်၏ မျက်လုံးများသည်

အနည်းငယ် ကျဉ်းမြောင်းသွားသည်။

ဤအချိန်တွင် ယန်ယဲ့က

အနက်ရောင်အရိပ်၏အထက်၌

ရုတ်တရက်ပေါ်လာသည်။ ထို့နောက်

သူ၏ဓားကို လက်နှစ်ဖက်ဖြင့်

ဆုပ်ကိုင်လျက် ခုတ်ချလိုက်တော့သည်။

အနန္တစားနယ်မြေ...

အနက်ရောင်ဝတ်လူ၏ မျက်လုံးများ
ပြူးကျယ်သွားကာ “ဒါက စားနယ်မြေပဲ။
မင်းက ယန်ယွဲ့ ။ မဖြစ်နိုင်ဘူး...”

သူ့စကားပင်မဆုံးသေးပါ၊
ယန်ယွဲ့၏စားက အနက်ရောင်ဝတ်လူကို
ခုတ်ချလိုက်ပါတော့သည်။

သို့သော် အနက်ရောင်ဝတ်လူက ပျောက်ကွယ်သွား၏။ မြေပြင်ပေါ်တွင် အနက်ရောင်အဝတ်အစားများသာ ကျန်ရှိနေခဲ့သည်။

ဤအချိန်တွင် အခန်းတံခါးဝမှ ပေါက်ကွဲသံတစ်ချက် ထွက်ပေါ်လာပြီးနောက် ပုံရိပ်တစ်ခုက အခန်းထဲသို့ ပြန်လွင့်လာသည်။

ပိုင်ဇိုရှန် က အနက်ရောင်ဝတ်လူကို

အေးစက်စွာ စိုက်ကြည့်နေသည်။

စကားပြောရန်ပြင်နေစဉ်

အလင်းတန်းတစ်ခု လင်းလက်လာပြီး

အနက်ရောင်ဝတ်လူအား

နှစ်ပိုင်းခွဲပစ်လိုက်သည်။

အနက်ရောင်ဝတ်လူဟာ
တုံ့ပြန်နိုင်စွမ်းမရှိခဲ့ပေ။ တစ်ခါတည်း
အသတ်ခံလိုက်ရသည်။

ပိုင်ဇီရှန် ကတော့ စကားမပြောနိုင်အောင်
ဖြစ်သွားသည်။

ဤအချိန်တွင် မရေမတွက်နိုင်သော
သေလွန်သူဝိညာဉ်များ ပေါ်လာပြီး

အနက်ရောင်ဝတ်လူ၏ အလောင်းပေါ်ကို
ခုန်ဆင်းသွားသည်။

သေလွန်သူဝိညာဉ်များက
အနက်ရောင်ဝတ်လူ ထံမှ
နာကြည်းမုန်းတီးမှုကို ဝါးမျိုနေတာပါ။

ဤမြင်ကွင်းကို ကြည့်နေရင်း ပိုင်ဇိုရှန်၏
မျက်လုံးထဲမှ
အကြောက်တရားများပေါ်လာသည်။

ခဏအကြာတွင် ယန်ယဲ့က

သေလွန်သူဝိညာဉ်များကို ပြန်သိမ်းကာ

ပိုင်ဇီရှန်ကိုလှည့်ကြည့်ရင်း မျက်မှောင်

ကြုတ်သွားသည်။ ပိုင်ဇီရှန်က

ယန်ယဲ့၏လက်ကိုအမြန်ဆုပ်ကိုင်လိုက်

သည်။ ထိုအခါမှသာ

ယန်ယဲ့၏မျက်နှာကပြေလျော့သွားသည်

။

ပိုင်ဇိရှန် က ယန်ယဲ့ကို စိုက်ကြည့်ရင်း

"သွားရအောင်"

ထို့နောက် ယန်ယဲ့၏လက်ကိုဆွဲကာ

အခန်းထဲကနေ ပြန်ထွက်လာကြသည်။

အဖြူရောင်ကေရာဇ်ခန်းမ ....။

ခန်းမထဲကို ဝင်လာသည်နှင့်တပြိုင်နက်

ပိုင်ဇိရှန် သည် ချက်ချင်း

မျက်နှာပျက်သွားသည်။

ခန်းမထဲ၌ လူငယ်တစ်ယောက်

ထိုင်နေ၏။

လူငယ်က "ဇိရှန်၊ မင်းပြန်လာပြီလား"

ပိုင်ဇိရှန် က မျက်မှောင်ကြုတ်ကာ

"နန်လီရှန်း၊ နင်ဒီမှာ ဘာလုပ်နေတာလဲ"

ထိုလူငယ်က ပြုံးပြီး

“ထာဝရလူ့ဂျို့ဝှက်နယ်မြေက မကြာခင်မှာ

ဖွင့်လှစ်တော့မယ်။ မင်းလည်း

သွားတော့မှာမဟုတ်လား။ ဒီတော့

ငါနဲ့အတူလိုက်ခဲ့ဖို့ ဖိတ်ခေါ်ချင်တယ်"

ပိုင်ဇိရှန်က "ကျေးဇူးတင်ပါတယ်၊

ဒါပေမဲ့ အဲဒါက မလိုအပ်ပါဘူး" ဟု

လစ်လျူရှုကာ ပြန်ပြောလိုက်သည်။

နန်လီရှန်း က အနည်းငယ်
အံ့အားသင့်သွားပြီး “ဇိရှန်၊ ငါတို့
အတူတူရှိနေရင် အချင်းချင်း
ကူညီနိုင်မှာပါ။
မင်းလည်းအဲ့လိုမထင်ဘူးလား"

ပိုင်ဇိရှန် က “မလိုအပ်ပါဘူး။
ကျေးဇူးပြုပြီး ထွက်သွားပါ၊
ငါအနားယူချင်တယ်"

နန်လီရှန်းက တဟားဟား ရယ်မောရင်း

"ဇီရှန်၊ အပြုအမူတွေက ဘာလို့

ဒီလောက်အေးစက်နေရတာလဲ ။

ငါ့နောက်ခံရှိလို့ မင်းအတွက်

အဆင်ပြေမှာပါ။ အခုအချိန်မှာ

တခြားအင်အားစုတွေက အဖြူရောင်

ကေရာဇ်မြို့တော်ကို

မျက်စိဒေါက်ထောက်ကြည့်နေတာ

မင်းလည်းသိမှာသေချာတယ်။

တကယ်လို့ ထာဝရလျှို့ဝှက်နယ်မြေမှာ

မင်းတစ်ခုခုဖြစ်ခဲ့ရင်

အဖြူရောင်ကေရာဇ်မြို့တော် က

ဘာဖြစ်မယ်ထင်လဲ…”

ပိုင်ဇီရှန် က နန်လီရှန်းကို

တစ်ချက်ကြည့်လိုက်ပြီး

“သတိပေးတဲ့အတွက်

ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့

ကံတရားက ဆုံးဖြတ်ပေးလိမ့်မယ်။ ငါ

တစ်ခုခုဖြစ်သွားရင် အဲဒါ ငါ့ရဲ့

ကံကြမ္မာပဲ၊ အဲဒါအတွက် ဘယ်သူ့ကိုမှ

အပြစ်ပြောလို့ မရဘူး”

နန်လီရှန်းက ပိုင်ဇီရှန်ကို

အချိန်အကြာကြီး စိုက်ကြည့်ပြီးနောက်

ရုတ်တရက် ရယ်မောလိုက်ပြီး

"ကောင်းပြီ၊ မင်းက ငြင်းပယ်နေမှတော့

ငါ ဘာမှ ထပ်မပြောတော့ဘူး၊ မဟုတ်ရင်

မင်း စိတ်ဆိုးသွားလိမ့်မယ်"

သူက ခဏရပ်ပြီး "ဇီရှန်၊ ငါ့အသိအရ
မင်းမှာ ထာဝရတံဆိပ်တော်
နှစ်ခုရှိတယ်လို့ကြားတယ်။
မင်းငါ့ကိုတစ်ခုပေးလို့ရမလား"

ပိုင်ဇီရှန်၏မျက်လုံးများသည်
အနည်းငယ် ကျဉ်းမြောင်းသွားကာ
"နန်လီရှန်း၊ ဒါက နင်ဒီကိုရောက်လာတဲ့
အကြောင်းရင်းအမှန်ပဲ မဟုတ်လား"

"ကိစ္စမရှိပါဘူး" နန်လီရှန်းက ပြုံးပြီး

"ဇီရှန်၊

ရိုးရိုးသားသားပြောကြည့်ရအောင်။

မင်းလက်ထဲမှာရှိတဲ့ ထာဝရတံဆိပ်တော်

နှစ်ခုထဲက တစ်ခုကိုပေးပါ။

ငါ့နန်လီမျိုးနွယ်က မူလတာအိုသခင် ၃

ပါးပို့လိမ့်မယ်။ အဲဒီအချိန်မှာ မင်းက

ဘာမှမဖြစ်နိုင်တော့ဘူးလေ။ မင်းကို

ထာဝရလျှို့ဝှက်နယ်မြေကနေ

ပြန်ထွက်သွားမယ့်အချိန်ထိ ကာကွယ်ပေးမှာပါ။ အဆင်ပြေရဲ့လား"

ပိုင်ဇီရှန် က "ငါပြင်းရင် ဘယ်လိုလုပ်မလဲ။"

နန်လီရှန်း၏ အပြုံးက တဖြည်းဖြည်း ပျောက်ကွယ်သွားပြီး "ထာဝရလျှို့ဝှက်နယ်မြေထဲမှာ ဘာမဆို

ဖြစ်နိုင်ပါတယ်။

မင်းလည်းအဲ့လိုမထင်ဘူးလား"

ဤအချိန်တွင် ယန်ယဲ့က ရှေ့ကို ခြေတစ်လှမ်းတိုးလာသည်။ ပိုင်ဇီရှန် က သူ့လက်ကို အမြန်ဆွဲကိုင်လိုက်ပြီး နန်လီရှန်းကို စိုက်ကြည့်ကာ "ထွက်သွား။ အခုချက်ချင်းထွက်သွားတော့..."

နန်လီရှန်း က မျက်မှောင်ကြုတ်ကာ
“ဒါက ဘာအဓိပ္ပာယ်လဲ”

ပိုင်ဇီရှန်က ယန်ယွဲ့၏လက်ကို
အတင်းဆုပ်ကိုင်ထားပြီး "နန်လီရှန်း၊
နင်မသေချင်ရင်
အခုချက်ချင်းထွက်သွားလိုက်ပါ"

ဒီအချိန်မှာ ယန်ယွဲ့ကို
မနည်းထိန်းထားနေရသည်။

နန်လီရှန်း၏ မျက်လုံးထဲမှ

အေးစက်သော အလင်းရောင်တစ်ခု

တောက်ပလာကာ "ပိုင်ဇီရှန်၊ မင်း..."

“ထွက်သွားစမ်း...” ပိုင်ဇီရှန် က

ဒေါသတကြီးအော်ငေါက်လိုက်သည်

"ဒါက နင့်အတွက်ပြောနေတာပဲ"

နန်လီရှန်း၏မျက်နှာက

အလွန်အုံ့မှိုင်းနေပြီး “ငါငြင်းတယ်။

မင်းငါ့ကိုဘာလုပ်နိုင်မလဲ

ကြည့်ရအောင်"

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး:

# အပိုင်း ၂၆၇၁ -  စိတ်ခံစားမှုတွေက ကျရှုံးစေတယ်

ဤအခိုက်အတန့်တွင် ပိုင်ဇီရှန်က အတော်လေးဒေါသထွက်နေခဲ့သည်။

နန်လီရှန်းက နန်လီမျိုးနွယ်၏မူလတာအိုသခင်ဖြစ်သည်။ ဤနေရာတွင် အသတ်ခံရပါက အဖြူရောင်ကေရာဇ်မြို့တော်ဟာ

တာဝန်ကို

ခေါင်းရှောင်သွားနိုင်မည်မဟုတ်ပေ။

ထို့နောက် အင်အားစုနှစ်ခုကြားရှိ

နောက်ဆုံးလက်ကျန်

ခင်မင်ရင်းနှီးသောဆက်ဆံရေးဟာ

ပျက်စီးကာ ရန်သူများဖြစ်လာပေမည်။

နန်လီရှန်းက သူပြောသည့်အတိုင်းပင်

ထွက်မသွားခဲ့ပေ။ သူက ပိုင်ဇီရှန် ကို

အေးစက်စက်စိုက်ကြည့်နေသည်။

ဤအချိန်တွင် ပိုင်ဇီရှန်က
ယန်ယဲ့၏လက်ကို
အတင်းအကြပ်ဆုပ်ထားလေသည်။

နန်းလီရှန်းက သတိထားမိလိုက်ရာ
သူ၏မျက်လုံးများသည်
ချက်ချင်းအေးစက်သွားသည်။
သူ့အကြည့်များက ရန်လိုမှုများ
ပေါ်လာသည်။

နန်လီရှန်း၏

ရန်လိုသောအမူအရာကြောင့် ယန်ယဲ့ဟာ

ပိုင်ဇီရှန်၏လက်ကိုတွန်းဖယ်လိုက်သည်။

တစ်ချိန်တည်းမှာပဲ အနက်ရောင်ဓားကြီး

တစ်ချောင်းက

နန်လီရှန်း၏ခေါင်းကိုခုတ်ချလိုက်သည်။

ယန်ယဲ့၏

ရုတ်တရက်တိုက်ခိုက်မှုကြောင့်

နန်းလီရှန်း လည်း အံ့အားသင့်သွားသည်!

ပိုင်ဇီရှန်၏ နံဘေးက

အနက်ရောင်ဝတ်လူဟာ

သူ့အားတိုက်ခိုက်ရဲမည်ဟု

မထင်ထားပေ။ အခိုကကတော့ ထိုလူက

အလွန်ကြောက်စရာကောင်းလှသည်။

ယန်ယဲ့၏ဓားချက်

ကျဆင်းလာသောအခါ

နန်လီရှန်း၏ဆံပင်များ

အဆုံးမဲ့ထောင်မတ်နေခဲ့သည်။

ဘမ်း...

နန်းလီရှန်း ထံမှ

မူလတာအိုအဆင့်အော်ရာ

ပေါက်ကွဲထွက်လာသည်။ သို့သော်လည်း

ဓားမှ သယ်ဆောင်လာသော အရှူးဆန္ဒက ချက်ချင်းပင် ချေမှုန်းပစ်လိုက်သည်။

ဆူး…

ယန်ယဲ့၏ဓားက ကျဆင်းသွားပြီး နန်လီရှန်း၏ ခန္ဓာကိုယ်ကို ချက်ချင်း နှစ်ခြမ်းခွဲပစ်လိုက်သည်။ ဤအချိန်တွင် သူ၏ မူလဝိညာဉ်က ခန်းမထဲကနေ ပြေးထွက်သွားသည်။

သို့သော် ထွက်ပေါက်ကို ရောက်တဲ့အခါ
လက်တစ်ဖက်က သူ၏လည်ချောင်းကို
ဆုပ်ကိုင်ထားလိုက်သည်။

ယန်ယဲ့ တော့မဟုတ်ပေ၊
ပိုင်ဇီရှန်၏လက်ပါ။

နန့်လီရှန်းက ပိုင်ဇီရှန်
ကိုစိုက်ကြည့်နေတယ်

"မင်းငါ့ကိုသတ်ရင် နန်လီမျိုးနွယ်က

အဖြူရောင်ကောရာဇ်မြို့တော်ကို

အသက်ရှင်ခွင့်ပေးမှာမဟုတ်ဘူး။

အဖြူရောင်ကောရာဇ်မြို့တော်ရဲ့

လက်ရှိအခြေအနေတွေကို မင်းသိမှာ

သေချာပါတယ်”

ပိုင်ဇီရှန် က ဂရုမစိုက်ဘဲ “ငါ နင့်ကို

အမြန်ထွက်သွားဖို့ ပြောတယ်။

ကံမကောင်းစွာပဲ၊ နင်ငြင်းဆန်ခဲ့တာလေ။

ဒီလိုဆိုမှတော့ သေလိုက်...."

ခလွပ်...

စကားပြောပြီးသည်နှင့်

သူမ၏လက်ကိုအနည်းငယ်အားစိုက်ညှစ်

လိုက်ရာ နန်လီရှန်း၏မူလဝိညာဉ်က

အပိုင်းပိုင်း ကွဲအက်သွားသည်။

ဤအချိန်တွင် မရေမတွက်နိုင်သော

သေလွန်သူဝိညာဉ်များ ပေါ်လာပြီး

နန်လီရှန်း၏

မူလဝိညာဉ်ကိုဝါးမျိုကြသည်။

ပိုင်ဇီရှန် က ယန်ယဲ့ကိုစိုက်ကြည့်ကာ

ခဏကြာအောင် ငြိမ်သက်သွားသည်။

ဤအချိန်တွင် သူမ၏စိတ်ထဲ၌

အမှားလုပ်မိသွားသည်ဟု ခံစားမိသည်။

ယန်ယဲ့ကို အနားခေါ်ထားလိုက်တာက

မှန်ကန်သောလုပ်ရပ်ပင်လား။
မည်သို့ပင်ဖြစ်စေ
သူမ၏ဆုံးဖြတ်ချက်အတွက်
နောင်တရဖို့ နောက်ကျသွားပြီဖြစ်သည်။

ယန်ယဲ့က ရှူးသွပ်နေသဖြင့် သူမကို
အန်နန်ကျင်း ဟုထင်နေတာပါ။
အကယ်၍ အန်နန်ကျင်း
မဟုတ်မှန်းသာသိသွားပါက
သေချာပေါက်အသတ်ခံရပေမည်။

အန်နန်ကျင်း က ယန်ယဲ့ကို

အန္တရာယ်ဖြစ်စေမည့် ဘယ်အရာမှ

မလုပ်ဆောင်ခဲ့ပါ။

ထို့ကြောင့် ပိုင်ဇိရှန်လည်း ဒီအချိန်မှာ

ဘာမှမလုပ်နိုင်ခဲ့ပေ။

ပိုင်ဇိရှန်က ခေါင်းယမ်းပြီး

"သွားရအောင်"

စကားပြောပြီးနောက် ယန်ယဲ့ကို
လက်ဆွဲကာ ခန်းမထဲကနေ
ခေါ်ထုတ်သွားသည် ။

ခဏအကြာတွင် သူတို့နှစ်ယောက်ဟာ
မြို့ထဲမှထွက်လာကြသည်၊
အဆုံးမဲ့ကြယ်တာရာကောင်းကင်ထဲသို့
ရောက်လာခဲ့ကြ၏။

ထာဝရလျှို့ဝှက်နယ်မြေသည်

နောက်တစ်လကြာမှသာ

ဖွင့်လှစ်မည်ဖြစ်သည်။

ယန်ယဲ့အား

အဖြူရောင်ဧကရာဇ်မြို့တော်တွင်

ထိုအချိန်အထိ နေခွင့်မပြုရဲပေ။

လက်ရှိယန်ယဲ့က လုံးဝကို

မတည်မငြိမ်ဖြစ်နေတာပါ။

အနည်းငယ်သော အမှားက

အဖြူရောင်ကျောက်မြို့တော်တစ်ခုလုံး

အစုလိုက်အပြုံလိုက်

သတ်ဖြတ်ခံရနိုင်လေသည်။

တစ်နည်းအားဖြင့် ယခုလက်ရှိတွင်

ယန်ယဲ့ သည် လူစုလူဝေးနှင့်

ခပ်ဝေးဝေးမှာသာနေရပေမည်။

...

စားအပျက်အစီးနယ်မြေ.... ။

စားဝိညာဉ်က ဦးဆောင်၍

အခြားလူများကို

စားအပျက်အစီးနယ်မြေဆီသို့

ခေါ်လာခဲ့သည်။

စားအစောင့်အရှောက်က စုချင်းရှိ နှင့်

စားစာလိပ် ကြောင့် အခြားလူများကို

မငြင်းဆန်ခဲ့ပေ။

အုတ်ဂူဟောင်းတစ်လုံးရှေ့တွင်

ပိတ်ချောဝတ်စုံဝတ် အမျိုးသမီးတစ်ဦး

တင်ပျဉ်ခွေထိုင်နေ၏။

ဓားစာလိပ်က နှင်းပွင့်လေးကို သူမဆီ

ခေါ်ဆောင်သွားသည်။

တိတ်ဆိတ်နေရာမှ "ငါ ဒီနေရာက

မထွက်သွားဘူး" ဟု ပြောရင်း

ပိတ်ချောဝတ်စုံဝတ်အမျိုးသမီးက

မျက်လုံးများကို မှိတ်ထားခဲ့သည်။

ဓားစာလိပ်က ခဏမျှ တုံ့ဆိုင်းသွားပြီး

“ကျေးဇူးပြုပြီး

ထွက်သွားဖို့တောင်းဆိုပါတယ်။ သူ့ကို

တိုက်ရိုက်ဖိနှိပ်နိုင်တာဆိုလို့နင်တစ်ယော

က်ပဲရှိတာ။ တကယ်လို့ နင် သူ့ကို

မကူညီရင် ဒီအတိုင်း ဆက်သွားတာက

သူ့အတွက်

အရမ်းအန္တရာယ်များလိမ့်မယ်"

အမျိုးသမီးက ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်ပြီး

“ဓားစာလိပ်၊ ငါ့ကိုဘာလို့

အတင်းအကြပ်လုပ်ခိုင်းနေတာလဲ"

ဓားစာလိပ်က

အချိန်တော်တော်ကြာတိတ်ဆိတ်သွားပြီး

မှ အမျိုးသမီးကို ကြည့်ကာ "ကျန်းယွဲ့၊

နင်သွားဖို့ ငါအကြံပေးတယ်"

ကျန်းယွဲ့ဟူသောအမျိုးသမီးက ဓားစာလိပ် ကို စိုက်ကြည့်နေသည်။ "နင်ငါ့ကို ခြိမ်းခြောက်နေတာလား"

ဓားစာလိပ်က နှင်းပွင့်ကို လက်ညှိုးထိုးပြပြီး "သူမကို သေချာကြည့်။ သေချာကြည့်လိုက်…”

တစ်ဖက်မှာတော့ နှင်းပွင့်လေးက

ဓားစာလိပ်၏အပြုအမူကြောင့်

အံ့အားသင့်နေခဲ့သည်။

ကျန်းယွဲ့က နှင်းပွင့်ကို

တစ်ချက်ကြည့်လိုက်ပြီး "ငါသိပါတယ်၊

သူမက ဝိညာဉ်အင်ပါယာ ပါ"

ဓားစာလိပ်က "သေချာကြည့်ပါ"

ကျန်းယွဲ့က အနည်းငယ်
မျက်မှောင်ကြုတ်ပြီး နှင်းပွင့်ကို
စိုက်ကြည့်ပြန်သည်။ ဒီတစ်ခါမှာ
သူမ၏အကြည့်များက
နှင်းပွင့်၏မျက်လုံးသေးသေးလေးများ
ဆီကျရောက်လာသည်။ ထိုအခါ
နှင်းပွင့်၏မျက်လုံးသေးသေးလေးများမှ
ခရမ်းနက်ရောင်စွမ်းအင်ကြိုးများကို
သတိထားမိသွားခဲ့သည်။ ထို့နောက်

အစက ဂရုမစိုက်သော

ကျန်းယွဲ့၏အမူအရာက

ပထမဆုံးအကြိမ် ပြောင်းလဲသွားသည်။

သူမ၏မျက်လုံးထဲ၌

မယုံကြည်နိုင်ဟန်များ ပေါ်လာကာ “ဒါက

ဘယ်လိုဖြစ်ရတာလဲ။ ဒါမဖြစ်နိုင်ဘူး"

ဓားစာလိပ်က  အသက်ပြင်းပြင်းရှူရင်း

“ဒါက အမှန်ပဲ။ ကျန်းယွဲ့၊

နင့်ရဲ့ကျန်းကလန်က အဲဒီဓားကို

မျိုးဆက်ပေါင်းများစွာအထိ

တလေးတစားနဲ့စောင့်ကြပ်ပေးခဲ့တယ်။

အခု နင်မသွားရင် ဒီအကောင်လေး

ဆန္ဒရှိသရွေ့ ကျန်းမျိုးနွယ်ရဲ့

မရေမတွက်နိုင်တဲ့ကံကြမ္မာတွေ

အကုန်ပျောက်ကွယ်သွားနိုင်တယ်”

ကျန်းယွဲ့က ဖြည်းညှင်းစွာထရပ်လိုက်ပြီး

နှင်းပွင့် ဆီသို့ လျှောက်သွားကာ

"ကတိတစ်ခုပေးပါ"

နှင်းပွင့်က မျက်တောင်ခတ်ပြီး

ဓားစာလိပ်ကို စိုက်ကြည့်နေသည်။

ဓားစာလိပ် က

ခပ်တိုးတိုးပြောလိုက်သည် " သူမက

ယန်ယွဲ့ကိုကူညီရင် နင်က နောင်မှာ သူ့ကို

ကူညီဖို့ ဆန္ဒရှိသလား "

နှင်းပွင့်လေးက ကမန်းကတန်း

ခေါင်းညိတ်လိုက်သည်။

ကျန်းယွဲ့က အသံတိုးတိုးဖြင့်

ပြောလိုက်သည် "ကျေးဇူးတင်ပါတယ်"

ထိုစကားပြောပြီးသည်နှင့်

ရောမဓားရှည်ကြီးကို ကျောပေါ်တင်

ထမ်းပိုးကာ ထွက်ခွာသွားခဲ့သည်။

ဤအချိန်တွင် ဓားစာလိပ်က

ရုတ်တရက်ပြောလိုက်သည် "သူမ

တည်ရှိနေတာကို ထုတ်ဖော်မပြမိစေနဲ့။

ငါတို့မှာ သူမကို ကာကွယ်ဖို့

ခွန်အားမရှိဘူး။ သတင်းပြန့်သွားရင်

သူမက အသက်ရှင်နိုင်ပေမယ့်

ငါတို့အကုန်သေလိမ့်မယ်”

ကျန်းယွဲ့က စကားတစ်ခွန်းမှ
ပြန်မပြောဘဲ အဝေးဆီသို့
ပျောက်ကွယ်သွားခဲ့သည်။

ဤခေတ်၏ စားတာအိုအုပ်ထိန်းသူ က
စားအပျက်အစီးနယ်မြေကနေ
ထွက်သွားခဲ့ပြီဖြစ်သည်။

နှင်းပွင့်က ကျန်းယွဲ့
ထွက်သွားသောလမ်းကြောင်းကို

ငေးကြည့်နေပြီး မျက်နှာလေး
မှိုန်ကျသွားသည်။

ဓားစာလိပ်က နှင်းပွင့်ကို စိုက်ကြည့်ရင်း
"အဆင်ပြေပါတယ်။ သူမက
အရမ်းသန်မာတယ်"

နှင်းပွင့်လေးက ဓားစာလိပ်ကို
တစ်ချက်ကြည့်လိုက်ပြီးနောက်
အနည်းငယ် ခေါင်းညိတ်သည်။ ထို့နောက်

ခဏကမျှ တုံ့ဆိုင်းသွားပြီး
သူမလက်သည်းများကိုမြှောက်ကာ
ဓားအပျက်အစီးနယ်မြေ၏
အနက်ပိုင်းဆီသို့ ညွှန်ပြလိုက်သည်။

ဓားစာလိပ်က တိုးတိုးလေးပြောခဲ့သည်
“နင် အဲဒါကို ခံစားမိသလား”

နှင်းပွင့်က ခေါင်းညိတ်လိုက်သည်။

ဓားစာလိပ် က  “အခုချက်ချင်း အပြင်ကိုထုတ်လာလို့မရဘူး၊ ဒါမှမဟုတ်ရင် အကုန် ပရမ်းပတာ ဖြစ်လိမ့်မယ်” ဟု ရှင်းပြပါသည်။

နှင်းပွင့်က သူမ၏ မျက်နှာပေါ်တွင် လေးနက်သော အမူအရာများပေါ်လာကာ လက်သည်းများကို ဝှေ့ယမ်းလိုက်သည်။

ဓားစာလိပ်က နှင်းပွင့် ထံ

လျှောက်သွားကာ ပြုံးလျက် "အဲဒါက

အရမ်းအစွမ်းထက်တယ်ဆိုတာ

ငါသိပါတယ်။ ဒါက

အရမ်းအန္တရာယ်များတယ်ဆိုတာလည်း

သိပါတယ်။ ဒါပေမဲ့

နင်ကြောက်စရာမလိုပါဘူး။

ဘာလို့လဲဆိုတော့ အဲဒီအရာကပဲ

နင့်ကိုကြောက်လိမ့်မယ်"

နှင်းပွင့်က

မျက်တောင်ပုတ်ခတ်ပုတ်ခတ်လုပ်နေသ

ည်။ တော်တော် အံ့သြသွားပုံပါ။

နောက်ဆုံးတွင် သူမလေးက

တိုက်ခိုက်ရေးစွမ်းအား

သိပ်မကောင်းလှပေ။

ဓားစာလိပ်က ကောင်းကင်ကို

မော့ကြည့်ကာ သူမ၏ နှလုံးသားထဲတွင်

တိုးတိုးလေးပြောခဲ့သည်။

"ယန်ယဲ့ရဲ့ဘဝမှာ

အကြီးမားဆုံးကံကြမ္မာက နင့်ကို

ကယ်တင်လိုက်တာပဲ။ ဟုတ်ပါတယ်၊

ဒါဟာ

သူ့ရဲ့အကြီးမားဆုံးဒုက္ခလည်းဖြစ်နိုင်ပါ

တယ်။ ဘာလို့လဲ ဆိုတော့ အားလုံးက

နင့်ကိုလိုချင်နေတာ။ တခြားသူတွေကို

မပြောနဲ့၊ ငါတောင် သူ့ကိုသတ်ပြီး

လုယူချင်မိတယ်"

မှန်သည်၊ နှင်းပွင့်က ဝိညာဉ်ဖန်ဆင်းရှင်

ဖြစ်လာမည်ကို သိလိုက်သည်နှင့်

ဓားစာလိပ်က

ယန်ယွဲ့ကိုသတ်ပစ်ရန်ပင်စဉ်းစားမိလိုက်

သည်။

...

အဆုံးမဲ့ကြယ်တာရာကောင်းကင်ပြင်ထ

က်၌ ယန်ယဲ့နှင့် ပိုင်ဇီရှန်

တို့နှစ်ယောက်ဟာ

မရပ်မနားပျံသန်းနေကြသည်။

သို့သော် ရုတ်တရက်

ရပ်တန့်သွားကြသည်။ သူတို့ရှေ့တွင်

ရှေးဟောင်းမြို့ကြီးတစ်မြို့ကို

မြင်လိုက်ရသောကြောင့်ပင်။

မြို့က အာကာသထဲတွင်
လွင့်မျောနေခဲ့သည်။ တော်တော့်ကို
ရွေးကျပြီး ပြိုပျက်နေခဲ့သည်။
သေချာသည်မှာ မြို့က
ဖျက်ဆီးခံထားရတာပါ။

ပိုင်ဇီရှန် က ယန်ယဲ့ကို
တစ်ချက်ကြည့်ကာ တုံ့ဆိုင်းနေပြီး
သူ့လက်ကို ကိုင်လိုက်သည်။ သူ့လက်ကို

ဆုပ်ကိုင်လိုက်တိုင်း ယန်ယဲ့၏

အရှုးစိတ်က ငြိမ်သက်သွားသည်ကို

သတိပြုမိခဲ့သည်။

ထို့နောက်တွင်တော့

ယန်ယဲ့၏လက်ကိုဆုပ်ကိုင်ထားရင်း

ရှေးဟောင်းမြို့ပျက်ဆီသို့

လျှောက်လာကြသည်။

ထာဝရအင်မော်တယ်မြို့တော်.... ။

မြို့အဝင်ရှိ

နာမည်ကိုတစ်ချက်ကြည့်လိုက်ပြီးနောက်

နှစ်ယောက်သား

မြို့ထဲကိုဝင်လာကြသည်။ တစ်မြို့လုံး

တိတ်ဆိတ်ငြိမ်သက်နေ၏။

ပိုင်ဇီရှန် က ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်ပြီးနောက်

ပျက်စီးနေသော ခန်းမတစ်ခုဆီသို့

လျှောက်ဝင်သွားခဲ့သည်။ ထို့နောက်
တင်ပျဉ်ခွေထိုင်ချလိုက်၏။ ယန်ယဲ့က
မထိုင်သေးဘဲ နံဘေးတွင် ရပ်နေသည်။

ပိုင်ဇီရှန်က ယန်ယဲ့ကို
မော့ကြည့်လိုက်သည်။
မသိသောအကြောင်းတစ်ခုကြောင့်
သူမအတွက်လုံခြုံသည်ဟု
ခံစားမိခဲ့သည်။

ယန်ယဲ့နှင့်အတူရှိနေသောကြောင့်
ဘာအန္တရာယ်မှ မရှိနိုင်ဟူသော
ခံစားချက်ပါ။

ယန်ယဲ့နှင့် ရန်သူဖြစ်နေတုန်းက ထိုလူ၏
ရက်စက်သောသဘောထားကို
မြင်တွေ့ခဲ့ရသည်။ ယန်ယဲ့က သူမလို
ချောမောလှပသော မျက်နှာလေးကို
နှမြောတသမည့်သူမဟုတ်ပေ။ ထို့အပြင်
သူသာ ဆန္ဒရှိပါက အနည်းငယ်မျှ

မတို့ဆိုင်းဘဲ နတ်ဘုရားမတစ်ပါးကိုပင်

သတ်ပစ်ပေလိမ့်မည်။

အင်မော်တယ်အိမ်တော်၏

နံပါတ်တစ်အလှတရား ဇီသာမိန်းမပျိုက

အကောင်းဆုံး ဥပမာဖြစ်သည်။

သို့သော် ယန်ယွဲ့နှင့်ရန်သူမဟုတ်ပါက

လုံးဝကို

စိတ်ချလက်ချယုံကြည်ထိုက်သူဖြစ်

ကြောင်း ရုတ်တရက် သိလိုက်ရသည်။

ကံမကောင်းစွာပဲ၊ ယန်ယဲ့သည်
စိတ်ခံစားမှုနှင့် သစ္စာတရားကို
အလွန်အလေးပေးခဲ့သည်။ သူ့လုပ်ရပ်က
အစွန်းရောက်လွန်းသည်။

ထိုစိတ်ခံစားမှုများက နောက်ဆုံးတွင်
သူ့အား ရှုံးသွပ်သွားစေခဲ့သည်။

ဤအချိန်တွင် ခန်းမအပြင်ဖက်မှ

ခြေသံများ

ရုတ်တရက်ထွက်ပေါ်လာသည်။

ပိုင်ဇီရှန်က ခန်းမအပြင်ဖက်ကို

လှမ်းကြည့်လိုက်သည်။ ထိုအခါ

သူမ၏အမြင်အာရုံထဲ၌

သက်လတ်ပိုင်းအမျိုးသားတစ်ဦး နှင့်

အဘိုးကြီးတစ်ဦး ပေါ်လာသည်။

ထို့နောက် ချက်ချင်း

မျက်မှောင်ကြုတ်လိုက်သည်။

သို့သော်လည်း ခဏအကြာတွင်

ပုံမှန်ပြန်ဖြစ်သွား၏။

ဤအချိန်တွင်

သက်လတ်ပိုင်းအမျိုးသားက ပိုင်ဇီရှန်

ထံသို့ လျှောက်လာသည်။ သူက

နံဘေးမှာရပ်နေသည့်

ယန်ယဲ့ကိုတစ်ချက်ကြည့်ကာ

“ဧကရီအဖြူ၊ လွန်ခဲ့တဲ့ ရက်အနည်းငယ်တုန်းက ငါ့ညီလေးနန်လီရှန်းက အဖြူရောင်ဧကရာဇ်မြို့တော်ကိုခရီးထွက်သွားတယ်။ ဒါပေမဲ့ သူအခုထိ မရောက်သေးဘူး၊ သူအခုဘယ်ရောက်နေလဲမင်းသိလား"

ပိုင်ဇီရှန် က "ငါမသိဘူး"

သက်လတ်ပိုင်းအမျိုးသား၏မျက်နှာက

အေးစက်သွားကာ "ပိုင်ဇီရှန်၊

စကားကိုဝေ့ဝိုက်ပြီးမပြောတော့ဘူး။

ငါ့ညီသေပြီ၊ အဲဒါက

အဖြူရောင်ဧကရာဇ်မြို့တော်

လှုပ်ရှားလိုက်တာလား ငါသိချင်တယ်”

ပိုင်ဇီရှန် က ထိုလူကိုကြည့်ကာ "နန်လီယု၊

ငါသူ့ကိုသတ်ခဲ့တယ်ထင်လား"

နန်လီယု က "ငါက
မင်းလုပ်တာလို့မပြောဘူး" ဟု
ဂရုမစိုက်ဘဲ ပြန်ပြောသည်။

ပိုင်ဇီရှန် က ခေါင်းညိတ်လိုက်ရင်း "ဒါဆို
နင်လည်းသိနေတာပဲ။ ဒါနဲ့ ငါသူ့ကို
ဘာအကြောင်းကြောင့် သတ်ရမှာလဲ”

နန်လီယုက စူးစူးရဲရဲအကြည့်ဖြင့်
ပိုင်ဇီရှန်ကို စိုက်ကြည့်ကာ “ဒါဖြင့်

ဘယ်သူလုပ်တာလဲသိချင်တယ်။ ဘာ့ကြောင့်လဲဆိုတော့ ငါ့ညီမသေခင်မှာ အဖြူရောင်ဧကရာဇ်မြို့တော်ကနေ ထွက်မသွားသေးလို့ပဲ။ ဒါဆို သူ မြို့ထဲမှာ သေတာ သေချာတယ် မဟုတ်လား”

ပိုင်ဇီရှန် က ဘာမှ ဂရုမစိုက်ဘဲ ပြောလိုက်သည် "ငါက မဟုတ်ဘူးလို့ပြောရင် နင်ယုံမှာလား"

နန်လီယုက ပိုင်ဇီရှန် ကို

အချိန်အကြာကြီး စိုက်ကြည့်ကာ ပြုံးပြီး

“ကောင်းလိုက်တဲ့ဖြေရှင်းချက်ပါလား။

ပိုင်ဇီရှန်၊ ငါတို့က

ထာဝရလျှို့ဝှက်နယ်မြေမှာ

ပြန်တွေ့ကြမယ်။ အဲဒီအခါကျမှ

ကောင်းကောင်းစကားပြောကြတာပေါ့”

ထို့နောက် အဘိုးကြီး နှင့်အတူ

ပြန်ထွက်သွားသည်။

ပိုင်ဇိရှန်၏မျက်နှာက ဖော်မပြနိုင်သော

အေးစက်စက်အမူအရာများရှိနေသည်။

သို့သော်လည်း ယန်ယဲ့၏လက်ကို

တင်းတင်းဆုပ်ကိုင်ထားသည်။

ဤအတောအတွင်း သူမ၏

နတ်ဘုရားစိတ်အာရုံအသိက

ခန်းမတစ်ဝိုက်ကို လွှမ်းခြုံသွားသည်။

ခဏအကြာတွင် ပိုင်ဇီရှန် က

ယန်ယဲ့၏လက်ကို

ပိုပြီးတင်းတင်းဆုပ်ကိုင်ကာ

"ငါ့ရဲ့အဖြူရောင်ကေရာဇ်မြို့တော်က

အတိတ်မှာ

အင်မော်တယ်အိမ်တော်နဲ့အဆင့်အတူတူ

ပါပဲ။ ငါတို့ရဲ့ အထွတ်အထိပ်ကာလမှာ

ထူးခြားတဲ့ဉာဏ်ကြီးရှင်နှစ်ယောက်

ပိုင်ဆိုင်ခဲ့တယ်။ ကံမကောင်းစွာပဲ၊

တောင်တစ်လုံးမှာ

ကျားနှစ်ကောင်အတွက်

နေရာမရှိခဲ့ပါဘူး။

ငါတို့ရဲ့ဘိုးဘေးတွေက

အချင်းချင်းတိုက်ခိုက်ခဲ့ကြတယ်။

ပြီးတော့

မျိုးနွယ်ကလည်းနှစ်ခြမ်းကွဲသွားခဲ့တယ်။

အဲဒီအကျိုးဆက်က အခုအချိန်မှာ

ငါတို့အင်အားက အရင်တုန်းကထက် နိမ့်ကျသွားပြီ”

သူမက ယန်ယဲ့ကို စိုက်ကြည့်ကာ ဆက်ပြောခဲ့သည် “လွန်ခဲ့တဲ့နှစ်တွေက ထာဝရနယ်စပ် မှာ ခန်းမတစ်ခု၊ မြို့ကြီးနှစ်မြို့၊ဂိုဏ်းကြီးသုံးဂိုဏ်းနဲ့ မျိုးနွယ်စု ခြောက်ခုတင်မကဘူး။ တခြား အင်အားစုတွေ အများကြီး ရှိခဲ့တယ်။ ဒါပေမဲ့

တဖြည်းဖြည်းပျောက်ကွယ်သွားကြတယ်။

အခု ထာဝရလျှို့ဝှက်နယ်မြေမှာ ငါ့ရဲ့ခွန်အားကို မမြှင့်တင်နိုင်ရင် အဖြူရောင်ကောရာဇ်မြို့တော် လည်း တဖြည်းဖြည်း နဲ့ပျောက်ကွယ်သွားလိမ့်မယ်”

ယန်ယဲ့သည် နှုတ်ဆိတ်နေသော်လည်း
သူ့လက်ထဲတွင်
အနက်ရောင်ဓားတစ်လက်
ရုတ်တရက်ပေါ်လာခဲ့သည်။

တစ်ချိန်တည်းမှာပင် ပြင်းထန်သော
စိတ်အာရုံအသိတစ်ခုက မီတာရာချီသော
ဧရိယာကို ပြန့်နှံ့သွားသည်။ ထို့နောက်
ယန်ယဲ့သည်
နေရာမှာပင်ပျောက်သွားခဲ့သည်။

ပိုင်ဇိုရှန်က ထိတ်လန့်သွားပြီး ပြေးလိုက်ရန်ပြင်လိုက်စဉ်မှာပဲ "မင်းက ယန်ယဲ့။ အား..."

သနားစဖွယ်အော်ဟစ်သံက ရှေးဟောင်းမြို့ပျက်တစ်ခုလုံးကို ပြန့်နှံ့လာသည်။

သိပ်မကြာလိုက်ပေ၊ ယန်ယွဲ့သည်

သွေးတစ်စက်စက် စီးကျနေသော

ခေါင်းပြတ်တစ်လုံးကိုကိုင်လျက်

ပိုင်ဇီရှန်ရှေ့တွင်ပြန်ပေါ်လာသည်။

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၆၇၂ - သူ အသက်မရှင်ရဘူး

ခေါင်းပြတ်က သွေးများ

စီးကျနေသေးသည်။ မျက်နှာမှာလည်း

ထိတ်လန့်မှုတို့ ရှိနေဆဲ ။

"ယန်ယွဲ့.... "

ယခုလက်ရှိ ထာဝရနယ်စပ် တစ်လျှောက်

ထိုနာမည်ကို မသိသူဟူ၍ မရှိပေ။

ယန်ယဲ့က ခေါင်းပြတ်ကို

လွှင့်ပစ်လိုက်သည်။

သူဆုပ်ကိုင်ထားသော

အနက်ရောင်ဓားက

သေလွန်သူဝိညာဉ်များအဖြစ်

ပြန်ပြောင်းသွားခဲ့သည်။ ထို့နောက်

ခေါင်းပြတ်ကိုဝါးမျိုကြသည်။

အဆင့်မြင့်ပညာရှင်ကို ဝါးမျိုလေလေ

အားကောင်းလာလေဖြစ်သည်။

၎င်းက သေလွန်သူဝိညာဉ်များအတွက်

ကောင်းကင်ဘုံက ပေးသနားသော

ကောင်းချီးဟု ယူဆနိုင်သည်။

ဤအချိန်မှာပဲ ခန်းမနှင့် မနီးမဝေး၌

လူတစ်ဒါဇင်ကျော်သည်

ပေါ်လာကြသည်။ အင်အားစုအသီးသီးမှ

ဖန်ဆင်းရှင်များဖြစ်ကြသည်။

ရှေ့ဆုံးမှာတော့ နန်လီကလန်၏

မူလတာအိုသခင် ၂ ပါးရပ်နေခဲ့သည်။

နန်လီယုက ယန်ယဲ့ကို စိုက်ကြည့်ရင်း

"ပိုင်ဇီရှန်၊ မင်းက ယန်ယဲ့နဲ့

ပူးပေါင်းထားဖို့ ငါမမျှော်လင့်ထားဘူး"

ပိုင်ဇီရှန် က နန်လီယုကို

တစ်ချက်ကြည့်လိုက်ပြီး

"ငါသာနင့်နေရာမှာဆို

ချက်ချင်းထွက်သွားမှာ"

ဟုပြောလိုက်သည်။

နန်လီယုက ရှက်ရွံ့စွာ ပြုံးလိုက်ပြီး

"ငါမှားရင် မင်းတို့နှစ်ယောက်က

ငါ့ညီကို သတ်လိုက်တာပဲမဟုတ်လား"

ပိုင်ဇီရှန် က စကားပြန်မပြောဘဲ

မျက်လုံးများကို ဖြည်းညှင်းစွာမှိတ်ပြီး

တိတ်ဆိတ်နေခဲ့သည်။

ဤအချိန်တွင် ယန်ယဲ့ သည်
နေရာမှာပင်ပျောက်သွား၏။ ထို့နောက်
အနက်ရောင်ဓားတစ်လက်က
နန်လီယု၏ခေါင်းပေါ်သို့ခုတ်ချလိုက်သ
ည်။

နန်လီယု၏အမူအရာက သိသိသာသာ
ပြောင်းလဲသွားသည်။
သူ့လက်ကိုဝှေ့ယမ်းလိုက်ရာ

ခေါင်းပေါ်တွင် အနက်ရောင်
ဒိုင်းတစ်ခုက ပေါ်လာသည်။

ယန်ယဲ့၏ဓားက
တရကြမ်းခုတ်ချလိုက်သည်။

ဘမ်း...

အနက်ရောင်ဒိုင်းက ချက်ချင်းဆိုသလို
ပေါက်ကွဲထွက်သွားသည်။

သို့သော်လည်း တန်ပြန်အားက ယန်ယဲ့ကို

အဝေးသို့လွင့်ထွက်သွားစေသည်။

တစ်ချိန်တည်းမှာပင် နောက်ထပ်

အနက်ရောင်ဓားအလင်းတန်းတစ်ခု

လင်းလက်သွားသည်။

ဤမြင်ကွင်းအား မြင်သောအခါ နန်လီယု

က ထိတ်လန့်သွားသည်။ သို့သော်

သူ၏တုံ့ပြန်မှုက မနှေးကွေးဘဲ

လေထဲသို့ခုန်တက်ကာ

လက်သီးနှစ်ဖက်ကိုရှေ့လှမ်းထိုးလိုက်သ
ည်။

ဝုန်း...

နန်လီယု ရှေ့တွင်
အနီရောင်ဝဲကတော့တစ်ခု
ရုတ်ချည်းထွက်ပေါ်လာသည်။
ဝဲကတော့ထဲမှ ပြင်းထန်သော
မီးတောက်မီးလျှံများ ထွက်လာသည်။

သို့သော် ယန်ယဲ့၏ဓားချက်
ဆင်းသက်လာသည်နှင့်တပြိုင်နက်
မီးတောက်များသည် ချက်ချင်းပင်
ချေမှုန်းခံလိုက်ရသည်။

ဤအချိန်တွင် ယန်ယဲ့၏ဘယ်ဖက်ကနေ
ပြင်းထန်သောအရှိန်အဝါတစ်ခု
ရုတ်တရက် တိုးဝင်လာသည်။

၎င်းက နန်လီကလန်၏ ဒုတိယမြောက်

မူလတာအိုသခင် ပါ။

သို့သော်လည်း ယန်ယဲ့ သည်

နေရာတွင်သာရပ်နေခဲ့သည်။

တစ်ချက်ပင်လှည့်မကြည့်ဘဲ

သူ့စားကိုဘယ်ဖက်သို့

ခုတ်ပိုင်းလိုက်သည်။

ဆူး...

မူလတာအိုအဆင့်အော်ရာက ချက်ချင်း ကြေမွသွားသည်။

ယန်ယဲ့က ထပ်ပြီးတိုက်ခိုက်ခါနီးတွင် ပိုင်ဇီရှန် က သူ့အနားမှာပေါ်လာပြီး လက်ကိုဆုပ်ကိုင်ကာ "ထားလိုက်ပါ။ ငါတို့သွားရအောင်"

ယန်ယွဲ့၏ခန္ဓာကိုယ်က
တစ်ချက်တုန်လှုပ်သွားပြီး သူ၏ဓားက
တဖြည်းဖြည်း အသွင်ပြောင်းသွားသည်။

"ပိုင်ဇီရှန်... " နန်လီယု က ပြင်းထန်စွာ
ရယ်မောလိုက်ပြီး “မင်းဟာ တကယ်ပဲ
ယန်ယွဲ့နဲ့ပူးပေါင်းထားတာကိုး။
ကောင်းတယ်၊ အရမ်းကောင်းတယ်။
မင်းရဲ့ အဖြူရောင်ကေရာဇ်မြို့တော်ကို

ဘယ်သူက ကယ်တင်နိုင်မလဲဆိုတာ

ငါကြည့်ပါရစေ”

ယန်ယဲ့က ထွက်မသွားဘဲ

ရပ်တန့်လိုက်သည်။

နန်လီယု၏အမူအရာက

ချက်ချင်းပြောင်းသွားပြီးနောက်

နေရာမှာပင် ပျောက်ကွယ်သွားခဲ့သည်။

နန်လီကလန်မှ

အခြားသောမှူလတာအိုသခင်လည်း

ဖျတ်ခနဲပျောက်သွားခဲ့သည်။

ပိုင်ဇိရှန်က ဤမြင်ကွင်းကြောင့်

အံ့အားသင့်သွားခဲ့သည်။ နန်လီယု

တို့နောက်ကနေ လိုက်လာသော

အင်အားစုအသီးသီးမှ

ကျင့်ကြံသူများလည်း မရှိတော့ပေ။

အားလုံးက

ထွက်ပြေးသွားကြပြီဖြစ်သည်။

မူလတာအိုသခင် ၂ ပါးပင်

တုံ့ဆိုင်းခြင်းမရှိဘဲ ထွက်ပြေးခဲ့ကြသည်။

သို့သော် မကြာခင်ပဲ ပိုင်ဇိရှန်က

အကြောင်းအရင်းမှန်ကို

နားလည်လိုက်သည်။

လက်ရှိမှာ ယန်ယဲ့က
အရှုးဖြစ်နေသောကြောင့်
မူလတာအိုသခင်များကို
ချက်ချင်းပင်သတ်ဖြတ်နိုင်၏။
မူလတာအိုသခင် ၂ ပါးရှိနေသည့်တိုင်
သူ့အား ဘာမှမလုပ်နိုင်ခဲ့ပေ။ ယန်ယဲ့ကို
သတ်ချင်ပါက အနည်းဆုံးတော့
မူလတာအိုသခင် ၃ ပါး သို့မဟုတ် ၅
ပါးခန့်လိုပါသည်။ သို့သော်လည်း

ဤနေရာတွင် နန်လီကလန်၏

မူလတာအိုသခင် ၂ ပါးသာ ရှိခဲ့သည်။

ယန်ယဲ့ နှင့် ပိုင်ဇီရှန်

တို့သာပေါင်းတိုက်ပါက

မူလတာအိုသခင် ၂ ပါးကိုသတ်ဖို့က

မခက်လှပေ။

ထို့ကြောင့် နန်လီယုက ထွက်ပြေးရန်သာ

ပြတ်ပြတ်သားသား ရွေးချယ်ခဲ့သည်။

အချိန်ရှိတုန်း နောက်ပြန်မဆုတ်ပါက အသတ်ခံရနိုင်၏။

ပိုင်ဇိရှန်က ခေါင်းကို အနည်းငယ်ခါယမ်းကာ ယန်ယဲ့၏လက်ကို ကိုင်ထားရင်း ထွက်သွားခဲ့သည်။ ဤအချိန်တွင် သူတို့ရှေ့၌ ဓားတစ်ချောင်းလွယ်ထားသော

အဘိုးအိုတစ်ယောက် ရုတ်တရက်
ပေါ်လာခဲ့သည်။

အဘိုးအိုက ကောင်းကင်ဘားမြို့တော်၏
ချီးခြောက်ခြင်း ယု ပါ။

ချီးမြှောက်ခြင်း ယု က ယန်ယွဲ့ကို
ငုံ့ကြည့်ကာ တစ်ဖန် ပိုင်ဇီရှန်ကို
စိုက်ကြည့်ရင်း "ဧကရီအဖြူ၊ သူက…"

ပိုင်ဇီရှန် က ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်ပြီး

"တစ်ခုခုလိုသေးလား"

ချီးမြှောက်ခြင်း ယု က ခေါင်းခါလိုက်ပြီး

"မဟုတ်ဘူး၊ စောစောက

ရှီယွမ်မျိုးနွယ်ရဲ့ မူလတာအိုသခင်

တစ်ပါး

လာကြည့်သွားတယ်လို့သတိပေးချင်တာ

ပါ။ ငါထင်တာမမှားရင် သူက

ရှိယွမ်မျိုးနွယ်ကို အကြောင်းကြားပြီးပြီ။

ဒါ့အပြင် တခြားအင်အားစုတွေလည်း

သေချာပေါက်လှုပ်ရှားလိမ့်မယ်။

တကယ်တော့ ဘယ်သူမဆို

နတ်တရနာတွေကိုလိုချင်ကြတာသဘာဝ

ပဲမဟုတ်လား”

ပိုင်ဇီရှန် က ချီးမြှောက်ခြင်း ယုကို

တစ်ချက်ကြည့်လိုက်ပြီး

"မိုးကောင်းကင်ဓားမြို့တော်က ဘယ်လိုလဲ"

ချီးမြှောက်ခြင်း ယု က ပြုံးပြီး “ငါတို့ သူနဲ့ သဘောတူညီမှု ရှိထားတယ်။ ဒါ့ကြောင့် ငါတို့က သူ့ကို ရန်ငြိုးမထားဘူး”

သူက ခဏရပ်ပြီး “သူနဲ့ အင်မော်တယ်အိမ်တော် ကြားမှာ ရန်ငြိုးတွေရှိတယ်။ ဒီတော့ နောင်မှာ

ထာဝရလျှို့ဝှက်နယ်မြေကို ဝင်ရောက်ရင်
လွယ်ကူတော့မှာမဟုတ်ဘူး”

ပိုင်ဇီရှန် လည်း တိတ်ဆိတ်သွားသည်။

အင်မော်တယ်အိမ်တော် ။

ထာဝရနယ်စပ် သည်
အင်မော်တယ်အိမ်တော်၏
ထိန်းချုပ်မှုအောက်တွင် ရှိခဲ့သည်။

သို့မဟုတ်

ပိုပြီးတိကျအောင်ပြောရရင်တော့

ထာဝရလျှို့ဝှက်နယ်မြေသည်

အင်မော်တယ်အိမ်တော်၏

ထိန်းချုပ်မှုအောက်တွင် ရှိနေခဲ့သည်။

အခြားအင်အားစုများအနေဖြင့်

ထာဝရလျှို့ဝှက်နယ်မြေကို ဝင်ရောက်ရန်

အင်မော်တယ်အိမ်တော်၏သဘောတူညီ

ချက်ကို ယူရပေမည်။ ထို့အပြင်

ထာဝရလျှို့ဝှက်နယ်မြေထဲမှ

ပြန်ထွက်လာပါက ရရှိလာသော

ထာဝရသလင်းကျောက်များ၏ (၅၀%)

ကို

အင်မော်တယ်အိမ်တော်သို့ပေးအပ်ရသ

ည်။

မှန်သည်၊ အင်မော်တယ်အိမ်တော်မှ

ထာဝရတံဆိပ်တော် ကို

ဝယ်ယူသည့်သဘောပင်။

အမှန်တကယ်တော့

ထာဝရတံဆိပ်တော်က

ဘာမှသုံးစားလို့မရပေ။

သို့သော်လည်း ဘယ်သူမှ

မငြင်းပယ်ရဲပါ။

အင်မော်တယ်အိမ်တော် သည်

ထာဝရနယ်စပ်၏

အုပ်စိုးသူပင်မဟုတ်ပါလား။

အခြားသော အင်အားစုများအနေဖြင့်

ပူးပေါင်းမထားပါက

အင်မော်တယ်အိမ်တော်ကို ဆန့်ကျင်ဖို့

အခွင့်အရေးရှိမည်မဟုတ်ပေ။

ဤအတောအတွင်း ချီးမြှောက်ခြင်း ယု

က "အခုလောက်ဆို ရှီယွမ်ယင်

လာနေလောက်ပြီ"ဟု

ရုတ်တရက်ပြောခဲ့သည်။

ပိုင်ဇီရှုန် က ယန်ယဲလက်ကို
ချက်ချင်းဆွဲယူပြီး အဝေးဆီသို့
ပျောက်ကွယ်သွားသည်။

ချီးမြှောက်ခြင်း ယု က
ထွက်ခွာသွားသော လူနှစ်ယောက်အား
စိုက်ကြည့်ကာ
မျက်မှောင်ကြုတ်လိုက်သည်။ သူ
ဘာတွေးနေသလဲတော့
ဘယ်သူမှမသိပေ။

ယန်ယွဲ့ သည် တဖြည်းဖြည်းနှင့်

အလွန်ကြောက်စရာကောင်းလာခဲ့သည်။

သို့သော်လည်း သူ့ပုံပြီးသန်မာလေလေ

လူအများအပြားက ယန်ယွဲ့ကို

ဖယ်ရှားပစ်ရန်

ပို၍စိတ်ပိုင်းဖြတ်လေလေဖြစ်သည်။

အထူးသဖြင့် မျိုးနွယ်စုကြီး ၆ ခုပင်။

ထို့အပြင် အင်မော်တယ်အိမ်တော် လည်း ရှိနေသေး၏။ ထာဝရနယ်စပ်ရှိ အင်မော်တယ်အိမ်တော်၏ အာဏာကို စိန်ခေါ်လာနိုင်သော ဘယ်သူမဆို လွှတ်ထားမည်မဟုတ်ပေ။ ၎င်းက လောကနိယာမပင်။ အင်အားကြီးသူသာ စည်းမျဉ်းများကိုချမှတ်သည်၊ စိတ်တိုင်းကျလုပ်ဆောင်နိုင်သည်။

ခဏအကြာတွင် ချီးမြှောက်ခြင်း ယုက

ခေါင်းယမ်းပြီး ထွက်သွားခဲ့သည် ။

...

ယန်ယဲ့ ပေါ်လာပြီ ။

ဤသတင်းက

ထာဝရနယ်စပ်တစ်လျှောက် လျင်မြန်စွာ

ပြန့်နှံ့သွားသည်။

မူလမြို့တော်.... ။

ဤအခိုက်အတန့်တွင် မြို့ထဲမှ
အစွမ်းထက်အော်ရာ ၄ ခု လေထဲသို့
ပျံ့လာပြီးနောက် ကောင်းကင်ယံမှာပဲ
ကွယ်ပျောက်သွားခဲ့သည်။

မူလတာအိုသခင် ၄ ပါး၏
အော်ရာများပင်ဖြစ်သည်။

ဤ၂တစ်ကြိမ်တွင် ရှီယွမ်မျိုးနွယ်၏

မူလတာအိုသခင်အားလုံး ထွက်လာ

ခဲ့ကြသည်။

ရှီယွမ်ကလန် အပြင်၊

မရေမတွက်နိုင်သော

ကျင့်ကြံသူများလည်း

ထွက်လာကြသည်။ နန်လီမျိုးနွယ်၊

ပိုင်ကလန်၊ ဟန်ယွမ်ကလန်၊

လော့လီမျိုးနွယ် နှင့်

ယွဲ့ကလန်တို့၏ပင်မမြို့တော်မှအစွမ်းထက်အော်ရာများ ထွက်လာပြီး
အာကာသအပြင်ဖက်သို့
ပျောက်ကွယ်သွားခဲ့သည်။

ဤအခိုက်အတန့်မှာ
ထာဝရနယ်စပ်တစ်ခုလုံး
ထိတ်လန့်တုန်လှုပ်သွားကြသည်။

မျိုးနွယ်စုကြီး ၆ ခုမှ ကျင့်ကြံသူများဟာ

သက်ဆိုင်ရာ ပင်မမြို့တော်များကနေ

ထွက်သွားကြသည်။

ထို့အပြင် အားလုံးက တူညီသော

ဦးတည်ရာသို့

အပြေးအလွှားရောက်လာကြသည်။

အမည်မသိ တောင်ထိပ်တစ်ခုပေါ်၌

ပိတ်ချောဝတ်စုံဝတ် အမျိုးသမီးတစ်ဦး

ရပ်နေခဲ့သည်။ သူမ၏နောက်ကျောမှာ အနက်ရောင်ဓားကြီးတစ်ချောင်းကို ထမ်းပိုးထားခဲ့သည်။

သူမက အခြားမဟုတ်ပေ၊ ဓားအပျက်အစီးနယ်မြေမှ ထွက်ခွာလာသော ဓားတာအိုအုပ်ထိန်းသူ ကျန်းယွဲ့ပင်ဖြစ်သည်။

ဤအချိန်တွင် သူမက
အဆုံးမဲ့ကြယ်တာရာကောင်းကင်ပြင်ကို
မော့ကြည့်လိုက်ပြီး အချိန်အတော်ကြာမှ
တိုးတိုးလေးပြောလိုက်ပါသည်
“ဟင်းလင်းပြင်နတ်ဘုရားအဆင့် ၆
ယောက်၊ မူလတာအိုသခင်
တစ်ဒါဇင်ကျော်.... သူတို့က
ပညာရှင်အားလုံးကို စေလွှတ်ရုံတင်
မကသေးပါဘူး၊ သူ့ကို

အပြီးတိုင်ဖယ်ရှားပစ်ချင်နေတာထင်တယ်။ ငါသွားသင့်လား၊ မသွားသင့်ဘူးလား"

မူလတာအိုအဆင့် ကို မူလတာအိုအဆင့်၊ ဟင်းလင်းပြင်နတ်ဘုရားအဆင့် နှင့် မူလကမ္ဘာအဆင့် ဟူ၍ အဆင့် (၃)ဆင့် ခွဲထားပါသည်။

ကျန်းယွဲ့က အချိန်တော်တော်ကြာအောင် တိတ်ဆိတ်သွားသည်။ ထိုအခိုက် သူမ၏စိတ်ထဲ၌ အဖြူရောင်အကောင်ငယ်လေးတစ်ကော င် ပေါ်လာသည်။

"ဝိညာဉ်ဖန်ဆင်းရှင်.... "

နှင်းပွင့်အကြောင်းကို တွေးလိုက်သည်နှင့်

ကျန်းယွဲ့က ညာခြေကိုမြှောက်ကာ

တောင်ထိပ်ကို ဆောင့်နင်းလိုက်သည်။

တလက်လက်တောက်ပနေသော

ဓားအလင်းတန်းကြီးတစ်ခု

ထွက်ပေါ်လာပြီး

လေထဲသို့ ပစ်လွှတ်လိုက်သည် ။

...

ထာဝရအင်မော်တယ်မြို့တော်.... ။

ပိုင်ဇီရှန်နှင့် ယန်ယဲ့ဟာ

မြို့ပျက်၏အနက်ပိုင်းဆီသို့

အမြန်သွားနေကြသည်။

ဒီအချိန်မှာ ပိုင်ဇီရှန်၏မျက်နှာက

သိသိသာသာကို လေးနက်နေခဲ့သည်။

ယန်ယဲ့ ထွက်ပေါ်လာကြောင်း

သတင်းပြန့်သွားသဖြင့် သူမ၏

အစီအစဉ်အားလုံး ပျက်စီးသွားခဲ့သည်။

အကယ်၍ နှစ်ယောက်လုံးသာ

မကြာခင်ဖွင့်လှစ်တော့မည့်

ထာဝရလျှို့ဝှက်နယ်မြေထဲကို

မဝင်ရောက်နိုင်ခဲ့လျှင် မူလတာအိုသခင်

တစ်ဒါဇင်ကျော် သို့မဟုတ်

မရေမတွက်နိုင်သော ကျင့်ကြံသူများနှင့်
ရင်ဆိုင်ရပေမည်။

အကြောင်းမှာ
ထာဝရနယ်စပ်တစ်ခုလုံးက ယန်ယွဲ့အား
အသက်ရှင်ခွင့်မပေးနိုင်လို့ပါ။

အထူးသဖြင့် ရှီယွမ်မျိုးနွယ် ပင်။
အကယ်၍ သူမကိုယ်တိုင်
ရှီယွမ်မျိုးနွယ်စု၏ဘိုးဘေးဖြစ်ရင်လည်း

ယန်ယဲ့ကို ဖယ်ရှားပစ်ရန်

ကြိုးစားမည်သာ။ မည်သို့ပင်ဖြစ်စေ

ယခုလောလောဆယ်

အသက်ရှင်ချင်ပါက

ထာဝရလျှို့ဝှက်နယ်မြေထဲသို့ဝင်ရောက်

ဖို့သာရှိတော့သည်။

ပိုင်ဇီရှန်က အရှိန်ပြင်းပြင်းနဲ့ ယန်ယဲ့ကို

ဆွဲခေါ်သွားသည်။

သိပ်မကြာလိုက်ပေ၊ မြို့လယ်ခေါင်သို့ ရောက်လာကြသည်။ ထိုနေရာတွင် အပြာရောင်အလင်းတံခါးချပ်ကြီးတစ်ခု ရှိနေခဲ့သည်။ အတွင်းပိုင်းမှ အပြာရောင်အလင်းတန်းများ ဖြာထွက်လာကာ ကြောက်မက်ဖွယ်ရာနှင့် အသံများ ထွက်ပေါ်နေခဲ့သည်။

"သွားကြရအောင်" ပိုင်ဇီရှန်က

ယန်ယဲ့ကိုဆွဲခေါ်ပြီး

အလင်းတံခါးထဲသို့ဝင်ရန်ပြင်လိုက်သည်

။ ဒီအချိန်မှာပဲ သူတို့ရှေ့တွင်

အဘိုးကြီးတစ်ဦး

ရုတ်တရက်ပေါ်လာခဲ့သည်။

အဘိုးကြီး၏ ဘယ်ဖက်ရင်အုံပေါ်၌ “仙

”ဟူသော

စာလုံးသေးသေးလေးရေးထိုးထားသည်။

၎င်းက အင်မော်တယ်အိမ်တော်၏

အမှတ်တံဆိပ်ဖြစ်သည်။ မှန်သည်၊

အဘိုးကြီးက အင်မော်တယ်အိမ်တော်၏

အကြီးအကဲတစ်ဦးပင်။

ပိုင်ဇိရှန်က ထာဝရတံဆိပ်တော်နှစ်ခုကို

ထုတ်ယူပြီး အဘိုးကြီးထံ

ပစ်ပေးလိုက်၏။ သို့သော်လည်း

အဘိုးကြီးက သူ၏ညာလက်ကို

ဝှေ့ယမ်းကာ အပိုင်းပိုင်းခွဲပစ်လိုက်သည်။

ဤမြင်ကွင်းကြောင့် ပိုင်ဇီရှန်

လည်းမျက်နှာ ပျက်သွားခဲ့သည်။

ဤအတောအတွင်း အဘိုးကြီးက

အေးစက်စက်ပြောခဲ့သည်

“မင်းထွက်သွားချင်တာလား။ ပိုင်ဇီရှန်၊

မင်း အိပ်မက်မက်နေတာပဲဖြစ်ရမယ်။

မင်းက

ယန်ယွဲ့နဲ့တောင်ပူးပေါင်းရဲသေးတယ်။

ငါတကယ်ကိုမမျှော်လင့်ထားဘူး။

ငါ့ရဲ့အင်မော်တယ်အိမ်တော်က

သူ့ကိုသတ်ဖို့ဆုံးဖြတ်ထားတာ

မင်းမသိဘူးလား။ အစကတော့

အဖြူရောင်ဧကရာဇ်မြို့တော်နဲ့

ယန်ယွဲ့ကို မဖြေရှင်းသေးဘဲ

အဲဒီလျှို့ဝှက်ဆန်းကြယ်တဲ့ဓားသမားကို

အရင်ဆုံးလိုက်ရှာဖို့စီစဉ်ထားတာ။

ဒါပေမဲ့ အဖြူရောင်ဧကရာဇ်မြို့တော်က

ယန်ယွဲ့နဲ့ပူးပေါင်းထားမယ်လို့

ငါဘယ်တုန်းကမှ မမျှော်လင့်ထားဘူး...”

ပိုင်ဇီရှန် က အဘိုးကြီးကို

စကားဖြတ်ပြောလိုက်သည် "ခွေးအိုကြီး၊

နင်အခုချက်ချင်းထွက်သွားဖို့

ငါအကြံပေးလိုက်မယ်"

အဘိုးကြီး၏မျက်နှာက

မည်းမှောင်သွားသည်။ ဤအချိန်တွင်

ယန်ယဲ့က အဘိုးကြီးရှေ့မှာ

ရုတ်တရက်ပေါ်လာပြီး

သူ၏ဓားဖြင့်ခုတ်ချလိုက်သည်။

ယန်ယဲ့က

တိုက်ခိုက်လာသည်ကိုမြင်သောအခါ

အဘိုးကြီး၏မျက်လုံးများသည်

အပ်ချောင်း အရွယ်အစားထိ

ကျဉ်းမြောင်းသွားသည်။

ဘမ်း…

သူ့ထံမှ ကြောက်မက်ဖွယ်ကောင်းသော

အငွေ့အသက်တစ်ခု

ပေါက်ကွဲထွက်လာသည်။

တစ်ချိန်တည်းမှာပင် ယန်ယဲ့၏ဓားကို

လက်သီးဖြင့်ထိုးချလိုက်သည်။

ဆူး...

ဓားက လက်သီးကို ချိုးဖျက်ကာ

အဘိုးကြီးအား

နှစ်ပိုင်းခြမ်းချလိုက်လေသည်။

အဘိုးကြီး၏ခန္ဓာကိုယ်က ချက်ချင်း

နှစ်ခြမ်းကွဲကာ သွေးများနှင့်

ကိုယ်တွင်းအင်္ဂါများ မြေပြင်အနှံ့ ဖြန်းခနဲ

ကျသွားသည်။

သို့သော်လည်း

အဘိုးကြီး၏မူလဝိညာဉ်က

သူ့ခန္ဓာကိုယ်မှ ထွက်ခွာသွားပြီး

ကောင်းကင်ထက်သို့

ပြေးတက်သွားခဲ့သည်။

ဤအချိန်တွင် ယန်ယဲ့က

လိုက်လံတိုက်ခိုက်ရန် ပြင်လိုက်သည်။

ပိုင်ဇီရှန်၏အမူအရာက

ပြောင်းလဲသွားကာ ယန်ယဲ့ကို
ကမန်းကတန်းဖမ်းဆွဲထားလိုက်သည်။ထို့
နောက် အပြာရောင်အလင်းတံခါးထဲသို့
ဆွဲသွင်းလိုက်တော့သည်။

သူတို့နှစ်ယောက် ထွက်သွားပြီးနောက်
ခဏအကြာတွင်
ယန်ယဲ့ရပ်နေခဲ့သည့်နေရာ၌ ရှီယွမ်ယင်
ပေါ်လာခဲ့သည်။ တစ်ချိန်တည်းမှာပဲ

သူ့နံဘေးတွင် သက်လတ်ပိုင်းအမျိုးသား
၄ ဦးနှင့် မိန်းမလှတစ်ဦး ရှိနေသည်။

မျိုးနွယ်စုကြီး ၆ ခု၏ ဘိုးဘေး ၆
ယောက်စလုံး ရောက်လာခဲ့ကြသည်။

ရှီယွမ်ယင် က
အပြာရောင်အလင်းတံခါးကို အကြာကြီး
စိုက်ကြည့်ပြီးနောက် “သူသေရမယ်”

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၆၇၃ - စောင့်ဆိုင်းနေကြခြင်း

ဤအခိုက်အတန့်တွင် ရှီယွမ်ယင်၏

နှလုံးသားသည် လေးနက်သော

အကြောင်းတရားများဖြင့်

ပြည့်နှက်နေခဲ့သည်။

သူသည် ယခင်တုန်းက

ယန်ယဲ့၏တိုက်ခိုက်မှုကို

လက်တွေ့မြင်ထားခဲ့သည်။ ယန်ယဲ့ဟာ

ဓားတစ်ချက်တည်းသာသုံးပြီး

မူလတာအိုသခင် ကို

နှစ်ပိုင်းဖြတ်ပစ်လိုက်သည်။ သို့သော်

ယန်ယဲ့သည် ဖန်ဆင်းရှင်အဆင့်သာ

ရှိနေသေး၏။ ဤကဲ့သို့သော

သဘာဝစွမ်းရည်သည်

မည်မျှကြောက်စရာကောင်းသနည်း။

အကယ်၍ ယန်ယွဲ့သာ

အသက်ရှင်ခွင့်ရခဲ့လျှင်

မူလတာအိုအဆက်အဆင့်

ကိုတက်လှမ်းသွားသည်နှင့်

ထာဝရနယ်စပ်တစ်ခုလုံး မည်သူက

တားနိုင်မည်နည်း။ ထိုအချိန်တွင်

အင်မော်တယ်အိမ်တော်သည်ပင်
ယန်ယွဲ့အား ဖိနှိပ်ထားနိုင်မည်မဟုတ်ပေ။

အမှန်တော့ ယန်ယွဲ့ သည်
မူလတာအိုအထက်ဆင့်ကို
တက်လှမ်းဖို့တောင်မလိုအပ်ပေ။
မူလတာအိုအဆင့်ကိုတက်လှမ်းရုံဖြင့်
ထာဝရနယ်စပ်တစ်ခုလုံးအားစိတ်ရှိတိုင်း
မွှေနှောက်နိုင်ပါလိမ့်မည်။

မူလတာအိုအဆင့် ကျင့်ကြံမှုအပြင်
ယန်ယဲ့၏စားနယ်မြေစွမ်းအားနှင့်
မူလတာအိုအဆင့် စိတ်ဆန္ဒကို
ပေါင်းစပ်တိုက်ခိုက်လျှင်
တားဆီးရဲသူရှိနိုင်မည်မဟုတ်ပေ။

အဆင့်တူပညာရှင်များ ဆိုပါက
ယန်ယဲ့၏ စားတစ်ချက်ကိုပင်
ခုခံနိုင်မည်မဟုတ်ပါ။

ရှီယွမ်ယင်၏စိတ်ထဲ၌

အကြောက်တရားတွေအပြင်

နောင်တရသလို ခံစားရသည်။

ရှီယွမ်ယင်က

အတော်လေးနောင်တရသွားမိသည်။

ရှီယွမ်မျိုးနွယ်က ယန်ယဲ့အား

အရင်ဆုံးတိုက်ခိုက်မိလို့ပါ။ အမှန်တော့

ယန်ယဲ့နှင့် ရင်မဆိုင်ခင်မှာ

သူ့အကြောင်းကို ခရေစေ့တွင်းကျ

စုံစမ်းထားသင့်သည်မဟုတ်ပါလား။

နတ်ရတနာသုံးပါးဟာ

ကြီးမြတ်သော်လည်း

ရှိယွမ်မျိုးနွယ်အတွက်

၎င်းတို့မရှိလျှင်ပင်

အင်အားတောင့်တင်းနေဆဲပါ။

ယခုဆိုလျှင် ရှီယွမ်မျိုးနွယ်ဟာ

နတ်ရတနာများကို မရယူနိုင်သည့်အပြင်

ထိပ်သီးညာဏ်ကြီးရှင်တစ်ယောက်နှင့်ပါ
ထာဝရရန်သူဖြစ်လာခဲ့ရသည်။

ရှီယွမ်ယင် တစ်ဦးတည်းသာမဟုတ်ပဲ
အခြားဘိုးဘေးများသည်လည်း
နှလုံးသားများ လေးလံနေခဲ့ကြသည်။

အရှုံးဓားသမား ယန်ယွဲ့... ။

အားလုံးသည်

ထိုနတ်ရတနာသုံးပါးအတွက် ယန်ယဲ့ကို

ဆန့်ကျင်ခဲ့ကြသည်။ ယခုအချိန်တွင်

ယန်ယဲ့နှင့် သူတို့ကြားမှာ

မပြေနိုင်တော့သော ရန်ငြိုးများ

ရှိနေကြပြီဖြစ်သည်။ သို့သော်လည်း

ယန်ယဲ့က မည်သို့နည်း။ သူသည်

အနည်းငယ်သော

ရန်ငြိုးရန်စကိုပင်လက်စားချေတတ်သူဖြစ်သည်။

ထို့ကြောင့် ယန်ယဲ့သာ ဟင်းလင်းပြင်နတ်ဘုရားအဆင့် ကို ရောက်ရှိသွားပါက ထာဝရနယ်စပ်တစ်ခုလုံး ကပ်ဘေးကျပါပြီ။

ဤအတောအတွင်း ရှီယွမ်ယင်က ရုတ်တရက် ပြောခဲ့သည် မြို့ကြီးနှစ်မြို့နဲ့ ဂိုဏ်းကြီးသုံးဂိုဏ်း အပြင် ယန်ယဲ့ကို ဖယ်ရှားချင်နေတဲ့ တခြားသူတွေအကုန် ဒီမှာရှိနေတယ်။ မင်းတို့အားလုံး ဘယ်လိုထင်လဲ"

သက်လတ်ပိုင်းအမျိုးသားတစ်ဦးက ရုတ်တရက် ပြုံးလိုက်ပြီး

ငါဘယ်လိုထင်လဲပြောရရင်တော့
သူပြန်ထွက်လာတာနဲ့ ငါ့ပိုင်ကလန်က
တောင်းပန်လိုက်တော့မယ်။
ပြန်ပြီးသင့်မြတ်ဖို့ ဖြစ်နိုင်မဖြစ်နိုင်
ဆက်ပြီးစောင့်ကြည့်ရမယ်"

ထိုစကားပြောလိုက်သူဟာ
ပိုင်ကလန်၏ဘိုးဘေး ပိုင်ချုပ်မ်းထျန်
ဖြစ်သည်။

"တောင်းပန်မှာလား" ရှီယွမ်ယင်က

လှောင်ပြောင်လိုသောလေသံဖြင့်

ပြောလိုက်သည် "အစ်ကိုပိုင်ချွမ်း၊

သူဖြစ်နေတဲ့ပုံစံကို

မင်းသတိမထားမိဘူးလား။ သူ့မှာ

ဓားစိတ်ဆန္ဒ နဲ့ သတ်ဖြတ်ခြင်းစိတ်ဆန္ဒ၊

အရှူးစိတ်နဲ့

အဲဒီသေလွန်သူဝိညာဉ်တွေရှိနေတယ်။

သူက သာမာန်လူမဟုတ်ဘူး။

မင်းရဲ့တောင်းပန်မှုကို သူလက်ခံမယ်လို့

မင်းထင်သလား။ သူ့ကို မပြောနဲ့

ငါတောင် လက်မခံဘူး။

သတ်ချင်ရင်သတ်၊

မင်းမသတ်ချင်တော့တဲ့အခါ

တောင်းပန်ဖို့ကြိုးစားတယ်။ ပြီးတော့

ပဋိပက္ခက ပြီးဆုံးသွားပြီလား။

အခြေအနေက ဒီလောက်ရိုးရှင်းရင်

သူဒီလိုဖြစ်လာမှာ မဟုတ်ဘူး

ပိုင်ချမ်းထျန် က "ရှီယွမ်ယင်၊

သူဒီလိုဖြစ်သွားရတာ

မင်းတို့ပိုင်ကလန်ရဲ့ အပြစ်မဟုတ်လား"

ရှီယွမ်ယင် က ခေါင်းခါလိုက်ပြီး

"မင်းတို့အားလုံး ဘယ်လိုထင်လဲ

ငါဂရုမစိုက်ဘူး။

ဘယ်လိုပဲဖြစ်ဖြစ် ငါ့ရှီယွမ်မျိုးနွယ်က

သူ့ကိုသတ်ဖို့ ဆုံးဖြတ်ထားတယ်။

ဟုတ်ပါတယ်၊ သူ့ကိုသတ်ဖို့

ငါ့မျိုးနွယ်အတွက်

အရမ်းခက်ခဲတယ်ဆိုတာ

ငါကောင်းကောင်းသိတယ်။ ဒါပေမဲ့

အဆင်ပြေပါတယ်။

ငါ့ရှိယွမ်မျိုးနွယ်ရှုံးရင် ငါတို့က

သူ့ကြောင့် ပျက်စီးသွားရုံပဲ။ ပြီးတော့

မင်းတို့အလှည့်ရောက်လာမှာပဲလေ။

ဟားဟား...၊ အခု မင်းတို့ သူ့ကိုမသတ်ရင်
ငါ့ကို ရိုးရိုးသားသားပြောခွင့်ပြုပါ။
အချိန်တစ်ခုကြာတာနဲ့
သူ့ရဲ့ဓားတစ်ချက်တောင်
မင်းတို့ခုခံနိုင်မှာမဟုတ်ဘူး"

ဤအချိန်တွင် အဘိုးကြီးတစ်ယောက်
ရှေ့ထွက်လာသည်။

အဘိုးကြီးက ဟန်ယွမ်မျိုးနွယ်ဘိုးဘေး ဟန်ယွမ်လင်း ဖြစ်သည်။

အားလုံးက သူ့ကို စိုက်ကြည့်နေကြသည်။ အဘိုးကြီးဟန်ယွမ်လင်း က လစ်လျူရှုပြီး လူတိုင်း၊ ယန်ယဲ့မှာ မူလဖန်ဆင်းခြင်းရှေးဦးပုဆိန် ရှိတယ်ဆိုတာ မင်းမေ့သွားပုံရတယ်။ အခုလောလောဆယ် အဲဒါကို ချိတ်ထားလို့တော်သေးတယ်၊ တကယ်လို့

ယန်ယဲ့သော ပုဆိန်ကိုင်ခွင့်ရတာနဲ့ ငါတို့

မျိုးနွယ်စု ၆ ခုရဲ့ ပူးပေါင်းအင်အားက

သူ့ကို တားဆီးနိုင်မှာ မဟုတ်ဘူးလို့

ငါထင်တယ်။ ရိုးရိုးရှင်းရှင်းပြောရရင်

ငါတို့က

ပြတ်ပြတ်သားသားစဉ်းစားဖို့လိုနေပြီ။

ဘာ့ကြောင့်လဲ ဆိုတော့ အခုလက်ရှိ

ငါတို့တပ်ဖွဲ့တွေက သူ့ကို သတ်ဖို့

အနည်းဆုံး ၉၀ % အခွင့်အရေးရှိတယ်။
ဒါပေမဲ့ ဒီအရှူးသာ

ဟင်းလင်းပြင်နတ်ဘုရားအဆင့် ကို
ရောက်သွားရင် ပြောကြည့်လေ၊
ငါတို့ဘာလုပ်မလဲ။ အဲဒီအချိန်မှာ သူ
ငါတို့ကိုသတ်ချင်တယ်ဆိုရင် အကုန်
လည်စင်းပေးနေရမှာသေချာတယ်။ ဒါဆို
ဘယ်ဟာကို ပိုကြိုက်လဲ"

"ဘာလို့ ငါတို့မှာ အခွင့်အရေး ၉၀ %
ပဲရှိရတာလဲ" သက်လတ်ပိုင်းမိန်းမလုကာ
ရုတ်တရက် မေးခဲ့သည်။

ထိုအမျိုးသမီးက
လော့လီမျိုးနွယ်၏ဘိုးဘေး လော့လီယွဲ့
ပါ။

အဘိုးကြီးဟန်ယွမ်လင်း က
သူ့မျက်လုံးများကို

ဖြည်းညှင်းစွာမှိတ်လိုက်ပြီး "နောက်ဆုံး ၁၀ % က ကောင်းကင်ဘုံရဲ့ အလိုဆန္ဒပါ။ ကောင်းကင်ဘုံက ယန်ယွဲ့ကို မသေစေချင်ရင် သူသေမှာမဟုတ်ဘူး

လော့လီယွဲ့က အေးစက်စွာ ရယ်မောလိုက်ပြီး "အဲဒါကို ငါမယုံဘူး။ သူဘယ်လို အသက်ရှင်နိုင်မလဲ ကြည့်ရအောင်။ ဒီအထဲမှာ

အင်မော်တယ်အိမ်တော်

လည်းရှိတယ်ဆိုတာ မမေ့နဲ့ဦး"

အင်မော်တယ်အိမ်တော်.... ။

အားလုံးက အင်မော်တယ်အိမ်တော်

အကြောင်းကို တွေးမိသောအခါ

အနည်းငယ် သက်သာရာရလာသည်။

အကြောင်းမှာ ယန်ယွဲ့ သည်
အင်မော်တယ်အိမ်တော် နှင့်လည်း
သေခြင်း၊ရှင်ခြင်း
ရန်သူများဖြစ်နေသောကြောင့်ပင်။

"ဘိုးဘေးလော့လီ ပြောတာ မှန်ပါတယ်"
ဤအချိန်မှာ အဝေးကနေ
သက်လတ်ပိုင်းအမျိုးသားတစ်ဦး
ဖြည်းညှင်းစွာ လျှောက်လာရင်း
ပြောလိုက်သည်။ သူ၏ ရင်ဘတ်ပေါ်တွင်

စာလုံးသေးသေးလေး

ရေးထိုးထားသည်။

အင်မော်တယ်အိမ်တော် မှ ပညာရှင် ။

သက်လတ်ပိုင်းအမျိုးသား က လူအုပ်ဆီ

လျှောက်လာပြီး အနည်းငယ်ပြုံးပြကာ "

ငါ့ကိုငါ မိတ်ဆက်ခွင့်ပြုပါ။ ငါက

အင်မော်တယ်အိမ်တော်ရဲ့ ဝမ်ယွန် ပါ။

မင်းတို့အားလုံး ယန်ယွဲ့နဲ့ပတ်သက်လို့

ဆွေးနွေးနေတာကို ငါကြားပြီးပြီ။

လူတိုင်းက တော်တော်လေး

ချီတုံချတုံဖြစ်နေသေးတာကို

ငါသတိထားမိတယ်။ ရိုးရိုးသားသား

ဝန်ခံပါရစေ၊ အခုအချိန်မှာ မင်းတို့က

သူ့ကို လိုက်ရှာပြီး

ဖယ်ရှားဖို့လုပ်နေတာဆိုတော့

ဒါကို မေးပါရစေ။ သူ ဒီထက်ပိုပြီး
အင်အားကြီးလာရင် ငါတို့ အားလုံးကို
လွှတ်ပေးမယ်လို့ မင်းထင်လား"

သူက ခေါင်းယမ်းပြီး
အပြုံးတစ်ခုနှင့်ဆက်ပြောသည်
"ဒါ့အပြင် ယန်ယွဲ့က
ထာဝရလျှို့ဝှက်နယ်မြေထဲကို
ဝင်သွားတယ်ဆိုတာ မင်းတို့အားလုံး
မေ့သွားပုံပဲ။ သူသာ မူလတာအိုအဆင့်

ကို တက်လှမ်းသွားသလိုမျိုး

ကံကောင်းမှုတစ်ခုခုတွေ့ခဲ့ရင်... ဟား။

ဟုတ်ပါတယ်၊ ယန်ယဲ့ သာ တကယ်ပဲ

ဟင်းလင်းပြင်နတ်ဘုရားအဆင့်ကို

ရောက်ခဲ့ရင်တောင် ငါ့ရဲ့

အင်မော်တယ်အိမ်တော်က သူ့ကို

မကြောက်ပါဘူး၊ ဒါပေမဲ့

မင်းတို့အားလုံးကော။

မင်းရဲ့ဘိုးဘေးတွေက

အပြင်ထွက်မလာဘူးဆိုရင်

ဘာလုပ်မလဲ။ အခုလက်ရှိ မင်းတို့အဖွဲ့က

သူ့ကို တားနိုင်မှာမဟုတ်ဘူး။

မင်းတို့ရဲ့ဘိုးဘေးတွေအတွက်... ဟား၊

ငါဆက်မပြောတော့ဘူး"

ဤအချက်ကို နားထောင်နေရင်း

လူတိုင်း၏အမူအရာများသည်

တဖြည်းဖြည်းနှင့် ဆိုးရွားလာသည်။

လူတိုင်းက

သူတို့၏သက်ဆိုင်ရာမျိုးနွယ်စုများကို

ဤအကျပ်အတည်းထဲသို့

အတင်းတွန်းပို့ခဲ့သည်မဟုတ်ပါလား။

ဤအချိန်တွင် ရှီယွမ်ယင် က ဝမ်ယွမ်ကို

စိုက်ကြည့်ကာ "အစ်ကိုဝမ်၊

ငါ့အထင်တော့

မင်းဒီမှာစကားပြောဖို့သက်သက်နဲ့လာ

တာမဟုတ်လောက်ဘူး"ဟုပြောလိုက်သ
ည်။

ဝမ်ယွမ် က ပြုံးပြီး "ဟုတ်ပါတယ်။ ငါက
စကားကိုဝေ့ဝိုက်ကြီးပြောမနေတော့ဘူး။
လိုရင်းကိုပဲ တည့်တည့်သွားမယ်။
ငါ့ရဲ့အင်မော်တယ်အိမ်တော်က
ယန်ယဲ့ကိုသတ်ဖို့ဆုံးဖြတ်ထားတယ်။
ဒါပေမဲ့ ငါတစ်ယောက်တည်းက
သူတို့ပို့လိုက်တဲ့လူပဲ။ ငါလည်း ယန်ယဲ့ရဲ့

ခွန်အားကို လက်တွေ့မြင်ထားပြီ။ ငါ

သူ့ကို သတ်နိုင်မယ်လို့ မယုံကြည်ဘူး။

နောက်ဆုံးတော့ သူ့မှာ

အဲဒီနတ်ရတနာသုံးပါး ရှိနေတယ်လေ"

ရှီယွမ်ယင် က "ဒါဆို မင်း

ငါတို့နဲ့ပူးပေါင်းချင်တာလား"

ဝမ်ယွမ် က ခေါင်းညိတ်လိုက်သည်

"အမှန်ပဲ"

ဟန်ယွမ်လင်း က

ရုတ်တရက်မေးလိုက်သည် " ယန်ယွဲ့ကို

သတ်ပြီးတဲ့အခါကျရင်

ဒီနတ်ရတနာတွေက ဘာဆက်ဖြစ်မလဲ"

ဝမ်ယွမ် က ဟန်ယွမ်လင်း ကို

တစ်ချက်ကြည့်လိုက်ပြီး

"ဒါကရှင်းပါတယ်၊

ငါ့ရဲ့အင်မော်တယ်အိမ်တော်က

ကံကြမ္မာဖောဓိပင်ကိုပဲ လိုချင်တယ်၊

ကျန်တာတော့

မင်းတို့ကြိုက်သလိုလုပ်နိုင်တယ်"

ဟန်ယွမ်လင်း က မျက်မှောင်ကြုတ်ကာ

"မင်းက မူလဖန်ဆင်းခြင်းရှေးဦးပုဆိန်

မဟုတ်ဘူးလား၊

ကံကြမ္မာဖောဓိပင်ကိုပဲလိုချင်တာ

သေချာရဲ့လား"

အခြားလူများလည်း အံ့သြသွားသည်။

အမှန်တော့ နတ်ရတနာသုံးပါးအနက်

မူလဖန်ဆင်းခြင်းရှေးဦးပုဆိန်က

အစွမ်းထက်ဆုံးပါ။

ဝမ်ယွမ် က ပြုံးပြီး "ဟုတ်တယ်"

လူတိုင်း တိတ်တိတ်နေကြ၏။

"ငါ့ရှီယယ်မျိုးနွယ်က

နတ်ရတနာတစ်ခုမှမလိုချင်ဘူး။ငါတို့က

ယန်ယွဲ့ကိုပဲသတ်ချင်တာ"

ဟန်ယွမ်လင်း က ရှီယွမ်ယင် ကို

တစ်ချက်ကြည့်လိုက်ပြီးနောက်

အခြားသူများကို ကြည့်လိုက်ပြီး

"မင်းတို့ထဲက တစ်ယောက်ယောက်များ

ကန့်ကွက်စရာရှိလား"

လူတိုင်းက ခဏကြာ လေးလေးနက်နက် တွေးတောပြီး ခေါင်းကို ဆက်တိုက် ခါယမ်းလိုက်ကြသည်။

ကန့်ကွက်သူမရှိကြပေ။

ဤအချိန်တွင် ဝမ်ယွမ် က ပြုံးကာ "ငါတို့ သဘောတူညီမှု ရသွားပြီထင်တယ်။ ဒီလိုဆိုတော့ ဝင်ပေါက်ကနေပဲ သူထွက်လာတဲ့ချိန်အထိ

ဒီမှာစောင့်နေရအောင်။

ဟင်းလင်းပြင်နတ်ဘုရားအဆင့် ၇

ယောက်နဲ့ မူလတာအိုသခင်

တစ်ဒါဇင်ကျော် ။

သူ ငါတို့ကို ဘယ်လို

ရင်ဆိုင်မလဲဆိုတာကြည့်ရအောင်"

ဤအချိန်တွင် ရှီယွမ်မျိုးနွယ်၏

မူလတာအိုသခင် တစ်ပါးက "ငါတို့က

ဘာလို့များ အထဲကို လိုက်မဝင်တာလဲ"

ဟုရုတ်တရက်မေးလိုက်သည်။

ဝမ်ယွမ် က

အပြာရောင်အလင်းတံခါးဝကို

လှည့်ကြည့်လိုက်ပြီး "မင်းဟာ

ပိုသန်မာတဲ့အတွက် အထဲကိုဝင်လိုက်ရင်

သေဖို့ ပိုလွယ်လေပဲ။ ယန်ယဲ့က

မူလတာအိုအဆင့်ခွန်အားရှိနေမယ့်

တကယ်တမ်းကျ

ဖန်ဆင်းရှင်တစ်ပါးပဲလေ။ ဒီတော့

သူ့အဆင့်က ထာဝရလျှို့ဝှက်နယ်မြေရဲ့

အကန့်အသတ်ထဲမှာပဲ ရှိနေတုန်း။

နောက်ပြီး ငါတို့အထဲကို ဝင်လိုက်ရင်

ဟိုဖက်ကမ်းက အရူးတွေကို

သေချာပေါက်

သတိပေးလိုက်သလိုဖြစ်သွားမှာလေ။

အဲဒီအချိန်မှာ ငါတို့က

ဖြေရှင်းရမလွယ်တော့ဘူး။

ကျန်တဲ့သူတွေက

အထဲကိုဝင်နိုင်ရင်တော့

ဖြစ်ကောင်းဖြစ်နိုင်တယ်။ ဒါပေမဲ့

မင်းတို့လို မူလတာအိုသခင်

တစ်ဒါဇင်ကျော်လောက်နဲ့က

ရိုးရိုးသားသားပြောပါရစေ၊ ယန်ယွဲ့ကို

မသတ်နိုင်ဘဲ အဲဒီအစား

မင်းတို့တောင်ပြန်ပြီးအသတ်ခံရနိုင်တယ်

။ အဲဒီထဲမှာ ငါတို့မယှဉ်နိုင်တဲ့

တချို့တည်ရှိမှုတွေအများကြီးရှိနေတယ်

"

ထာဝရလျှို့ဝှက်နယ်မြေ။

တစ်စုံတစ်ယောက်က

ပိုပြီးသန်မာလေလေ ထိုနေရာတွင်

မြန်မြန်သေဆုံးလေဖြစ်သည်။

အတိတ်တစ်ချိန်ကလည်း
အင်မော်တယ်အိမ်တော်၏
မူလတာအိုသခင်တစ်ပါးဝင်သွားခဲ့ဖူးသ
ည်။ သို့သော် ထိုလူက
ထာဝရလျှို့ဝှက်နယ်မြေထဲကနေ
ပြန်ထွက်မလာနိုင်ခဲ့ပါ။

ဤအချိန်တွင် လူတိုင်းက အထဲကို
လိုက်မဝင်တော့ဘဲ အပြင်ကနေသော
စောင့်ဆိုင်းနေကြသည်။

"ဟင်းလင်းပြင်နတ်ဘုရားအဆင့် ၇

ယောက်၊ မူလတာအိုသခင်

တစ်ဒါဇင်ကျော်

...." ထာဝရလျှို့ဝှက်နယ်မြေ၏ အဝင်ဝ၌

စောင့်ဆိုင်းနေကြလေသည်။

ထာဝရနယ်စပ်တစ်ခုလုံး၏

အင်အားအကုန်နီးပါး

ယန်ယွဲ့ကိုသတ်ရန်ရောက်ရှိနေကြသည်။

ဤအတောအတွင်း
ထာဝရအင်မော်တယ်မြို့တော်၏
ထောင့်တစ်နေရာ၌ ပိတ်ချောဝတ်စုံဝတ်
အမျိုးသမီးတစ်ဦး ထိုင်နေခဲ့သည်။
သူမ၏နံဘေးတွင် ဓားကြီးတစ်ချောင်းကို
မြေပြင်သို့ထိုးစိုက်ထားသည်။

သူမ၏အကြည့်က ရှီယွမ်ယင်
တို့အုပ်စုကို လှမ်းကြည့်နေသည်။

ခဏကြာပြီးနောက် သူမ၏အကြည့်ကို ဆုတ်လိုက်ပြီး "အရှုးတွေပဲ..." ဟုပြောပြီး မျက်လုံးမှိတ်ထားလိုက်သည်။

ထိုအင်အားစုက ယန်ယဲ့ကို သေချာပေါက်သတ်ပစ်နိုင်၏။ ယန်ယဲ့သာ အပြင်ကိုပြန်ထွက်လာပါက လွတ်မြောက်နိုင်မည်မဟုတ်ပေ။ မူလဖန်ဆင်းခြင်းရှေးဦးပုဆိန်

ရှိနေလျှင်ပင် ဤအခြေအနေကို
ကျော်ဖြတ်ရန်မဖြစ်နိုင်ပါ။

နောက်ဆုံးတွင် ထိုအစုအဖွဲ့က
မူလကမ္ဘာအဆင့်ကိုပင်
သတ်ဖြတ်နိုင်၏။

သို့သော်လည်း ယန်ယဲ့သာ
အသတ်ခံရပါက ဘာဖြစ်သွားမည်နည်း။

နောက်ပိုင်း ရင်ဆိုင်ရမည့်

အကျိုးဆက်များကို မည်သူမျှ

မတွေးခဲ့ကြပေ။

သူမ၏အမြင်အရတော့

ယန်ယဲ့နှင့်ပတ်သက်ပြီး

ကြောက်စရာအကောင်းဆုံးမှာ ဓားတာအို

သို့မဟုတ် နတ်ရတနာသုံးပါး မဟုတ်ပေ။

သူ့ဘေးနားက

အဖြူရောင်အကောင်လေး
သာဖြစ်သည်။

ဒဏ္ဍာရီလာဝိညာဉ်ဖန်ဆင်းရှင်...

ယန်ယဲ့သာ သေသွားခဲ့ပါက
ထိုအကောင်လေးဟာ သေချာပေါက်ကို
ရှုံးသွပ်သွားပါလိမ့်မည်။
ဝိညာဉ်ဖန်ဆင်းရှင်များက
သဘာဝအတိုင်း

ကြင်နာတတ်ကြသည်။သို့သော်လည်း

၎င်းတို့တွင် နဂါးများကဲ့သို့

ပြောင်းပြန်အကြေးခွံများရှိခဲ့သည်။

လက်ရှိတွင် ယန်ယွဲ့သည်

ဝိညာဉ်ဖန်ဆင်းရှင်၏

ပြောင်းပြန်အကြေးခွံဆိုတာသေချာပါသ

ည်။ ထို့အတူ ဝိညာဉ်ဖန်ဆင်းရှင်သာ

ရှုံးသွပ်သွားလျှင်

လုံးဝကိုကြောက်စရာကောင်းလှသည်။

ထာဝရနယ်နိမိတ်ကိုထည့်မပြောဘဲ

ထာဝရမြစ်၏ တစ်ဖက်ကမ်းမှ

ထာဝရစကြာဝဠာ သည်ပင်

တုန်လှုပ်သွားရပေမည်။

ထို့ကြောင့် ယန်ယဲ့ သေဆုံးသည့်နေ့ဟာ

ထာဝရနယ်စပ်

ပျက်သုဥ်းမည့်နေ့သာဖြစ်သည်။

ထာဝရလျှို့ဝှက်နယ်မြေ ...။

ပိုင်ဇိရှန် က

အချိန်တော်တော်ကြာငြိမ်သက်နေပြီးမှ

ပတ်ဝန်းကျင်ကို

လှည့်ပတ်ကြည့်လိုက်သည်။

မျက်လုံးဖွင့်ထားသော်လည်း

ပတ်ဝန်းကျင်ကို မကြည့်ပေ။

သူမ၏နံဘေးကိုလှည့်ကြည့်ရင်း

ယန်ယဲ့အား မြင်မှသာ

သက်ပြင်းတစ်ချက်ချလိုက်သည်။

ပိုင်ဇီရှန် က ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်ပြီး

တိုးတိုးလေးပြောခဲ့သည်

"ထာဝရလျှို့ဝှက်နယ်မြေဆိုတာ

ထာဝရစကြဝဠာထဲက

လူတွေဖန်တီးထားတဲ့

သီးခြားကမ္ဘာတစ်ခုပဲ။ သူတို့ရဲ့

အထွတ်အထိပ် ပညာရှင်တွေက ဖန်တီးထားတာပါ။ သူတို့က အတိတ်မှာတုန်းက ဒီနေရာမှာ နေထိုင်ခဲ့ကြတယ်။ ဒါပေမဲ့ နောက်ပိုင်းမှာ စွန့်ခွာပြီးတော့ ထာဝရစကြာဝဠာကို ရောက်သွားကြတယ်။ ဒီနေရာက သူတို့ထွက်သွားတော့ ရှေးဟောင်းရတနာတွေ၊ ပစ္စည်းတွေ အများကြီး ချန်ထားခဲ့တယ်"

သူမက ယန်ယဲ့ကို စူးစိုက်ကြည့်ကာ ဆက်ပြောသည် "ငါ့တစ်သက်မှာ ဘယ်သူ့ကိုမှ အကြွေးမတင်ဖူးသလို ငါလည်း အကြွေးတင်မခံချင်ပါဘူး။ ဒါပေမဲ့ ငါနင့်ကိုပြန်ဆပ်မယ်။ စိတ်မပူပါနဲ့၊ နင့်ကို မူလတာအိုအဆင့် ရောက်ဖို့ ငါတတ်နိုင်သမျှလုပ်မယ်"

ထိုစကားပြောပြီးသည်နှင့်

ယန်ယွဲ့၏လက်ကိုဆွဲကာ

အဝေးဆီသို့ပျောက်ကွယ်သွားခဲ့သည်။

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၆၇၄ - မူလနတ်ဆိုး

ထာဝရလျှို့ဝှက်နယ်မြေ …။

ထာဝရလျှို့ဝှက်နယ်မြေကို
ထာဝရတားမြစ်နယ်မြေ ဟုလည်း
ခေါ်ဆိုခဲ့ကြသည်။

အလွှန်တရာမှပင် လျှို့ဝှက်ဆန်းကြယ်ပြီး
အမျိုးအမည်မသိနိုင်သော
သီးခြားကမ္ဘာငယ်တစ်ခုပင်။
မမြင်နိုင်သောကံကြမ္မာနှင့်

ရှေးခေတ်ဦးမှအရာများစွာတည်ရှိနေခဲ့သည်။

ထာဝရနယ်စပ်၌ လျှို့ဝှက်နယ်မြေ (၃) ခု တည်ရှိခဲ့သည်။ ထာဝရလျှို့ဝှက်နယ်မြေ၊ ဓားအပျက်အစီးနယ်မြေ နှင့် ထာဝရမြစ်တို့ ပင်။ ထာဝရမြစ်သည် လျှို့ဝှက်နယ်မြေသုံးခုအနက် အန္တရာယ်အရှိဆုံးဖြစ်သည်။ အတိတ်ခေတ်မှစလို့ ထာဝရနယ်နိမိတ်၏

မရေမတွက်နိုင်သော

ညဏ်ကြီးရှင်များကို မြှုပ်နှံထားသော

နေရာဟုလည်းဆိုနိုင်ပါသည်။ ထို့အပြင်

တစ်ဖက်ကမ်းရှိ ထာဝရစကြာဝဠာသို့

ဝင်ရောက်လာ ဂိတ်တံခါးလည်း

ဖြစ်သည်။

နှိုင်းယှဉ်ပါက

ထာဝရလျှို့ဝှက်နယ်မြေသည်

ထာဝရမြစ်ကဲ့သို့

ကြောက်စရာမဟုတ်ပေ။ သို့သော်
အလွန်လျှို့ဝှက်ဆန်းကြယ်လှသည်။
တစ်စုံတစ်ယောက်သည်
အားကောင်းလေလေ ထိုလူဟာ
သေရလွယ်လေလေဖြစ်သည်။

ပိုင်ဇီရှန် လည်း ယခင်က ဤနေရာကို
ရောက်လာခဲ့ဖူးပုံရ၏။ ဤအချိန်တွင်
နှစ်ယောက်သား တောင်တန်းတစ်ခုဆီသို့
ရောက်လာခဲ့ကြသည်။ တောင်တန်းသည်

ကောင်းကင်ကို ထိုးဖောက်ထားသော

မျှော်စင်တမျှ မြင့်မားလှသည်။

နှစ်ယောက်သား တောင်ခြေရင်းသို့

ရောက်လာကြသည်။ ပိုင်ဇိရှန် က

တောင်နံရံဆီသို့ လျှောက်သွားကာ

လက်ကို ညင်သာစွာ ဖွေ့ယမ်းလိုက်သည်။

ဘမ်း...

သူတို့ရှေ့က တောင်တံတိုင်းကြီးဟာ ကွဲအက်သွားသည်။ ထို့နောက်တွင်တော့ နောက်ကွယ်မှ သီးခြားကမ္ဘာငယ်တစ်ခု ပေါ်လာခဲ့သည်။

ပိုင်ဇီရှန် က ယန်ယဲ့၏လက်ကိုဆွဲကာ လှိုဏ်ဂူထဲတစ်လုံးထဲသို့ ခေါ်သွားသည်။ လှိုဏ်ဂူနံရံများသည် အမျိုးအစားစုံလင်သော

ကျောက်တုံးများဖြင့် ဖုံးလွှမ်းထားသည်။
ထို့အပြင် ကျောက်တုံးများသည်
လအရောင်ကဲ့သို့ အေးချမ်းစေသော
အလင်းရောင်များ ထွက်ပေါ်နေပါသည်။

ပိုင်ဇီရှန်က ယန်ယဲ့ နှင့်အတူ
ရှေ့ဆက်သွားနေရင်း ရုတ်တရက်
ရပ်တန့်သွားသည်။

သူတို့ရှေ့ မလှမ်းမကမ်း၌
အမျိုးသမီးရုပ်ထုတစ်ခု ရှိနေသည်။

အမျိုးသမီးက ရှည်လျားသော ဝတ်စုံကို
ဝတ်ဆင်ထား၏။
လှပသောအသွင်အပြင်နှင့်
သူမ၏ခါးပတ်လည်လည်တွင်
ခရမ်းရောင် ခါးပတ်တစ်ခု ရှိနေသည်။

ပိုင်ဇိုရှန်က ထိုအနားကို လျှောက်သွားပြီး

အနည်းငယ် ဦးညွှတ်လိုက်ပါသည်။

ဤအချိန်တွင် ရုပ်ထုက

“နင်ဒီကိုရောက်လာပြန်ပြီလား" ဟု

ဆတ်ခနဲ ပြောလာ၏။

ပိုင်ဇိုရှန် က ခေါင်းညိတ်ပြီး

"အကြီးအကဲ၊ ငါတောင်းဆိုစရာရှိတယ်"

ရုပ်ထုက “ဒါက ဘာလဲ”

ပိုင်ဇိရှန် က ယန်ယွဲ့ကို စိုက်ကြည့်ရင်း

"အကြီးအကဲ၊ သူ့ကို ပုံမှန်ပြန်ဖြစ်အောင်

ကူညီပေးနိုင်မလား"

ပိုင်ဇိရှန်က ယန်ယွဲ့၏အရှူးစိတ်ကို

ပျောက်ကွယ်သွားအောင်လုပ်ပေးရန်

ပြောနေခြင်း

ဖြစ်သည်။

အမှန်တော့ ပိုင်ဇီရှန် ကိုယ်တိုင်ပင်

ဘာ့ကြောင့် ပြောနေမိမှန်းမသိခဲ့ပေ။

အကြောင်းမှာ ယန်ယဲ့ သာ

သတိပြန်ရလာပါက

သူ့လုပ်ဆောင်ပုံအပေါ်မူတည်၍

အသတ်ခံရနိုင်ချေများ၏။

လက်ရှိယန်ယဲ့က သူမ ရင်ဆိုင်နိုင်သူ

မဟုတ်တော့ပေ။

သို့သော်လည်း ပိုင်ဇီရှန် က ယန်ယွဲ့ကို

သတိပြန်ရအောင်

ကူညီရန်ဆုံးဖြတ်ထားသည်။

ရုပ်ထု က ယန်ယွဲ့ကို စိုက်ကြည့်ကာ

ခဏအကြာတွင်

မျက်မှောင်ကြုတ်လိုက်သည်

"ဓားနယ်မြေ၊ သတ်ဖြတ်ခြင်းစိတ်ဆန္ဒ နဲ့

ဓားစိတ်ဆန္ဒ။ စိတ်ဝင်စားစရာပဲ"

ဤအတောအတွင်း ယန်ယဲ့က ရုပ်ထုကို ရုတ်တရက် မော့ကြည့်လိုက်ပြီးနောက် အနက်ရောင်ဓားတစ်ချောင်း ပေါ်လာသည်။

ပိုင်ဇီရှန်၏ အမူအရာက အနည်းငယ်ပြောင်းသွားပြီး ယန်ယဲ့၏လက်ကို အမြန်ဆွဲယူလိုက်သည်။

ရုပ်ထုက "ငါ မလုပ်နိုင်ဘူး"

ပိုင်ဇိရှန်က အံ့သြသွားပြီး “အကြီးအကဲ၊ နင်က...”

ရုပ်ထုက “ငါ့ရဲ့ ပင်မကိုယ်ခန္ဓာသာ ဒီမှာရှိရင် သူ့ရဲ့ အရူးစိတ်ကို သေချာပေါက် ဖိနှိပ်နိုင်ပါတယ်။ အခုအချိန်မှာတော့ သူ့ကို

ဘာမှမတတ်နိုင်ဘူး။ သူ့မှာ ဓားနယ်မြေ

ရှိတယ်ဆိုတော့ မပြောနဲ့"

ပိုင်ဇီရှန် က လေးနက်စွာပြောလိုက်သည်

"တကယ်ပဲ

တခြားနည်းလမ်းမရှိတော့ဘူးလား"

"ရှိသေးတယ်" ရှပ်ထုက ဆက်ပြောသည်

“နင်လုပ်ချင်စိတ်ရှိမရှိပေါ်မူတည်တယ်”

ပိုင်ဇိုရှန်က ရုပ်ထုကို မော့ကြည့်လိုက်ရင်း
“ဒါက ဘာလဲ”

ရုပ်ထု က
ခဏမျှတိတ်ဆိတ်သွားပြီးနောက်
ပြန်ဖြေခဲ့သည် “သူနဲ့အတူ အပြန်အလှန်
ကျင့်ကြံပါ”

"ဘယ်လို..." ပိုင်ဇိုရှန် လည်း
အံ့သြသွားသည်။

ရုပ်ထုက “ငါပြောတာတွေကို နင်သိမှာ

သေချာတယ်။ ငါက ယင်နဲ့ယန်တာအိုကို

ကျင့်ကြံတယ်။ ငါ့လမ်းညွှန်မှုတွေကို

လက်ခံချင်တယ်ဆိုရင်

ငါကနင့်ကိုအမြင့်မြတ်ဆုံး ကျင့်ကြံရေး

နည်းစနစ်တစ်ခုပေးနိုင်တယ်။ ဒါဟာ

အပြန်အလှန် ကျင့်ကြံတာပဲ။

သူ့ကိုသုံးရင် သူလည်း အကျိုးရှိမယ်၊

တကယ်တော့ သူ့ခန္ဓာကိုယ်ထဲမှာ

မူလခရမ်းရောင်စွမ်းအင် ရှိနေတော့

သူက ယင်နဲ့ယန် တာအိုကိုကျင့်ကြံဖို့

အသင့်တော်ဆုံးပါ။ ဒါ့အပြင်

သူ့ရဲ့ခန္ဓာကိုယ်က

မူလခရမ်းရောင်စွမ်းအင်နဲ့

သန့်စင်ပေးထားလို့သာမန်လူသားခန္ဓာကို

ယ် မဟုတ်တော့ဘူး။ သူနဲ့အပြန်အလှန်

ကျင့်ကြံရင် နင့်ရဲ့ ခွန်အားတွေ

သိသိသာသာ တိုးလာမယ် လို့ ပြောလို့ရပါတယ်”

ပိုင်ဇီရှန်၏ မျက်နှာက မမြင်နိုင်လောက်အောင် ဖြစ်သွားသည်။

အပြန်အလှန် ကျင့်ကြံရမှာလား … ။

ပိုင်ဇီရှန် က ခေါင်းခါလိုက်ပြီး "ငါ ငြင်းပါတယ်"

ဤအချိန်တွင် ရုပ်ထုက "နင့်ကြည့်ရတာ ယင်နဲ့ယန်တာအို ကို အထင်သေးနေပုံပဲ။ ဘဝဆိုတာ ဘာလဲ သိလား။ ဒါဟာ ခံစားချက်တွေနဲ့ အသက်စွမ်းအင်တွေပါ။ ဒါတွေ

အကုန်လုံးတစ်သားတည်းဖြစ်နေမှပဲ ဘဝဟာ ပြီးပြည့်စုံတယ်။ ဒါ့အပြင် ဒါက ဘာမှ အများအယွင်းမရှိပါဘူး။ ကိုယ်ချစ်ရတဲ့သူတစ်ယောက်နဲ့

တွဲလုပ်နိုင်ရင် ပျော်ရွှင်မှုနဲ့ ခွန်အားတွေ
ပေးစွမ်းနိုင်တယ်။ ဘာ့ကြောင့်
မလုပ်သင့်တာလဲ”

ပိုင်ဇိရှန် က ရုပ်ထုကို ငုံ့ကြည့်ကာ
"အကြီးအကဲ၊ တခြားနည်းလမ်း
မရှိဘူးလား" ဟု မေးလိုက်သည်။

"ရှိတယ်..." ရုပ်ထုက ဆက်ပြောသည်
“သူ့ရဲ့  အရူးစိတ်ကို ဖိနှိပ်ဖို့ ဓားစိတ်ဆန္ဒ

နဲ့ သတ်ဖြတ်ခြင်းစိတ်ဆန္ဒကို

အဆင့်မြှင့်လိုက်။ ဒီလိုနည်းနဲ့ သူက

သတိပြန်လည်လာနိုင်တယ်။

ကံမကောင်းစွာပဲ၊ လက်ရှိနင်က အဲဒါကို

ပြီးမြောက်အောင် မလုပ်နိုင်ဘူး၊

တခြားဘယ်သူမှလည်း

မလုပ်နိုင်ဘူးလို့ပြောရမယ်။

သူကိုယ်တိုင်ပဲ တတ်နိုင်တယ်"

ပိုင်ဇိရှန် က တိတ်ဆိတ်သွားသည်။

ရုပ်ထုက “နင်တို့နှစ်ယောက်

အပြန်အလှန် ကျင့်ကြံရင် သူ့အတွက်

မူလတာအိုအဆင့် ကို ရောက်ဖို့

ဖြစ်နိုင်တယ်။ ဘဝ ဆိုတာ

စိတ်ပိုင်းဆိုင်ရာနဲ့ ရုပ်ပိုင်းဆိုင်ရာ

ပေါင်းစပ်ထားတဲ့ ဘဝတစ်ခုပါ။

လူတွေဟာ စိတ်ပိုင်းဆိုင်ရာနဲ့

ရုပ်ပိုင်းဆိုင်ရာ အကြောင်းကို

အမြဲပြောလေ့ရှိကြတယ်။ တကယ်တော့

နှစ်ခုစလုံးက တန်းတူရည်တူ

အရေးကြီးတယ်။ ယင်နဲ့ယန်တာအို က

အရာခပ်သိမ်းရဲ့ ပြီးပြည့်စုံမှုကို

ရှာဖွေတာ။ နှစ်ယောက်စလုံးက  အဲဒါကို

ကျင့်ကြံမယ်ဆိုရင် သူ့ရဲ့

သဘာဝစွမ်းရည်က

ဉာဏ်အလင်းရသွားမှာသေချာတယ်။

ပြီးတော့ သူ့ကိုယ်ပိုင် တာအိုကို

မြင်နိုင်ဖို့ အလားအလာ

အရမ်းများတယ်။ နင့်အတွက်ကတော့

ဟင်းလင်းပြင်နတ်ဘုရားအဆင့် ကို

တက်လှမ်းဖို့ အခွင့်အရေးရနိုင်တယ်"

ပိုင်ဇီရှန် က ဘာမှ ဂရုမစိုက်ဘဲ

ပြန်ပြောလိုက်သည် "အကြီးအကဲ၊

ဒီနည်းစနစ်ကို လွှဲပေးနိုင်မလား။

သူ့မိန်းမကို ငါပေးလိုက်မယ် ဟုတ်လား"

ရုပ်ထုက “နင်ဒါကို ဘာလို့ ဒီလောက်

ငြင်းဆန်နေရတာလဲ” ဟု မေးသည်။

ပိုင်ဇီရှန် က တိတ်ဆိတ်နေခဲ့သည်။

ရုပ်ထုက “နင်ဟာ

မွေးရာပါယင်ခန္ဓာကိုယ်ကို

ပိုင်ဆိုင်ထားတဲ့အတွက် ငါ့ဂိုဏ်းရဲ့

နည်းစနစ်ကို ကျင့်ကြံရင် ရလာဒ်က

နဂိုထက်နှစ်ဆလောက် ရလိမ့်မယ်"

ပိုင်ဇီရှန်၏ အေးစက်စက်မျက်နှာလေးက

ဤအချိန်တွင် ရှားရှားပါးပါး

နီမြန်းသွားသည် ။ ယန်ယဲ့ကို

လှည့်ကြည့်လိုက်ရင်း

ပုံမှန်အတိုင်းသာဖြစ်နေသည်ကိုမြင်သော

အခါ သူမ၏မျက်နှာက

ပုံမှန်ဖြစ်သွားပါသည်။

ဤအချိန်တွင် ရုပ်ထု၏လက်က
တစ်ချက်လှုပ်သွားကာ
ပိုင်ဇိုရှန်၏နဖူးထဲသို့
အဖြူရောင်အလင်းတန်းတစ်ခု
ရောက်ရှိလာသည်။ ထို့နောက်တွင်
ပိုင်ဇိုရှန်၏စိတ်ထဲသို့
မရေမတွက်နိုင်သော
အချက်အလက်များစွာ
ဝင်ရောက်လာသည်။

ခဏအကြာတွင် ရုပ်ထုက

“ငါနင့်ကိုအတင်းအကြပ်မလုပ်ခိုင်းဘူး။

ယင်ယန်နည်းစနစ်ကို နင့်ရဲ့စိတ်ထဲမှာ

ငါသိမ်းဆည်းထားတယ်။ ကောင်းပြီ၊

နင်ဆုံးဖြတ်ချက်ချပြီးရင် သူနဲ့

အပြန်အလှန် ကျင့်ကြံနိုင်တယ်။

တကယ်လို့ မလိုလားရင်လည်း

မေ့ထားလို့ရတယ်"

ရုပ်ထု က ယန်ယဲ့ကို ရုတ်တရက်
စိုက်ကြည့်ပြီးနောက်
မျက်မှောင်ကြုတ်လိုက်သည်။

ပိုင်ဇီရှန် က "ဒါကဘာလဲ"

ရုပ်ထုက “သူ့ဆီက ထွက်လာတဲ့
အရှိန်အဝါတစ်ခုကို ခံစားရတယ်” ဟု
လေးနက်စွာပြောခဲ့သည်။

ပိုင်ဇိရှန် က "ဘာအရှိန်အဝါလဲ"

ရုပ်ထု က သူမ၏ခေါင်းကိုခါလိုက်ပြီး

"ထာဝရနယ်စပ်မှာ ဝိညာဉ်ဖန်ဆင်းရှင်

ရှိနေဖို့ဆိုတာ မဖြစ်နိုင်ပါဘူး..."

ပိုင်ဇိရှန် က ထပ်မေးချင်နေသော်လည်း

ရုပ်တုက ရုတ်တရက် ပြောလိုက်၏

"မှောင်လာပြီ။ အပြင်မထွက်နဲ့"

ထို့နောက်တွင် ရုပ်ထု၏

မျက်လုံးများသည် တဖြည်းဖြည်း

မှိန်ဖျော့သွားပြီး တိတ်ဆိတ်သွားသည်။

ပိုင်ဇီရှန်၏မျက်နှာက ချက်ချင်း

လေးနက်သွားသည်။ နောက်ပြန်လှည့်ကာ

ဂူပေါက်ဝဆီသို့

အမြန်လျှောက်လာခဲ့သည်။

ဤအခိုက်အတန့်တွင် အလင်းတံခါးက

ငြိမ်သက်နေခဲ့သည်။ ထို့နောက်

၎င်းကိုတစ်ချက်ကြည့်ကာ

မျက်လုံးမှိတ်ထားရင်း

သက်ပြင်းတစ်ချက်ချလိုက်သည်။

ဤအချိန်တွင် ယန်ယဲ့က

ပိုင်ဇီရှန်အနားသို့ လျှောက်လာပြီး

သူမ၏လက်ကို လှမ်းကိုင်လိုက်သည်။

ပိုင်ဇီရှန် က ယန်ယဲ့ကို စိုက်ကြည့်ပြီး
အပြင်ဖက်လှမ်းကြည့်လိုက်သည်။

အပြင်ဖက်ကမ္ဘာသည်
ညကုလားကြီးကျဆင်းနေကာ
ပတ်ဝန်းကျင်တစ်ခုလုံး
တိတ်ဆိတ်သွားသည်။

ဤအချိန်တွင် မြေပြင်သည်
ရုတ်တရက်လှုပ်ခါသွားသည်။

ပိုင်ဇိရှုန်၏မျက်နှာပေါ်တွင်
လေးနက်သော အမူအရာတစ်ခု
ပေါ်လာသည်။

ထို့နောက် ခြေသံများ ကြားလာရသည်။
အသံများ တဖြည်းဖြည်းနှင့်
ပိုကျယ်လာပြီး
နီးကပ်လာသယောင်ထင်ရလေသည်။

ဤအချိန်တွင် ခြေသံများ နှင့်အတူ

တောင်တန်းကြီးသည်

တဆတ်ဆတ်တုန်ခါလာသည်။

ခဏအကြာတွင်တော့ သူတို့ရှေ့၌

ရောမပုံရိပ်ကြီးတစ်ခု ပေါ်လာသည်။

လရောင်အောက်တွင်

၎င်း၏အသွင်အပြင်ကို

ရှင်းရှင်းလင်းလင်း မြင်လိုက်ရသည်။

လူသားမဟုတ်ဘဲ၊ လူသားခန္ဓာကိုယ်နှင့်

နွားဦးခေါင်းပါရှိသော

သတ္တဝါကြီးဖြစ်သည်။

၎င်း၏ဦးခေါင်းပေါ်တွင်

ချွန်ထက်သောချိုနှစ်ချောင်းရှိကာ

မီးလုံးကြီးနှင့်တူသော မျက်လုံးတစ်စုံ၊

မီးသွေးခဲကဲ့သို့ မည်းနက်သော

ခန္ဓာကိုယ်တစ်ခုရှိသည်။ ထို့အပြင်

၎င်းနောက်တွင် အလွန်ရှည်လျားသော

အမြီးတစ်ချောင်းရှိခဲ့သည်။ အမြီးက

တိုင်လုံးတစ်လုံးကဲ့သို့ ထူထဲကာ

ချွန်ထက်သော ဆူးချွန်များဖြင့်

ဖုံးအုပ်ထားသည်။ ခြေလှမ်း

တစ်လှမ်းလှမ်းလိုက်တိုင်း

မြေပြင်လှုပ်ခတ်သွားရသည်။

အနီးပတ်ဝန်းကျင်ရှိ တောင်တန်းများ

လှုပ်ခါသွားကာ ရောမအမြီးကြီးက

မြေပြင်ကို လျှိုမြောင်ကြီးတစ်ခုသဖွယ်
ထက်ပိုင်းခွဲသွားလေသည်။

“မူလနတ်ဆိုး… ” ပိုင်ဇီရှန်က
ရေရွတ်လိုက်ရင်း မျက်နှာပေါ်တွင်
အလွန်လေးနက်သော အမူအရာတစ်ခု
ပေါ်လာခဲ့သည်။

သူတို့ရှေ့က
ရောမသတ္တဝါကြီးဟာရှေးဟောင်းခေတ်
ဦးမှ နတ်ဆိုးတစ်ကောင်ပင်ဖြစ်သည်။

အင်မော်တယ်အိမ်တော် ကဲ့သို့
ထာဝရနယ်စပ်တွင်
လက်ရှိနေထိုင်လျက်ရှိသော
အင်အားစုများအားလုံးဟာ ပြင်ပကနေ
ရောက်လာသူများချည်းသာ။
သို့သော်လည်း

ထာဝရနယ်စပ်၏သမိုင်းကြောင်းကို

အနည်းငယ်သာ သိထားကြသည်။

ထိုအင်အားစုများ ပေါ်ပေါက်မလာခင်

ထာဝရနယ်စပ်၌

ခေတ်တစ်ခေတ်ရှိခဲ့သည်ကိုသာ

သိရှိခဲ့ကြသည်။ ထိုခေတ်က မူလခေတ်

ဟုခေါ်ဆိုသည်။

မူလခေတ် က

စစ်မှန်သောကျင့်ကြံရေးခေတ်ဖြစ်ခဲ့သ

ည်။ ထိုစဉ်က လက်တစ်ဖက်တည်းဖြင့်

ကမ္ဘာကြီးကို လှူပ်ခတ်နိုင်သော

မူလနတ်ဆိုးများ၊

လက်ချောင်းတစ်ချောင်း

ဖြင့် စကြဝဠာများကို ဖျက်ဆီးနိုင်သော

စွမ်းအားရှင်များ၊ ထာဝရစကြာဝဠာမှ

ကောင်းချီးပေးခံရသော

ဝိညာဉ်ဖန်ဆင်းရှင်တစ်ပါး၊
မွေးရာပါခန္ဓာကိုယ်ပိုင်ရှင်များ
အများအပြားရှိခဲ့လေသည်။

တစ်နည်းအားဖြင့် မူလခေတ် သည်
စစ်မှန်သော စွမ်းအားရှင်များနှင့်
ပြည့်နှက်နေသော
ရှေးဟောင်းခေတ်ကြီးဖြစ်ခဲ့သည်။

ကံမကောင်းစွာပဲ၊

မသိသောအကြောင်းတစ်ခုခုကြောင့်

မူလခေတ် သည် ပျက်သုဉ်းသွားခဲ့သည်။

ထိုခေတ် ပျက်သုဉ်းသွားပြီးနောက်

ပေါ်ပေါက်လာမည့်ခေတ်သစ်အတွက်

သမိုင်းကြောင်းများသာချန်ထားနိုင်ခဲ့ကြ

သည်။

လက်ရှိမှာတော့

ထာဝရလျှို့ဝှက်နယ်မြေတွင်

မူလခေတ်၏ နတ်ဆိုးတစ်ကောင်
ပေါ်လာခဲ့သည်။

မူလနတ်ဆိုးကြီးက အဝေးကနေ
ခြေတစ်လှမ်းချင်း လျှောက်လာခဲ့သည်။

မူလနတ်ဆိုးက ရုတ်တရက်ဆိုသလိုပင်
ရက်တန့်သွားသည်။ ထို့နောက်
သူတို့ဖက်ကို လှည့်ကြည့်ကာ “ဝိညာဉ်...”

ပိုင်ဇိရှန်၏ အမူအရာက သိသိသာသာ

ပြောင်းလဲသွားသည်။

ဤအတောအတွင်း ယန်ယွဲ့က ပိုင်ဇိရှန်ကို

နောက်ဆွဲခေါ်လိုက်ပြီး

သူ၏အနက်ရောင်ဓားကို ဆုပ်ကိုင်လျက်

ရှေ့တိုးသွားသည်။

တစ်ချိန်တည်းမှာပဲ မူလနတ်ဆိုးက

တောင်ထိပ်ပေါ်ကို

ရောမလက်သီးကြီးဖြင့်

ထိုးချလိုက်သည်။

ဘုန်း....

မိုးထိအောင် မြင့်မားလှသော

တောင်တန်းသည် ချက်ချင်းပင်

အမှုန့်အဖြစ်သို့ ပြောင်းလဲသွားသည်။

ထိုနေရာသည် မြေပြန့်ကြီး
ဖြစ်သွားခဲ့လေပြီ။

မူလနတ်ဆိုး၏ လက်သီးချက်ကြောင့်
ယန်ယွဲ့၏ပုံရိပ်က ထူးဆန်းစွာ
အသွင်ပြောင်းလာသည်။ ထို့နောက်
သူ့ဓားကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ပြီး
ရှေ့သို့ပိုင်းချလိုက်သည်။

အနန္တဓားနယ်မြေ...

အရှုံးဆန္ဒ သာမကဘဲ

သေလွန်သူဝိညာဉ်များဖြင့်ပါ

ပေါင်းစပ်ထားသဖြင့်

ယန်ယွဲ့၏ဓားပိုင်းချက်ဟာ

အလွန်ကိုကြောက်စရာကောင်းလှသည်။

သူသည် အန္တရာယ်ကို

သတိပြုမိလိုက်သောကြောင့်

ခွန်အားအပြည့်သုံးပြီးတိုက်ခိုက်ခဲ့သည်။

ဘမ်း...

ပေါက်ကွဲသံ ထွက်ပေါ်လာပြီးနောက်

နှစ်ယောက်စလုံး

လွင့်ထွက်သွားကြသည်။

ယန်ယွဲ့၏ဓားချက်က လေထဲမှာ

ကွဲကြေသွားသည်။ မရေမတွက်နိုင်သော

သေလွန်သူဝိညာဉ်များက

သူ့ခန္ဓာကိုယ်ထဲကို
ချက်ချင်းပြန်ဝင်လာသည်။
တစ်ချိန်တည်းမှာပင်
ယန်ယဲ့၏ခန္ဓာကိုယ်သည်
တစ်လက်မချင်းစီ ကွဲအက်လာသည်။

ဤအချိန်တွင် မူလနတ်ဆိုးက
ရုတ်တရက်ဆိုသလိုပင် ရှေ့သို့
ခြေတစ်လှမ်းတိုးလာပြီးနောက်

လက်သီးဖြင့်

ထပ်မံထိုးချလိုက်လေသည်။

ပိုင်ဇိရှန်၏ မျက်နှာသည်

ချက်ချင်းဖြူဖျော့သွားသည်။

သို့သော်လည်း သိပ်မကြာဘဲ

သူမ၏မျက်လုံးထဲမှ

ရက်စက်သောအလင်းရောင်များ

လင်းလက်လာသည်။

ဒီအချိန်မှာ ပိုင်ဇိရှန်က သူမ၏အသက်ကို

စတေးပြီး

တိုက်ခိုက်ရန်ပြင်လိုက်တော့သည်။

သို့သော်လည်း လက်တစ်ဖက်က

သူမ၏ပခုံးကို ဖိကာ ပုံရိပ်တစ်ခုက

ရှေ့သို့ပြေးထွက်သွားသည်။

ယန်ယွဲ့...

ပိုင်ဇိုရှန်လည်း အံ့သြသွားသည်။

ဤအချိန်တွင် ယန်ယဲ့သည်

အလင်းတန်းတစ်ခုသဖွယ် ပြောင်းလဲကာ

လေထဲသို့လွင့်မျောသွားသည်။

ပိုင်ဇိုရှန်က ခဏကြာ အံ့အားသွားပြီးမှ

"နင့်

စိတ်တွေ လုံးလုံးလွတ်သွားပြီလား..."

Translated By NyiNyiSoe